ဗုဒ္ဓစာပေဆုရ

ဒေါက်တာချစ်ငယ်(ဒဿန)

ဓံပဒသုတ္တာကားဇုတ်ဂျာတ်

အခြေခံ အချက်အလက်များ

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

●●●●●●●●●

ပြည်သူ့ဆန္ဒသဘောထား

* တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
* ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
* ဆူပူအကြမ်းဖက်မှုကို မလိုလား။
* ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

●●●●●●●●●

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ပွဲစည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

●●●●●●●●●

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး။

●●●●●●●●●

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြွရှင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပုံနှိပ် မှတ်တမ်း

အကြိမ်	-	ပထမအကြိမ်
မျက်နှာပုံးဒီဇိုင်း	-	မျိုး
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၂၀၀၀ ကျပ်
ထုတ်ဝေသူ	-	မျိုးမျိုးလတ် (ရွှေခေတ်စာပေ) အမှတ် (၂၁)၊ ဒါနလမ်း၊ သာယာကုန်း၊ မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်မြို့။
မျက်နှာပုံးနှင့်အတွင်းပုံနှိပ်	-	ဦးစွန့်ကော်ယူ (မာကျူရီပုံနှိပ်တိုက်) အမှတ် (၄၉)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပြန်ချိန်ရေး	-	မြတ်စာပေ ဖုန်း - ၀၉ ၅၁၃၆၃၁၁ chitngephilo@chitnge.com www.chitnge.com

ချစ်ငယ် ၊ ဒေါက်တာ (ဒဿန) ၂၁၅

ဝိပဿနာအားထုတ်ရန် အခြေခံအချက်အလက်များ/
ဒေါက်တာချစ်ငယ် (ဒဿန)။ - ရန်ကုန် ၊
ရွှေခေတ်စာပေ ၊ ၂၀၁၄ ။
၂၈၄ - စာ၊ ၁၉. ၇ × ၁၃. ၅ စင်တီ ။
(၁) ဝိပဿနာအားထုတ်ရန် အခြေခံအချက်အလက်များ

ဝိပဿနာအားထုတ်ရန်

အခြေခံအချက်အလက်များ

ဗုဒ္ဓစာပေဆုရ
ဒေါက်တာချစ်ငယ်
(ဒဿန)

M.A, Ph.D
(Philosophy in Religious Sciences)
London

J20219

★ မာတိကာ

အကြောင်းအရာ စာမျက်နှာ

◆ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင် ၇

တရားလက်တွေ့ထိုင်ကြည့်ကြရအောင် ၂၇

◆ သေခြင်းတရားကို ရင်ဆိုင်သောအခါ ၅၇

◆ ကမ္ဘာက ကျွန်တော်တို့ရရှိထားတဲ့

သီလ၊ သမာဓိ၊ ပညာကို မရရှိနိုင်ဘူး ၉၇

◆ နိဗ္ဗာန်သည် အမှန်ရှိပါသည် ၁၁၅

◆ ပုထုဇဉ်နှင့် အရိယာကွဲပြားခြားနားပုံ ၂၃၇

ဘဝအာမခံချက် ၂၆၃

◆ အရိယာ သိသာနိုင်ပါ့မလား ၂၆၇

အရိယာ ဘယ်လိုဖြစ်မလဲ ၂၅၁

◆ တရားအားထုတ်ခြင်းနှင့် အကြားအမြင် ၂၅၅

အမှာစာ

ဗုဒ္ဓဘာသာ တော်တော်များများ ဝိပဿနာတရား အားထုတ်လိုကြသည်။ သို့သော် လက်တွေ့ဌာ်မှု အားထုတ်ဖြစ်ခဲသည်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်ပြယ်လေ့ရှိတတ်သည်။ စားဝတ်နေရေး ပြဿနာများ လှုပ်ရှားရုန်းကန်ရင်းနှင့် အချိန်ပေးရသည် များသောကြောင့် ဝိပဿနာတရား အားထုတ်ရန် အလှည့်မပေးနိုင်ချေ။

ဤကဲ့သို့ ဖြစ်နေချိန်တွင် ဝိဿနာအားထုတ်ရာ၌ လိုလားအပ်သော အခြေခံအချက်အလက်များကို လေ့လာသိရှိထားလျှင် နောင်တစ်ချိန် ဝိပဿနာ အားထုတ်သော အခါ အဆင်သင့် ဖြစ်နိုင်လိမ့်မည်ဟု ယုံကြည်မျှော်မှန်းသည်။

ထို့ကြောင့် ဝိပဿနာအားထုတ်ရာ၌ သဲသင့်သဲထုတ်သော၊ ပြင်ဆင်အပ်သော အခြေခံ အချက်အလက်များကို ရေးသားဖော်ပြလိုက်ပါသည်။

မိမိကိုယ်တိုင် နှစ်ပေါင်းများစွာ ကျင့်ကြံအားထုတ်လက်တွေ့ အလုပ်လုပ်ခဲ့ဖူးသောကြောင့်လည်းကောင်း၊ ဆရာကောင်း ဆရာမြတ်ထံ တပည့်ခံ၍ ကျင့်ကြံနည်းများကို သင်ယူလေ့လာ ဆည်းပူးခဲ့သောကြောင့် လည်းကောင်း ဤကဲ့သို့သော ဝိပဿနာဆိုင်ရာ အခြေခံအချက်အလက်များကို ရေးသားနိုင်စွမ်းရှိခြင်း ဖြစ်သည်။

ဝိပဿနာကို စိတ်ဝင်စားသော ပုဂ္ဂိုလ်များနှင့် တရားဓမ္မ ကျင့်လိုသော ပုဂ္ဂိုလ်များအတွက် အထူးအကူအညီ အထောက်အပံ့ ရမည်ဟု ယုံကြည်မိပါသည်။ မိမိကိုယ်တိုင်လည်း ကျင့်ခဲ့၊ ကြံခဲ့၊ အားထုတ်ခဲ့ဖူးသောကြောင့် လက်တွေ့ကျင့်ကြံရာ၌ လိုအပ်သည့် အခြေခံအချက်များကို တော်တော်များများ ဖွင့်ဟရေးသားဖော်ပြထားပါသည်။

ဗုဒ္ဓဘာသာများ စိတ်ဝင်စားစွာ ဖတ်ရှုလေ့လာနိုင်ကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ အမှန်တကယ် လက်တွေ့ ဆန်းစစ် စစ်တမ်းထုတ်ပြီးသား ကျင့်စဉ်များနှင့် ပတ်သက်သောကြောင့် ယခုတင်ပြချက်များသည် မှန်းဆချက်များ မဟုတ်ဘဲ ဝိပဿနာဆိုင်ရာ ဥပဒေသများအဖြစ် ရပ်တည်လိမ့်မည်ဟု ယုံကြည်မိပါသည်။

(**မှတ်ချက်** ။ ။ ဤစာအုပ်ပါ ဖော်ပြချက်များ ဟာ သိပ္ပံစကားနဲ့ ပြောရရင် (Hypothetical) ဘက်မှာ မရှိပါဘူး၊ (Law) ရှိပါတယ်လို့ တင်ပြလိုပါတယ်။ ဘာလို့လဲ ဆိုတော့ လက်တွေ့မစမ်းသပ်ခင် မှန်းဆတဲ့ မှန်းဆချက် သက်သက် မဟုတ်တော့ပါဘူး။ မှန်းဆချက် မဟုတ်တော့ ဘဲ သဘောတရားရေးရာကို လက်တွေ့နှင့် လေ့ကျင့်၊ စမ်းသပ်၊ သုတေသနပြုပြီးသား၊ အဖြေရလဒ် အမှန်ထွက် ပြီးသား ဆိုတဲ့ သဘောဘက်ကို ယူနိုင်လို့ (Law) ဘက်ကို ရောက်သွားတဲ့အကြောင်း သတင်းကောင်း ပေးရခြင်း ဖြစ်ပါတယ်။)

ထို့ကြောင့် သစ္စာဝါဒီများ ဝိပဿနာအားထုတ်**ရာ၌ နှလုံးသွင်းနိုင်စိမ့်သောဌါ** အခြေခံအချက်အလက်**များကို** တစ်စုတစ်စည်း တင်ပြပေးထားရာ ဗုဒ္ဓဘာသာ သူတော်စင်တို့ ဝမ်းပန်းတသာ နှစ်ခြိုက်စွာနှင့် ဂုဏ်ယူစွာ ဖတ်ရှုလေ့လာ ကျင့်သုံးဆောက်တည် နိုင်ကြတော့မည် ဖြစ်ကြောင်း သတင်းကောင်းပေးအပ်ပါသည်။

ဗုဒ္ဓစာပေဆုရ
ဒေါက်တာချစ်ငယ် (ဒဿန)

ဝိပဿနာအားထုတ်ရန်
အခြေခံ အချက်အလက်များ

အပိုင်း (၁)

စာဖတ်ပရိသတ်ကြီးက ဝိပဿနာတရားကို စိတ်ဝင်စားတယ်ဆိုတာ စဉ်းစားမိလို့၊ ဒီလိုဆိုရင်လည်း တရားကျင့်စဉ်ကို ပြောပြမယ်လို့ စိတ်ကူးရတာနဲ့ ဒီစာလေးတွေကို ရေးလိုက်တာပါ။

ဒီတော့ လက်တွေ့ တရားအားထုတ်ချင်ရင် ပြောပြပေးပါ့မယ်။ ရှေးဦးစွာ အောက်ပါ အချက်အလက်လေးတွေကို ဂရုစိုက်ပေးပါ။

၁။ တရားက ရှုတာပါ၊ မှတ်တာ မဟုတ်ဘူး။

ဒါလေးကို မှန်မှန်ကန်ကန်လေး သုံးပေးပါ။ တရားအားထုတ်ရင် ရှုတာပဲ၊ တရားမှတ်တာ မဟုတ်ဘူး။ မှတ်တယ် ဆိုတာကို အသေးစိတ် ရှင်းရရင် သညာကွန္ဓာ ဆိုတော့ စိတ်ရဲ့အလုပ်။ စိတ်ဆိုတာက မဟားများအပ်ဘူး။ သူက နောက်ပိုင်းမှာ အရှုခံတရား ဖြစ်လာမှာ။ ဒီတော့ ရှုတဲ့တရား မဟုတ်ဘူး၊ အဲဒါကြောင့် တရားကို မှတ်တယ်လို့ မသုံးဘဲနဲ့ ရှုတယ်လို့ သုံးပေးပါ။ (အကျယ်ကို နောက်ပိုင်းတွင် ရှင်းပြပါမည်။)

တရားက ရှုရတာပါ၊ မှတ်ရတာ မဟုတ်ပါဘူး၊ ဒါကြောင့် မိုးကုတ်ဆရာတော် ဘုရားကြီးက ခန္ဓာဥာဏ်ရောက်လို့ မိန့်တော်မူတာ သိပ်မှန်တာပဲ။ တရားက ရှုတယ်လို့ ဖြစ်ရမယ်။

၂။ လောကီက (၃၁) ဘုံ ပျက်တယ်လို့ သဘောပေါက်ထားပါ။

လောကုတ္တရာဆိုတာ အပျက်မှ လွန်ရာ၊ နိဗ္ဗာန်၊ အရိယာတို့ရဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်လို့ သဘောပေါက်ထားပါ။

၃။ ဝိပဿနာကို နားလည်တဲ့သူက အသိပညာ ပေးရတယ်၊ ကိုယ့်ဘာသာ ကျင့်လို့ မရဘူး၊ ကိုယ့်ဘာသာ ကျင့်ရင် သမထ ဖြစ်သွားတယ်။

ဒီတော့ နားလည်တဲ့သူက အသိပညာ အကျိုးအကြောင်း ပေးရတယ်။ (ဒါကတော့ သိပ် ပြဿနာ မရှိပါဘူး၊ တကယ်လို့ လိုအပ်ရင် ကျွန်တော်ကိုယ်တိုင် တာဝန်ယူပြီး ဆောင်ရွက်ပေးပါ့မယ်)

၄။ ဒီဘဝ ဒီခေတ်မှာ တရားမရနိုင်ဘူးလို့ ဘေးကဿဇာအာဏာလည်း နည်းနည်းရှိတဲ့ ပုဂ္ဂိုလ်တွေက ဇွတ်ပြောနေတယ်။ သူတို့က ကျင့်လည်း မကျင့်ဘူး၊ ကျင့်တဲ့လူတွေလည်း တရားမရဘူး၊ မရနိုင်ဘူးလို့ဇွတ်ပြောနေတယ်။ ဒါကို မယုံပါနဲ့၊ နည်းနည်းမှကို မယုံပါနဲ့၊ နည်းနည်းမှ လက်မခံပါနဲ့။

တရားက ရတာပေါ့၊ သူတို့က ကျင့်မှမကျင့်တာ။ သူတို့က ဘယ်တော့မှလည်းကျင့်မှာမဟုတ်ဘူး၊ ဒါကြောင့် သူတို့က ဘယ်တော့မှလည်း ရမှာမဟုတ်ဘူး။ နောက် တရားကို သူတို့က ပိတ်နေတဲ့အတွက်၊ သူတို့လည်း ပိတ်မှာပဲ။

သာသနာအတွင်းကြီးကို တရားမရဘူးလို့ သူတို့မို့ ပြောရဲ၊ ပြောရက်တယ်။ ဒါကတော့ သူတို့လုံးဝမှားတယ်၊

ကျွန်တော်က ဆန့်ကျင်ဘက် သာဓကပဲ၊ ကျွန်တော်က တရားကျင့်ပြီးပြီ၊ သဘောပေါက်လို့ ပြောတာပါ။

နောက်ပြီး တရားဗဟုသုတရှိတယ်လို့ ထင်ရတဲ့ ပုဂ္ဂိုလ်တွေက ပြောနေကြတာက ခက်တာပဲ။ မတတ်တဲ့ သူကပြောရင် ဘာမှကိစ္စမရှိဘူး။ တရားဗဟုသုတ ရှိတယ်လို့ ထင်ရတဲ့ပုဂ္ဂိုလ်တွေက ဒီဘဝ တရားမရနိုင်ဘူး၊ ဝေလာဝေး၊ ဘာညာနဲ့ ပြောနေကြတာ၊ တကယ်တော့ သူတို့လည်း မကျင့်ဘူး။ မကျင့်တော့ သူတို့ ဘယ်တော့မှလည်း ရမှာမဟုတ်ဘူး။ ဒီတော့ ဒီလိုပြောတာတွေကို မယုံပါနဲ့၊ လုံးဝကို လက်မခံမှုကို ဖြစ်မှာပါ။ ဒီလို လူတန်းစားဆိုရင် ဆက်မဆွေးနွေးပါနဲ့၊ ကိုယ့်အတွက် အနှောင့်အယှက် ဖြစ်ပါမယ်။

အထက်ပါ အချက်အလက်လေးတွေကို အခြေခံ အားဖြင့် နည်းနည်း ဆင်ခြင်သုံးသပ်ပေးပါ။ တရားရှုဖို့ အတွက်က ကျွန်တော်လည်း ရှိပါတယ်၊ ကူညီမှာပါ။ တရားရှုချင်တယ်ဆိုတာ တကယ် ကိုယ်က ခံစားရရင် လောကကြီးမှာ **'ကျွမ်းကျင်ရာ လိမ္မာ'** ကိုယ်လေ့လာရင် ကိုယ်ရတာပါပဲ။

ကျွန်တော် မကြာခဏ ပြောလေ့ရှိတယ်၊ ဘောလုံးသမားတွေလည်း သူတို့လေ့လာတော့ သူတို့တော်တာပဲ။ ဒါကို ကျွန်တော်တို့က အသိအမှတ်ပြုရမယ်။ သိုင်းသမား

တွေ့လည်း ဒီလိုပဲ၊ သူတို့လေ့ကျင့်ရင် သူတို့တော်တ၀ပဲ။ ဒီလိုပဲ ကျွန်တော်တို့ ဝိပဿနာသမားတွေက လေ့ကျင့်ရင် တော်ပါတယ်၊ ဒါက သဘာ၀ပါပဲ။

ဒီတော့ ကျွန်တော် ကူညီပါ့မယ်၊ တရားကို စိတ်၀င်စားတယ်ဆိုရင် ၀မ်းသာပါတယ်။ ဖော်ပြပါ အချက်အလက်လေးတွေကိုတော့ ဂရုစိုက်ပေးပါ။ ဒီထက်လည်း ကျွန်တော် ပြောပြနိုင်ပါသေးတယ်။

သို့သော်လည်း ဒီလောက်က အခြေခံကို ပြောတာပါ။ ဝိပဿနာမှာ ကိုယ့်ဘာသာ ကျင့်လို့ မရဘူးဆိုတာကတော့ အမှန်ပါပဲ။ ကိုယ့်ဘာသာကျင့်ရင် သမထဖြစ်သွားတယ်။ နားလည်တဲ့ ပုဂ္ဂိုလ်က ဝိပဿနာဆိုတာ 'ဒီလို' 'ဒီလို' ဆိုပြီး အရိယာရဲ့ ဉာဏ်မျက်လုံးပုံစံမျိုး၊ အရိယာတွေ ခံစားရတာမျိုးတွေ ပြောလိုက်မှ သူကပွင့်သွားတာကိုး။ ဒါလည်း ကျွန်တော် နားလည်ပါတယ်။ ပြီးတော့ ကျွန်တော်က တာ၀နယ်ယူနိုင်တာတွေလည်း ယူပေးမယ်။

ဒါပေမယ့် **'တရားမှတ်တယ်' 'မှတ်တယ်'** ဆိုတဲ့ အသုံးအနှုန်းလေးတွေကိုတော့ ပြင်ပေးပါ။ မှတ်တယ်ဆိုတော့ ကိုယ်က လာဘ်ပိတ်နေတယ်၊ သညာကွန်ရာသဘော 'စိတ်' ဖြစ်နေတယ်။ အမှန်က နောက်ပိုင်းကျရင် စိတ်က ချုပ်ငြိမ်းစေရတာ၊ ဉာဏ်ပညာက ပွားစေရတာ။

ဒေါက်တာချစ်ငယ် (ဒဿန)

မိုးကုတ်ဆရာတော်ဘုရားကြီးက အမှန်ကန်ဆုံးပါပဲ 'ခန္ဓာဉာဏ်ရောက်'ဆိုတာ။ နောက် ပေးတယ်ဆိုတာ ကလည်း အရိယာ ဉာဏ်မျက်လုံးနဲ့ တပ်လိုက်မှ ရုပ်နာမ်ကို အရိယာလို မြင်လာတာကိုး၊ နို့မို့ဆိုရင် ပုထုဇဉ်လိုပဲ ကြည့်တတ်လို့ပါ။

လောကီနဲ့ လောကုတ္တရာ၊ (၃၁)ဘုံနဲ့ နိဗ္ဗာန် အရိယာတို့ရဲ့ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ စတာတွေဟာ ဓာတ်သဘာဝချင်း မတူပါဘူး။ သခ်ၨတဓာတ်နဲ့ အသခ်ၨတဓာတ် ဖြစ်ပါတယ်။ ဒါတွေကို ကွဲပြားစေချင်တယ်၊ ဒါတွေ အခြေခံရပြီဆိုရင် ရှေ့တက်တာပေါ့။ ကျွန်တော် ဆက်လက်ပြီး ကူညီပါ့မယ်။

အပိုင်း (၂)

ဝိပဿနာတရား အားထုတ်လိုသော သစ္စာဝါဒီများ အထက်ပါ အချက်ကြီးများကို သဘောပေါက်သော အခါ အောက်ပါ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင်ကို ဝင်ရမည် ဖြစ်သည်။

လက်တွေ့ကျင့်စဉ်လုပ်ငန်းခွင် အစီအစဉ်မှာ . .

(၁) ရူပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို မြတ်စွာဘုရားကို လျှုရန်ဖြစ်သည်။

သစ္စာဝါဒီတစ်ဦးသည် တရားထိုင်ခါနီးတွင် ရူပ်နာမ် နှစ်ပါး ခန္ဓာငါးပါးကို မြတ်စွာဘုရားထံ လျှုရသည်။

ရုပ်နာမ်နှစ်ပါးကို ဘုရားအား လျှူရသည်။ ထိုသို့ လျှူသော အခါ ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ မိမိ၏ရုပ်နာမ်သည် ဘုရားကို လျှူထားသောကြောင့် မိမိမပိုင်သဖြင့် မိမိ တွေးချင်ရာ မတွေးရတော့ပါ။ (နံပါတ်တစ်ကို ရေလည်အောင် လေ့ကျင့်ပါ။)

တရားထိုင်ရန် အနေအထားမှာ ကန့်သတ်ချက် အတိအကျ မပေးပါ။ ဒုံးတုပ်လိုက တုပ်၊ တင်ပျဉ်ခွေလိုက ခွေ၊ မျက်စိလေးမှိတ်၍ မြတ်စွာဘုရားကို ရုပ်နာမ်နှစ်ပါး လျှူလိုက်ပါ။

အဓိပ္ပာယ်မှာ မြတ်စွာဘုရားကို ရုပ်နာမ်လျှူလိုက်ပြီလို့ မိမိကိုယ်ကိုယ် နားလည်သဖြင့် တွေးချင်ရာ မတွေးရပါ။ မိမိ မပိုင်သောကြောင့် မိမိတွေးချင်ရာမျှားကို မတွေးရပါ။ မြတ်စွာဘုရားကို ကြည်ညိုလေးစားရပါလိမ့်မည်။ ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ ထိုသို့ မိမိကိုယ်ကိုယ် ပြင်ဆင်ပါ။ မိမိတွေးချင်ရာတွေကို မတွေးရပါ။

မတော်တဆ စိတ်မှတ်မဲ့ တွေးမိလျှင် ချက်ချင်း ပြန်လည်၍ ရုပ်သိမ်းကာ **'မိမိကိုယ်ကိုယ် မိမိမပိုင်၊ မြတ်စွာဘုရားကို လျှူဒါန်းပြီးပြီဖြစ်၍ မိမိတွေးချင်ရာ မျှား မတွေးပါ'** ဟု မိမိကိုယ်ကိုယ် ထပ်မံ၍ သတိချပ်ပါ။ ဆုံးဖြတ်ပါ၊ အဓိဋ္ဌာန်ပြုပါ။ ယင်းကား ပထမအချက် ဖြစ်ပါသည်။

ထိုအချက်ကို ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ ရပြီးသောအခါ ဒုတိယအဆင့်သို့ ပြောင်းပါမည်။

(၂) မြတ်စွာဘုရားကို ရုပ်နာမ်နှစ်ပါး လျှပြီးသောအခါ ဒီရုပ်နာမ်ကြီးကို မိမိ ဆင်ခြင်လိုက်ပါ၊ ပြန်ကြည့်လိုက်ပါ။

ရုပ်နာမ်ကြီးသည် စက်ယန္တရားကြီးသဖွယ် ရှိနေသည်ဟု သဘောပေါက်ရမည်။ ဤခန္ဓာကိုယ်ကြီးသည် ဝင်လေရှိသည်၊ ထွက်လေရှိသည်၊ ထို့ကြောင့် စက်ယန္တရားကြီးတစ်မျိုးပါပဲဟု မိမိကိုယ်ကိုယ် သဘောပေါက်လိုက်ပါ။ ဝင်လေရှိတယ်၊ ထို့နောက် ထွက်လေရှိတယ်။ သတိယှဉ်ပါ၊ ထွက်လေရှိပြီးတဲ့နောက် ဝင်လေမရှိလျှင် သို့မဟုတ် ဝင်လေရှိပြီးနောက် မထွက်တော့လျှင် ခန္ဓာကိုယ် ဆက်လက်ရှင်သန်ဖို့ အခက်အခဲ ဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့် မိမိသည် သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဤခန္ဓာကြီးသည် စက်ယန္တရားကြီးသဖွယ် အလုပ်လုပ်နေသည်ဟု သဘောပေါက်ပါ။ ယင်းကား နံပါတ်နှစ်ဖြစ်ပါသည်။

ထိုသို့သဘောပေါက်မှု ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ ကျင့်သုံးဆောက်တည် နှလုံးသွင်းပါ။ တစ်ဆင့်ပြီးတစ်ဆင့် တက်ရမည်ဖြစ်၍ စောစောပိုင်း အဆင့်များကို ကျွမ်းကျင်၊ ပိုင်နိုင်၊ သဘောပေါက်၊ နားလည်မှ နောက်အဆင့်များကို

တက်ရမည် ဖြစ်သည်။ ထို့ကြောင့် (၁)နှင့်(၂)ကို ရှေးဦးစွာ ကျင့်ပါ။

(၁) မြတ်စွာဘုရားကို ရုပ်နာမ် နှစ်ပါးလျှုပါ။

(၂) ဒီဓနွာကိုယ်ကြီးကို စက်ယန္တရားကြီးသဖွယ် လှုပ်ရှားနေသည်ဟု သဘောပေါက်ပါ။

ယင်းကား (၁) နှင့် (၂) အခြေခံအချက် ဖြစ်ပါသည်။ ဤနှစ်ချက် ပိုင်နိုင်သောအခါ ရှေ့ဆက်တက်ပေးပါမည်။ ကြိုးစားကြည့်ပါ။

အပိုင်း (၃)

ယခင်ဖော်ပြပါ အချက်အလက်များကို ကျွမ်းကျင်နိုင်နင်းစွာ ရေရေလည်လည် သဘောပေါက် ဘဝင်ကျပြီးနောက် အောက်ပါ အချက်အလက်များကို ဆက်လက်၍ ဝင်စားဆင်ခြင်ရန် ဖြစ်ပါသည်။

(၁) ရရှိထားသော ရုပ်နာမ်သည် အကျိုးတရားကြီးဟု ယူဆရမည်။

ဤရုပ်နာမ်ကြီးသည် အကြောင်းမဲ့ ဖြစ်ပေါ်လာခြင်း မဟုတ်ချေ။ မြတ်စွာဘုရား၏ တရားတော်အရ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဖြစ်ရပ်တို့သည် အကြောင်းရင်း

ဒေါက်တာချစ်ငယ် (ဒဿန)

ရှိကုန်၏ ဟူ၍ အဆို အဆုံးအမရှိရာ ဤရုပ်နာမ်ကြီးအား အကျိုးတရားဟု ယူရမည်။ ဤရုပ်နာမ် ဖြစ်ပေါ်လာအောင် အကြောင်းခံခဲ့သောကြောင့် ယခု အကျိုးတရားအဖြစ် ရုပ်နာမ်ကြီးရသည်ဟု ယူရမည်။

ထို့ကြောင့် မိမိရရှိထားသော ရုပ်နာမ်ကြီးသည် အကျိုးတရား ရုပ်နာမ်ကြီးပေတည်းဟု သုံးသပ်နားလည်နိုင်ရမည်။ အကြောင်းမဲ့ ဖြစ်ပေါ်လာသော ရုပ်နာမ်ကြီးမဟုတ်ချေ။ အကြောင်းအမျိုးမျိုးကြောင့် အတိတ်က အကြောင်းခံခဲ့သလို အကျိုးတရားအဖြစ် ရရှိထားသော ရုပ်နာမ်ဖြစ်သည်။ ဤသို့ နှလုံးသွင်းရမည်။ ဤသို့ နှလုံးသွင်းသည်မှာ ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ နှလုံးသွင်းရန် ဖြစ်သည်။

အဓိကမှာ ဤရရှိထားသော ရုပ်နာမ်ကြီးသည် အကြောင်းမဲ့ ဖြစ်ပေါ်လာခြင်း မဟုတ်၊ အတိတ်က အကြောင်းခံသဖြင့် အကျိုးရရှိလာခြင်း ဖြစ်သည်ဟု သဘောပေါက်ရမည်။ ထို့ကြောင့် အတိတ်ဖြစ်ရပ်များကိုမူ ဥပေက္ခာပြုရမည်။ အဘယ်ကြောင့်ဆိုသော် အတိတ်သည် ပြန်ပြင်၍ မရနိုင်တော့ချေ။ ပစ္စုပ္ပန်လုပ်ဆောင်စရာ ရှိသည်များကိုသာ လုပ်ဆောင်ရန် ရှိသည်။ ထို့ကြောင့် အတိတ်နှင့် ပတ်သက်၍ ထားခဲ့ရမည်။ **ပစ္စုပ္ပန်၌ မိမိ ဘာလုပ်ရမည်နည်း ဟူသည်ကိုသာ ဝင်စားရမည်။**

အရေးကြီးသည်မှာ ဤရရှိထားသော ရုပ်နာမ်ကြီးသည် အကြောင်းကြောင့် အကျိုးဖြစ်လာသော ရုပ်နာမ်ကြီး ဖြစ်သည်။

ဤရရှိထားသော ရုပ်နာမ်ကြီးသည် အကြောင်းမဲ့ဖြစ်ပေါ်လာခြင်း မဟုတ်ဟူ၍ သဘောပေါက် နားလည်ခံယူရမည်။ ဤသို့လျှင် ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ ဝင်စားဆင်ခြင် နှလုံးသွင်းရပေလိမ့်မည်။ ဤအချက်အလက်များကို ပိုင်နိုင်မှသာလျှင် ဝိပဿနာစစ်စစ်ကို ကျင့်ကြံအားထုတ်နိုင်ပေလိမ့်မည်။

သို့မဟုတ်ပါက ဝိပဿနာ ကျင့်သုံးဆောက်တည်ရာ၌ လမ်းလွဲတတသည်၊ နှလုံးသွင်း မှားတတသည်။ ထို့ကြောင့် အခြေခံ အရေးကြီးသော အချက်အလက်များကို စနစ်တကျနှင့် သေသေချာချာ ဂယနဏ တင်ပြပေးနေခြင်း ဖြစ်သည်။ ဤအချက်အလက်များကို ကောင်းစွာ ပိုင်နိုင်စွာ သဘောပေါက်ရန်နှင့် ရေရေလည်လည် နားလည်ကာ ဘဝင်ကျရန် လိုအပ်ပါသည်။

ထိုသို့ နားလည် ဘဝင်ကျပြီးသောအခါ ရှေ့လျှောက် လုပ်ရမည့် လုပ်ငန်းသည် လွယ်ကူလာပါလိမ့်မည်။ **'ကြောင်းကျိုးသိလျှင် ဒိဋ္ဌိသေသည်'** ဟူသော စကားရှိသည်။ တရားအားထုတ်သောအခါ ဒိဋ္ဌိများ လျှော့နည်း၊ ပါးလျ၊ ကုန်ဆုံး၊ ချုပ်ငြိမ်းအပ်လေသည်။

ထို့ကြောင့် ဒိဋ္ဌိများ လျှော့နည်း၊ ပါးလျ၊ ကုန်ဆုံး၊ ချုပ်ငြိမ်းအောင် အကြောင်းကြောင့် အကျိုးဖြစ်သည်ဟု ဆင်ခြင်ရသည်။ အကြောင်းခံသဖြင့် အကျိုးဖြစ်သည်။ (၃၁)ဘုံ၌ ဖြစ်ရသည်မှာ အကြောင်းအကျိုး ဆက်သွယ်လျက် ဖြစ်ပေါ်ရခြင်း ဖြစ်သည်။

ဖြစ်ရပ်တို့သည် အကြောင်းခံတရား ရှိကြသည်သာ ဖြစ်သည်။ ကြောင်းကျိုးကင်းမဲ့သော အရာသည် ဤလောက၌ မရှိချေ။ ဤကား ဗုဒ္ဓဝါဒ၏ အဆုံးအမ ပေတည်း။ ထို့ကြောင့် ပြီးခဲ့သောသင်ခန်းစာများကို ပိုင်နိုင်ရန်မှာမူ ဝိပဿနာ အားထုတ်လိုသော သစ္စာဝါဒီတို့၏ တာဝန်ဖြစ်ကြောင်း သတိပေးလိုပါသည်။

အပိုင်း (၄)

သစ္စာရှာမှီးသူများ သို့မဟုတ် သစ္စာဝါဒီများ ဖော်ပြပါ အကြောင်းအချက်များကိုတော့ ရေရေလည်လည် သဘောပေါက်ပြီလို့ ယူဆပါတယ်။

ဒါကြောင့် အောက်ပါ အကြောင်းလေးများကို စကားပြေနဲ့ ရေးပေးပါ့မယ်။ နားလည်လွယ်ရန် ဖြစ်ပါတယ်။

(၁) သီလ ဖြူစင်ရပါတယ်။

သီလဖြူစင်တော့ သမာဓိအတွက် အထောက်အပံ့ဖြစ်တယ် တည်ငြိမ်တာပေါ့နော်။ သီလ မသန့်စင်

တော့ သမာဓိ တည်ဆောက်ရတာ လှုပ်ရှားတတ်လို့ပါ။ ဒါကြောင့် သီလစင်ကြယ်ရပါတယ်။

(၂) **တည်တည်ငြိမ်ငြိမ် ရှိရပါတယ်။**

အရာရာလုပ်တာ တည်တည်ငြိမ်ငြိမ် ရှိရပါတယ်။ သမာဓိရှိရတဲ့ သဘောပါပဲ။

(၃) **နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ မြော်မြော်မြင်မြင် ဆင်ဆင်ခြင်ခြင် ဆောင်ရွက်ရပါတယ်။**

မြော်မြင်ဆင်ခြင်မှုဆိုတာ တရားရှာသော သစ္စာဝါဒီတေအတက် လိုအပ်ပါတယ်။

(၄) **ကုန်ဖြို့ ရရပါတယ်။**

တရားရှာတဲ့ပုဂ္ဂိုလ် တရားကျင့်နေတဲ့ ပုဂ္ဂိုလ်ဟာ ကုန်ဖြို့ရရပါတယ်။ ကုန်ဖြို့ သိပ်ပျက်တဲ့ လုပ်ငန်းတွေ မလုပ်ရပါဘူး။

(၅) **မိမိယုံကြည်ချက်က ခိုင်မာရပါတယ်။**

တရားရအောင် လုပ်မယ်ဆိုရင် ရအောင်လုပ်မယ်၊ ဘာအခက်အခဲ၊ ဘာအဖျက်အဆီး၊ ဘာအနှောင့်အယှက်၊ ဘာအပိတ်အပင်ကိုမှ အကြောင်းမပြုဘဲနဲ့

ခိုင်မာတဲ့ သဘောလေးနဲ့ ယုံကြည်ချက်ကို တည်ဆောက်ရပါတယ်။

(၆) ဇွဲရှိရပါတယ်။

ဇွဲကိုလျှော့လိုက်ပြီလို့ မလုပ်ပါနဲ့၊ အရိယာဖြစ်အောင် လုပ်ရမယ်။ နောက်ဆုံး သောတာပန် အရိယာဖြစ်တောင်မှ မလျှော့လိုက်ပါနဲ့ဦး၊ ရဟန္တာဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ သဘောအထိထားရင် ပိုကောင်းမှာပါ။ ဒါကြောင့် ဇွဲတော့ မလျှော့ပါနဲ့။

(၇) မပြတ်လပ်ပါစေနဲ့။

ကျင့်ပါ၊ ငါးမိနစ်၊ ဆယ်မိနစ် ရလည်းကျင့်ပါ။ နောက်နေ့ ငါးမိနစ်၊ ဆယ်မိနစ် ရလည်းကျင့်ပါ။ ပြတ်လပ်သွားတယ် ဆိုတာမျိုးကို ကိုယ့်ကိုယ်ကိုယ် မရှိအောင်လို့ ဆင်ခြင်ပေးစေချင်ပါတယ်။

(၈) လျင်လျင်ထက်ထက် နှုလုံးသွင်းပါ။

မထိုင်းမှိုင်းနဲ့ လျင်လျင်ထက်ထက်၊ သွက်သွက်လက်လက်၊ ဖျတ်ဖျတ်လတ်လတ်ပေါ့၊ အဲဒီလိုပဲ သဘောထားပါ။

(၉) မှန်တာအတွက် လုပ်တာ လုပ်တယ်လို့ ပြောရဲပါ၊ ယုံကြည်ပါ၊ ရဲရင့်ပါ၊ ရင်ကော့ပါ၊ ဆွေးနွေးပါ။

မှန်တာလုပ်တာပဲ ဆိုတာ၊ ကိုယ်က မှန်တာလုပ်ပြီး ခေါင်းငုံ့ခံရတယ်ဆိုတဲ့ ပုံစံ မဖြစ်စေရပါဘူး။ တရားက အမှန်ကြိုက်လို့ အမှန်လုပ်တာပါ။ ဒီသဘောလေးကို စောင့်စည်းပါ။

(၁၀) တရားအပေါ်ဖြစ်ဖြစ် တရားကျင့်မယ့် သဘောအပေါ်မှာ မိမိက လေးလေးစားစား ရှိရမယ်။

လေးလေးစားစား သဘောထားပါ။ မပျေါလိုက်နဲ့ အလေးအနက်လေးထားပါ။ ဒါ သူ့ရဲ့သဘောထားရမယ့် ကျင့်စဉ်ထဲမှာ ပါပါတယ်၊ အလေးထားရမယ်။

ယေဘုယျအားဖြင့် အထက်ပါ အကျိုးအကြောင်း (၁၀) ချက်ကို အနုလုံ၊ ပဋ္ဌိလုံ ဆင်ခြင်ပြီးတော့ မိမိ တရားအားထုတ်နေတဲ့ နေ့ရက်၊ ရက်သတ္တ တစ်ပတ်၊ တစ်လ စသဖြင့် ဒီအချက် အကျိုးအကြောင်းလေးတွေ ကိုတော့ ကိုယ်က သတိထားပြီးတော့ ဆင်ခြင်ပေးစေချင်ပါတယ်။

နောက် အဆင့်တက်လာတော့ တက်လာသလို ပြောပြပါ့မယ်။

အခုလောလောဆယ် ရိုးရိုးလေး အခြေခံ အချက်အလက်လေးတွေနဲ့ ခိုင်ခိုင်မာမာ တည်ဆောက်ရအောင် လို့ပါ။

နောက် အဆင့်မြင့်တဲ့ အကျိုးအကြောင်းလေးတွေ ကိုလည်း ကျွန်တော် ပြောတတ်ပါတယ်။ ကျွန်တော် ကိုယ်တိုင် ကျင့်ထားတာပဲ၊ ပြောတတ်တယ်။ ဒါပေမယ့် ဖြည်းဖြည်းချင်းပေါ့၊ ခိုင်ခိုင်မာမာနဲ့ အမှန်တကယ် သွားရအောင်။

ကျွန်တော်တို့ ရည်မှန်းချက်က သောတာပန်နဲ့ တောင် မပြီးဘူး။ အနာဂါမ်၊ ရဟန္တာ ဖြစ်အောင်အထိ မျှော်မှန်းချင်တယ်။ ဒါကြောင့် ခြေခြေမြစ်မြစ်နဲ့ လေ့ကျင့်ဖို့ အတွက် ပြင်ဆင်ပါ။

ကျွန်တော် ဝမ်းသာစွာ မျှော်လင့်နေပါမယ်၊ သစ္စာ ဝါဒီများကိုလည်း ယုံကြည်ပါတယ်။ လမ်းစဉ်ကတော့ သက်သေသာဓက ဖော်ဆောင်ပြီးသား လမ်းစဉ်မို့ လမ်းစဉ်အတွက်ကတော့ မမှိတ်မသုန် ယုံကြည်အပ်တဲ့ လမ်းစဉ်ဖြစ်ပါတယ်။ ကိုယ်နှလုံးသွင်းနိုင်ဖို့၊ ကျင့်ကြံဖို့ပဲ အရေးကြီးကြောင်း ပြောကြားလိုပါတယ်။

သူတော်ကောင်းတွေရဲ့ အဆိုအဆုံးမနဲ့ လျှော်ညီစွာ တင်ပြထားတာမို့ အားရဝမ်းသာ လိမ့်မယ်လို့လည်း မျှော်လင့်မိပါတယ်။

အပိုင်း (၅)

ယခင်ဖော်ပြပါ အချက်အလက်များကို အချို့သော သစ္စာဝါဒီများက အားမလိုအားမရ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်တို့ဟာ ဒီအခြေခံတွေကို နဂိုကတည်းက ရပြီးသားပါ။

ဥပမာ - ကျွန်တော်တို့ဟာ သီလ ဖြူစင်ပါတယ်၊ တည်ငြိမ်မှု သမာဓိလည်း ရှိပါတယ်၊ ဂုဏ်ဒြေလည်း ရပါတယ် စသဖြင့် ဒီလိုယူဆပြီးတဲ့နောက် အဆင့်မြင့်တဲ့ သဘောထားများကိုလည်း စိတ်ဝင်စားပါတယ်လို့ ဆန္ဒရှိကောင်း ရှိပါလိမ့်မယ်။

အဆင့်မြင့်တဲ့ သဘောထားတွေက ပြောရတာ မခက်ပါဘူး။ အခြေခံတွေ ပိုင်နိုင်ရင့်ကျက်ရင် အဆင့်မြင့်က တက်ရတာ လွယ်ပါတယ်။ ဒါပေမယ့် ကြိုတင်ပြီးတော့ အချို့က ဉာဏ်ထက်မြက်လို့ စိတ်ဝင်စားချင်ပါတယ်ဆိုရင် ကျွန်တော် နမူနာနှစ်ခု ပြောပြပေးပါ့မယ်။

အဆင့်မြင့်သဘောထားထဲမှာ တစ်ခုကတော့ နဂိုတည်ငြိမ်မှုကို ရရမယ်။

ဒီစကားကို ရှင်းရမယ်ဆိုရင်တော့ အခုမှ တည်ငြိမ်အောင် လုပ်လိုက်တာမျိုး မဟုတ်ဘူး။ ပင်ကို နဂိုကတည်းက တည်တည်ငြိမ်ငြိမ် ရှိနေရမယ်။ အဲဒါဟာ အဆင့်မြင့် အနေအထားမှာ တစ်ခုပါပါတယ်။ ပင်ကို အရှိကိုက ငြိမ်နေရမယ်ပေါ့နော်။ နည်းနည်းတော့ ခက်ပါတယ်။ ဒါလည်း အခုလောလောဆယ် ကျွန်တော် တောင်းဆိုလိုတဲ့ အရည်အချင်းတော့ မဟုတ်ပါဘူး။ ဒီဘက်အထိ သွားမယ်လို့ နည်းနည်းပါးပါး ဝင်စားနိုင်အောင်လို့ လမ်းဖွင့်ပေးတာပါ။

ဒုတိယအချက်ကတော့ ဆင်ခြင်မှုမှာ လစ်လပ်သွားတယ်ဆိုတာ မရှိစေရတဲ့ အချက်ပါ။

မိမိ ဆင်တော့ဆင်ခြင်တယ်၊ ဒါပေမယ့် တချို့အခြေအနေမှာ ဆင်ခြင်လို့ကို မရဘဲနဲ့ လစ်လပ်သွားတယ်ဆိုတာ အဲဒီလိုမျိုး မရှိရဘူး။ ဆင်ခြင်လိုက်တာနဲ့

ဆင်ခြင်မှုဟာ အောင်မြင်ရမယ်။ ဒါကြောင့် ပျက်ကွက်ခြင်းဌာ မအပ်သော၊ လစ်လပ်မှုမရှိသော ဆင်ခြင်ခြင်းကို ရယူပိုင်ဆိုင်ရပါမယ်။ ဒီအနေအထားကလည်း မြင့်ပါတယ်၊ တော်တော့ကို မြင့်ပါတယ်။

ကျွန်တော်က မြင့်တာလေးတွေကို စိတ်ဝင်စားချင်တဲ့ သစ္စာဝါဒီများအတွက်လည်း ထောင့်စုံဘက်စုံ အားလုံးပြည့်စုံအောင်လို့ နမူနာတင်ပြတာပါ။ အဆင့်မြင့် သဘောထားတွေလည်း ပြောပြနိုင်ပါတယ်။ ဒါပေမယ့် အခြေခံပိုင်အောင် လုပ်ကြစို့ ဆိုပြီးတဲ့နောက်၊ အခြေခံတွေကို ပိုက်စိပ်တိုက်ပြီးတော့ ဖော်ပြနေခြင်း ဖြစ်ပါတယ်။

အဆင့်မြင့်တွေလည်း တစ်ခါ တစ်ခါ ကြိုတင်ဝင်စားချင်တယ်ဆိုရင် မိမိဆင်ခြင်မှုမှာ ဘယ်အခြေအနေမှာတော့ ကျွန်တော်ဟာ မဆင်မခြင်ဘဲနဲ့ ဖြစ်သွားတယ်ဆိုတာ မရှိစေရဘူး။ ဒါဟာ မူအားဖြင့် ပြောတာပါ။

ဆင်ခြင်မှုမှာ ဆင်ခြင်တာနဲ့ တစ်ပြိုင်နက်တည်း ဆင်ခြင်မှုဖြစ်ရမယ်၊ အောင်မြင်ရမယ်။ ဒီလိုအနေအထားနဲ့ အခြေအနေ ပတ်ဝန်းကျင်က ဒီလိုဖြစ်နေလို့ ကျွန်တော် မဆင်ခြင်လိုက်နိုင်တော့ဘူး ဆိုတာမျိုး မရှိစေရဘူး။ အဲဒီ အနေအထားပါ။

အဆင့်မြင့် အနေအထားနှစ်ခုမှာ ပထမတစ်ခုက နဂိုကတည်းက ငြိမ်သက်နေရမယ်။ ကိုယ်က အခုမှ

တည်ငြိမ်အောင်လို့ ဟန်လုပ်ပြီး ငြိမ်တာမျိုး မဟုတ်ဘူး၊ နဂိုကတည်းက ငြိမ်ရမယ် (ဒါဟာ တော်တော်ခက်တဲ့ ကျင့်စဉ်ပါ)။

ကျွန်တော်လည်း အဆင့်မြင့်တာလေး ဝင်စားချင်မလား ဆိုပြီးတော့ စိတ်ကူးပြီးတော့ တင်ပြတာပါ။ လောလောဆယ် ဒီအရည်အချင်းတွေ ရှိရမယ်လို့ မတောင်းဆိုပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင်လည်း တချို့နေရာတွေမှာ ရာနှုန်းမပြည့်ပါဘူး။ ဒါကို ဝန်ခံပါတယ်၊ ဒါပေမယ့် ပစ်ပယ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ မတူအောင်လို့ ထူးထူးခြားခြား ဆင်ခြင်နိုင်တဲ့ သဘောတွေ၊ တည်ငြိမ်မှုရတဲ့ သဘောတွေတော့ ရှိပါတယ်။ (နောက်တော့ အသေးစိတ်ဆွေးနွေးပေးပါ့မယ်)

အခုဝင်စားချင်ရင် နဂိုကတည်းက ငြိမ်တဲ့သဘောလေး ရှိအောင် ဝင်စားကြည့်ပါ။ ရလိုရငြားပေါ့၊ ဝင်စားဖို့ အတွက် ကြိုတင်ပြင်ဆင်မှုအတွက် အကြံပေးတာပါ။

နောက်ပြီး ဆင်ခြင်နိုင်ရမယ်။ ဆင်ခြင်တဲ့အခါ **'ဒီအခြေအနေမျိုးမှာ မဆင်ခြင်လိုက်နိုင်တော့ဘူးဗျာ'** ဆိုတာ မရှိတဲ့ ပုံစံမျိုးနဲ့ ဆင်ခြင်နိုင်ရမယ်။ အဲဒါမှ ဆင်ခြင်မှုဟာ အားကောင်းတယ်လို့ ခေါ်ပါတယ်။ ဒီလို မဟုတ်ဘဲနဲ့ ဆင်တော့ ဆင်ခြင်တာပဲ၊ ဒါပေမယ့် အခြေအနေကြီးက ဆင်ခြင်နိုင်အောင် မဟုတ်ဘဲနဲ့ ကိုလေသာ

တွေ ကြားညပ်သွားတယ် ဆိုတာမျိုး မဖြစ်ရအောင် သတိထားတဲ့ အနေအထားဖြစ်ပါတယ်။

ဒါကတော့ ဝင်စားဖို့၊ မျှော်မှန်းဖို့နဲ့ ကြိုတင်သိထားဖို့ တင်ပြခြင်းမျှသာ ဖြစ်ပါတယ်။

ယခုအချိန်မှာ ဤအရည်အချင်းတွေ မရှိရင်လည်း ကျွန်တော်က ဘာမှ တောင်းဆိုမှာ မဟုတ်ပါဘူး။ ကျွန်တော် တောင်းဆိုတာက စောစောက ဖော်ပြခဲ့တဲ့ အကြောင်းအချက်တွေသာ ကျွန်တော် တောင်းဆိုလိုပါတယ်။

ဒီအချက်အလက်တွေကို ပိုင်နိုင်မှသာလျှင် ရှေ့ဆက်ပြီးတော့ တကယ့်ဝိပဿနာစခန်းမှာ အောင်မြင်စွာ ရှုသတ်နိုင်ဖို့အတွက် စိစဉ်နိုင်မှာမို့ ဒီလို လိုအပ်တဲ့ အချက်တွေကို ရှေးဦးစွာ ဖော်ပြပေးနေခြင်း ဖြစ်ပါတယ်။

အပိုင်း (၆)

ဒီတစ်ခါတော့ လက်တွေ့ တရားထိုင်ကြည့်ကြ ရအောင်။ ဒါလေးတင်ပြပါ့မယ်။

ဘုရားခန်းမှာပဲ ဖြစ်ဖြစ်၊ ကိုယ်ပိုင်အခန်းမှာပဲ ဖြစ်ဖြစ်၊ သင့်တော်တဲ့ နေရာမှာပဲဖြစ်ဖြစ် ထိုင်ပါ။ တင်ပျဉ် ခွေချင် ခွေပါ၊ ဒူးတုပ်ချင် တုပ်ပါ။ လက်ကလေးကို ယှက် ထားလိုက်ပါ၊ ညာဘက်လက်က အပေါ်က၊ လက်မလေး ထိပြီးတော့ မျက်စိလေးမှိတ်ထားပါ။ ဉာဏ်ပညာ အသုံးချ မှာဆိုတော့ မျက်စိလေးမှိတ်ထားပါ။ အသက်ကို မှန်မှန် ရှူပါ။

ဒီနေရာမှာ အသက်ကို ပြင်းပြင်းထန်ထန် ရှုစရာ မလိုပါဘူး။ ဒါကြောင့် အသက်ကို မှန်မှန်ရှုပါ (နောက်တော့ ပြောပြပါမယ်၊ ဘာကြောင့် ပြင်းပြင်းထန်ထန်ရှုစရာ မလိုတာကို) ရှုနေကျအတိုင်း အသက်ကို မှန်မှန်ရှုပါ။

ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို မြတ်စွာဘုရားကို လျှုပါ။ (ဒါကိုတော့ လျှုတတ်နေကြပါပြီ) ဘုရားလျှုတယ်ဆိုတဲ့ သဘောကတော့ ကိုယ်တွေးချင်ရာ မတွေးဘူးဆိုတဲ့ သဘောပါပဲ။

တချို့က ဘုရားကိုလျှုရင် ပစ္စည်းဥစ္စာမှ လျှုရတယ်ထင်တာ၊ ဒါမဟုတ်ပါဘူး၊ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးကို မြတ်စွာဘုရားကို လျှုနိုင်ပါတယ်။ သဘောကကိုယ်တွေးပိုင်ခွင့်ကိုလည်း ဘုရားကို လျှုလို့ရပါတယ်။ ပါဠိလို 'အလက္ခ ဘာဝ လက္ခဏာ၊ အပရိက္ခဏာ ရသော' ကိုယ် ကြိုက်သလိုတွေးပိုင်ခွင့်ကို လျှုလိုက်တဲ့ သဘော၊ စွန့်လွှတ်လိုက်တဲ့သဘောဟာ လျှုလိုက်တဲ့သဘောပါပဲ။

ကိုယ်ကြိုက်သလို မတွေးဘူး၊ တွေးချင်တာလည်း မတွေးဘူး၊ ကိုယ်ကြိုက်သလိုတွေးပိုင်ခွင့်ကို စွန့်လွှတ်လိုက်တဲ့သဘောပါပဲ။

ရှေးဦးစွာ နှာသီးဝလေးကို အာရုံလေးပြုလိုက်ပါ။ လေလေးပေါ့နော် နှာသီးဝကို တိုးတယ်၊ သတိလေးယှဉ်ထားပါ။ လေဆိုတာ အသိမရှိတော့ ရုပ်ဖြစ်ပါတယ်။

နှာသီးဝကလည်း ရုပ်ခြုပ်ခံပြီးတဲ့နောက် လေတိုးလိုက်တဲ့ တိုက်ဆိုင်မှုကြောင့် သိလိုက်တယ်။ ဩော် လေလေး တိုးဝင်လာပြီ၊ ဒီအခါမှာ လေဟာနှာသီးဝကို တိုးခြင်း အကြောင်းခံတော့ သိခြင်း အကျိုးရတယ်လို့ သဘော ထားပါ။ အကြောင်း အကျိုးကို သိရပါတယ်၊ အကြောင်း အကျိုး သိမှ ဒိဋ္ဌိသေတာ ဖြစ်ပါတယ်။

လေလေးက နှာသီးဝနဲ့တိုက်လိုက်တော့ သိလိုက်တယ်၊ ဒီနေရာမှာ ရုပ်ရုပ်ချင်း တိုက်ဆိုင်ကြုံကြိုက်လိုက်တော့ အသိနာမ်တရားလေး ပေါ်တယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်၊ လောကကြီးမှာ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ အကြောင်းတိုက်ဆိုင်တဲ့အခါမှာ အကျိုးပေါ်တယ်။ ဒါလေးကို ခိုင်ခိုင်မာမာ ကောက်ချက်ချပါ။ အကြောင်း အကျိုး သိမှ ဒိဋ္ဌိသေတယ်၊ ရုပ်နာမ်သိမှ ဖြစ်ပျက်မြင်မယ်။

ဒါကြောင့် ဒီလောကမှာ အကြောင်းကြောင့် အကျိုး ဖြစ်တယ်။ အကြောင်း တိုက်ဆိုင်တဲ့ အခါမှာ အကျိုး ပေါ်တယ်။ ဒါလေးကို (၅) မိနစ်ရရ၊ (၁၀) မိနစ်ရရ ကောက်ချက်ချပါ။ အရေးကြီးပါတယ်။ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' ဆိုတာ မြတ်စွာဘုရားရဲ့ ဝါဒပါပဲ။

အကြောင်းတိုက်ဆိုင်တဲ့ အခါမှာ အကျိုးပေါ်တယ်။

ဒေါက်တာချစ်ငယ် (ဒဿန)

ဒါလေးကို (၅) မိနစ်ရရ၊ (၁၀) မိနစ်ရရ နှုလုံးသွင်းပါ။ ဒီအခါမှာ **တည်ငြိမ်တဲ့ သမာဓိ** ရလာပါလိမ့်မယ်။ **မလျှော့တဲ့ဇွဲ၊ မပြတ်လပ်တဲ့ဝီရိယ၊ တင်းကျပ်တဲ့သဒ္ဓါ၊ လေးစားတဲ့စိတ်အစဉ်၊ ခိုင်မာတဲ့ ယုံကြည်ချက်**နဲ့ ကြိုးစားပါ။ (၅) မိနစ်ရရ၊ (၁၀) မိနစ်ရရ အခုပြောတဲ့ အတိုင်း ကြိုးစားကြည့်ပါ။

အပိုင်း (၃)

တရားအားထုတ်ခြင်းအတွက် အားပေးနေပါတယ်။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ သီလကတော့ စင်ကြယ်တာပါပဲ။ တရားအားထုတ်တဲ့ အခါမှာ ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးကို ဘုရားကိုလျှုတယ်ဆိုတော့ သီလကမစင်ကြယ်ဘဲကို မနေဘူး စင်ကြယ်နေတာပါပဲ။ နောက်သမာဓိဆိုတာကလည်း (Practice makes perfect.) ဆိုတော့ ကျင့်လေ တက်လေပါ။ ဒါတော့ လုံးဝစိတ်ချပါ။

အားပေးစကား ပြောရမယ်ဆိုရင် ကျွန်တော်တို့ သမာဓိဆိုရင် ရိုးရိုးလူနဲ့ မတူပါဘူး။ သမာဓိ တော်တော်ကို

တိုးတက် ရင့်ကျက်ကောင်းမွန်တယ်ဆိုတာ ကိုယ့်ဘာသာ ကိုယ်သိပါတယ်။ ဆိုလိုတာက ကျင့်ရင်တတ်တယ်ဆိုတာ ကို အာမခံချက် ပေးနေတာပါ။ သမာဓိ ရင့်လာမှလည်း ပညာဉာဏ်က ကိန်းမှာကိုး။

ပညာဉာဏ် ကနေပ ကနေနည်းကတော့ ကျွန်တော် ကူညီမှာပါ။ **ပညာဆိုတာ ထိုးထွင်းဉာဏ်ကို ဆိုလို တာပါ။** ဒါငေ့ွကို ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော်ရဲ့ Field၊ ဒါ ကျွန်တော့်နယ်ပယ်ပဲ၊ ကျွန်တော် ကျွမ်းကျင်ပါတယ်။ လူဆိုတာ ကျွမ်းကျင်ရာ လိမ္မာ၏ တာပါပဲ။ ကျွန်တော်ဟာ အစစအရာရာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တော့ မဟုတ်ပါဘူး။ ဒါကို ဝန်ခံပါတယ်၊ ကျွန်တော် က ဝိပဿနာပဲ ကျွမ်းကျင်ပါတယ်။

ကျွန်တော် ဝိပဿနာကိုတော့ ကျင့်ကြံခဲ့တာ လည်း ကျွန်တော့်ရဲ့အသက် တစ်ဝက်ကျော်မှ ဆိုတော့ အထူးကျွမ်းကျင်ပါတယ်။ (ဒါလည်း မှန်မှန်ကန်ကန် သတင်းပေးခြင်းပါ) သစ္စာဝါဒီတော်တော်များများ မှားနေ တာက ပထမဦးဆုံး ကျွန်တော် ဖော်ပြခဲ့သလို စိတ်နဲ့ မှတ်နေတဲ့အခါကျ မှားနေတယ်။

အမှန်က ဝိပဿနာဆိုတာ ဉာဏ်ပညာနဲ့ ရှုရ တာပါ။ ဒါဟာ ရှုရင်းရှုရင်း အခု ကျွန်တော် ဖော်ပြခဲ့တဲ့ ကျင့်စဉ်နဲ့ ကျင့်လိုက်တော့ တတ်သွားမှာပါ။

ဒါကတော့ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပါပဲ၊ ကျင့်တတ်သွားမှာပါပဲ လုံးဝမကြောင့်ကြရပါဘူး။ ဘေးက အနှောင့်အယှက်တွေ ကဖျက်ယဖျက်နဲ့ သူတို့လည်း မကျင့်ဘူး၊ သူများကိုလည်း မကျင့်ဖြစ်အောင် ပြောတဲ့ ပုဂ္ဂိုလ်တွေရဲ့ စကားကိုသာ နားမဝင်ပါနဲ့၊ ဒါဆိုရင် ပြီးပါတယ်။

ကျင့်ရင်တက်တာပေါ့၊ ဘယ်နဲ့ညာနဲ့တောင် မတူဘူး၊ ညာသန်ဟာ ညာကျင့်ရင် ညာတတ်တာပဲ။ ဒီလိုပဲ အားကစားသမားတွေလည်း တတ်တာပဲ။ အားလုံးဟာ ကျွမ်းကျင်ရာ လိမ္မာကြတာပါပဲ။

တရားသမားလည်း တရားကျွမ်းကျင်ဖို့အတွက် ကျင့်လိုက်ရင် ကျွမ်းကျင်လာမှာပဲ။ ကျွမ်းကျင်ရင် လိမ္မာလာမှာပဲ။ ကိုယ်က တရားဝါသနာပါတာကိုး။ တစ်ပါးသူတွေက တခြားဟာ ဝါသနာပါကြတာ၊ ကိုယ်က တရားဝါသနာပါ ကြိုးစားရင် တတ်ကို တတ်ရမယ်။ ဒါဟာ တရားတော်က အာမခံတာပါ။ လေ့ကျင့်ရင် တိုးတက်ပါတယ်။

လေလေးဟာ ဝင်လာတယ်၊ လေလေးဟာ နှာသီးဝကို တိုက်တယ်၊ ဒီလို အကြောင်းခံလိုက်တော့ အကျိုး အသိတရားလေးပေါ်တယ်၊ သိသာပါလား။ ချော် အသိတရားလေး အကျိုးပေါ်တယ်ဆိုတာ အကြောင်းခံလို့

ပါလား၊ ဒါလေးသဘောပေါက်ဖို့ပါ။ လောကကြီးဟာ အကြောင်းအကျိုးပဲလို့ ဒါလေး သဘောပေါက်ရင် ပေါက်တာပဲ။ တစ်ချက်သဘောပေါက်ရင် ဖြန့်ယူလို့ ရပါတယ်။

ဒါကြောင့် လောကကြီးမှာ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ အကြောင်းခံတရား ဖြစ်ပေါ်လာတဲ့အခါ အကျိုးတရားတွေ ဖြစ်လာတယ်။ ဒါပါပဲ မြတ်စွာဘုရားရဲ့ ဝါဒဟာလည်း အကြောင်းကြောင့် အကျိုးဖြစ်တယ်။ **ကြောင်းကျိုးသိမ္မ ဒိဋ္ဌိ သေနိုင်တာကိုး**၊ ဒီသဘောပဲ။

ဒီတော့ ဒိဋ္ဌိသေစေချင်တော့ ကျွန်တော်တို့က အကြောင်း အကျိုးကို တော်တော်လေးကို ဂရုစိုက်ရမယ်။ ဒီတော့ အကြောင်းအကျိုးကို တွက်ချက်ပါ။ ဘာမဆို အကြောင်းကြောင့် အကျိုးဖြစ်တာပါလား၊ ဒီလို နှလုံးသွင်းပါ။

အရိယာသူတော်စင်တွေဟာ အကြောင်းအကျိုးကို မြင်သွားတာပါပဲ။ အားလုံးလည်း သိမှာပါ။

ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဖြစ်မယ့် ပုဂ္ဂိုလ်ဟာ အကြောင်း အကျိုးဆိုတာ သိသွားတော့ အရိယာ ဖြစ်သွားတာပါပဲ။ တကယ်တော့ အရိယာတွေဟာ အကြောင်း အကျိုးကို မြင်သွားတာပါ။ အကြောင်းအကျိုးဟာ အင်မတန်မှကို အရေးကြီးပါတယ်။ **'ကြောင်းကျိုးသိမ္မ ဒိဋ္ဌိ သေနိုင်တယ်'** ဆိုတဲ့ စကားအဆိုအမိန့်

ရှိပါတယ်။ ဒါကြောင့် အကြောင်း အကျိုးကို ဦးစားပေး၍ ဖော်ပြခြင်း ဖြစ်ပါတယ်။

တရားကျင့်စဉ်မှာ အကြောင်း အကျိုးကို အဓိက ထားပါတယ်။ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ ရုပ်ရုပ်ချင်း တိုက်လိုက်ပြီးတဲ့နောက် အသိလေး ပေါ်လာတော့ အကြောင်းကြောင့် အကျိုးဖြစ်တယ်။ ဒီနေရာမှာ ရုပ်ရုပ်ချင်း တိုက်ဆိုင်ခြင်းက အကြောင်းဆိုရင် အသိလေးပေါ်လာတာ အကျိုးပါပဲ။

ဒါကြောင့်မို့လို့ ကြောင်းကျိုးသိရင် ဒီဌိသေတယ် ဆိုတဲ့ စကားကို လက်စွဲထားပြီးတဲ့နောက် ဦးထိပ်မှာ ပန်ဆင်ပြီး ဘုရားတရားတော် အကြောင်းအကျိုးကိုပဲ တွက်ချက်ဖို့အတွက် ထာဝစဉ် သတိရပါစေလို့ သတိပေး အကြံပြုပါတယ်။

အပိုင်း (၈)

အခုအပိုင်းမှာ လက်တွေ့ကျင့်သောအပိုင်း ဖြစ်သောကြောင့် ပျော်စရာလည်းကောင်းပါတယ်။ ထိရောက်မှု ရှိမှာလည်း သေချာပါတယ်။ ဒီခေတ်ဟာ လေ့ကျင့်တဲ့ခေတ်ပါ။

ကျွန်တော်တို့ကတော့ ခေတ်မီစွာ ဆရာသမားက အမြော်အမြင်ရှိတော့ ကျွန်တော်တို့ တရားအားထုတ်စကတည်းက လေ့ကျင့်လာရတာ၊ လေ့ကျင့်ရင်းနဲ့ပဲအောင်မြင်တာပါပဲ။

ဒီခေတ်ကြီးဟာလည်း လေ့ကျင့်တဲ့ခေတ်ပါ။ အားကစားသမားတွေလည်း လေ့ကျင့်တယ်၊ အကုန်လေ့ကျင့်

ကြတယ်၊ ကျွန်တော်တို့ တရားသမားတွေလည်း လေ့ကျင့်ရမယ်။ လေ့ကျင့်တာကို အားလည်းပေးတယ်၊ ဂုဏ်လည်းယူတယ်။ အခုလမ်းစဉ်အတိုင်း လေ့ကျင့်တာကို ဆိုလိုပါတယ်။ ကျင့်တော့ကျင့်တယ်၊ သို့သော် အောင်မြင်ပြီးသား လမ်းစဉ် မဟုတ်ရင်တော့ မထောက်ခံနိုင်ပါဘူး။

အခုကျင့်စဉ်ကတော့ ရဟန္တာကိုယ်တော်မြတ်ကြီးတွေ ကိုယ်တော်တိုင် ကျင့်သုံးဆောက်တည်ခဲ့တဲ့ ကျင့်စဉ်ဖြစ်နေတော့ ကျွန်တော်လည်း လက်တွေ့ကျင့်ပြီး ခိုင်မာတဲ့အခါ ပရိသတ်ကြီးကို ရဲရဲရင့်ရင့်၊ ခိုင်ခိုင်မာမာ၊ မှန်မှန်ကန်ကန် အကျိုးပြုလုပ်ငန်း တင်ပြနိုင်ခြင်း ဖြစ်ပါတယ်၊ အကျင့်နဲ့ပါ။

ဒါကြောင့် ကျင့်ပါ။ ဘုရားစင်ရှေ့ သို့မဟုတ် သင့်တော်သော အခန်းထဲမှာ ထိုင်ပါ။ တင်ပျဉ်ခွေချင်ခွေပါ၊ ဒူးတုပ်ချင် တုပ်ပါ၊ မျက်စိမှိတ်ပါ၊ လက်ကလေးကို ယှက်ထားပါ၊ အသက်မှန်မှန်ရှူပါ။ ဒီနေရာမှာ အသက်မှန်မှန်ရှူပါ ဆိုတာကတော့ 'ဘူတံ ဘူတတော ပဿတိ' ဆိုတာ ရှိပါတယ်၊ ထားပါ၊ သဘာဝအတိုင်း ရှူရမယ်။

တချို့ အပြင်းအထန်တွေ ရှူတာတွေရှိပါတယ် (ဘာလို့လဲ မေးတော့ စိတ်တွေက ဟိုရောက်ဒီရောက်ရောက်လို့) ဩော်. . . ဒါဟာ ဆရာကောင်း မရှိလို့ဘဲ ဖြစ်ပါတယ်။ စိတ်တွေ ဟိုရောက် ဒီရောက်ရှိလည်း

သြော်. . . စိတ်ဆိုတာ ဒုက္ခပဲ ဟိုရောက်ဒီရောက် ဖြစ်တတ်တယ်၊ ဘုရားဟာ ဒုက္ခသစ္စာပဲ ရှုလိုက် ပြီးနေတာပဲ။ ဒါကို **ဆရာကောင်း မရှိတဲ့အခါကျတော့ စိတ်တွေ ဟိုရောက်ဒီရောက် ရောက်တာကို ကြောက်ပြီးတော့ အသက်ပြင်းပြင်းတွေ ရှူတာကျတော့ လမ်းစဉ်က မှားနေတာပဲ။**

တကယ်ဆို အသက်က မှန်မှန်ပဲ ရှူရတယ်၊ ရှူနေကျအတိုင်း ရှူရတယ်၊ သဘာဝအတိုင်း ရှူရတယ်။ သူတော်ကောင်း အဆိုအမိန့်မှာ ဒီလိုပဲလာတယ်။ စိတ်က ဟိုရောက်ဒီရောက် ရောက်လည်း ဘာဖြစ်လဲ။ စိတ်ကို သူတို့က ငါထင်နေတာကိုး။ **စိတ်က ငါမှ မဟုတ်ဘဲ အကြောင်း အကျိုးကြောင့်ပေါ်တဲ့ သဘောပဲ။** စိတ်က ငါ မဟုတ်ဘူး၊ ဟိုရောက်ဒီရောက် ရောက်လည်း အေး. . မင်း ဒုက္ခပဲ၊ သွားကွာဆိုပြီး ရှုလိုက်ရင် (၃)မိနစ် မရှုရပါဘူး၊ ပျက်သွားတာပါပဲ။

စိတ်ဆိုတာကတော့ ပေါ်ချင်ရင် ပေါ်မှာပဲ(ရဟန်းသံဃာတော်ဟာ အိုက်မက်ထဲမှာ လလိုက်သတ်တာ ဘာမမြစ်ဘူး) ဘာလို့လဲဆိုတော့ အိပ်မက်ထဲ သူပေါ်ချင်ရာပေါ် ဖြစ်ချင်ရာဖြစ်မှာပဲ။

ဒီလိုပဲ စိတ်က ပေါ်ချင်ရာပေါ် ဖြစ်ချင်ရာဖြစ်မှာပဲ၊ ကိုယ်က လက်မခံဘဲ ပယ်လိုက်ဖို့ပဲ အရေးကြီးတယ်။

ဝိပဿနာသစ္စာဝါဒီတွေ ဒါကိုသိရမယ်၊ ပေါ်ချင်တဲ့စိတ်ပေါ်လေ **"မင်းက ပျက်တဲ့တရား သွားစမ်းပါ၊ ဒုက္ခသစ္စာ သွားစမ်းပါ"** ဆိုရင် ပြီးတာပါပဲ၊ ကိုယ်က လက်ခံမှုတာဝန်ရှိတာ။ လက်မခံရင် ဘာတာဝန်မှ မရှိဘူး။ ကိုယ်က ငြင်းလိုက်ရင် ပြီးတာပဲ။

လောကမှာ အခြေအနေတွေကတော့ ဒီလိုပဲ ဖြစ်ပေါ်နေမှာပဲ၊ ကိုယ်က လက်မခံဖို့ အရေးကြီးတာပါ။ ကောင်းပြီ၊ ဒီတော့ **"ဘာစိတ်ပေါ်ပေါ် လက်မခံဘူး၊ ဒုက္ခ၊ သွားကွာ"**လို့ ရှုနိုင်ရင် ပြီးတာပါပဲ။ ကိုယ်က မတွေးဘူးကွာဆိုရင် ပြီးတာပါပဲ။ ဒီတော့ အသက်ကို မှန်မှန်ပဲရှုပါ။

ဝင်လေလေးတွေ နှာသီးဝ တိုက်တိုင်းတိုက်တိုင်း သိလာတယ်။ သြော်. . . အကြောင်းကြောင့် အကျိုးဖြစ်တယ်။ ထွက်သွားတဲ့ လေလေးတွေကလည်း ထွက်သွားရတယ်။ သြော် **"ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်၊ မွေးဖွားခြင်းရှိရင် သေဆုံးခြင်းရှိတယ်၊ ဝင်လေရှိရင် ထွက်လေရှိတယ်၊ ဒါဟာ ဖြစ်ခြင်း ပျက်ခြင်းရဲ့ သဘော်တပဲ"** လို့သာ တစ်သမတ်တည်း ယူလိုက်တော့။

ဒီလောကမှာ ဖြစ်ပေါ်လာရင် ပျက်စီးမှာပဲလို့ ယူလိုက်တော့။ ဖြစ်ပေါ်လာတာကို လုံးဝ မကြောင့်ကြနဲ့ မစိုးရိမ်နဲ့။

သြော်. . . ဖြစ်ပေါ်လာပြီးရင် ပျက်ဆီးမှာပဲ လို့သာ ဉာဏ်ပညာနဲ့ ထိုင်ပြီး သုံးသပ်ပေတော့။ ဒါကို ငါးမိနစ်ရရ၊ ဆယ်မိနစ်ရရ၊ ဖြစ်ပေါ်လာရင် မင်း - ပျက်စီးမှာပဲ၊ ဝင်လေလေးရှိရင် ထွက်လေလေးရှိတယ်၊ ခန္ဓာကိုယ်ကြီးဟာ စက်ယန္တရားလိုပဲ၊ ကိုယ်က သိသည်ဖြစ်စေ မသိသည်ဖြစ်စေ သူက အလုပ်လုပ်နေတယ်။

ဝင်လေလေး ဝင်ပြီးတဲ့နောက် မထွက်နိုင်ရင်လည်း အသက်ရှင်နိုင်ဖို့အတွက် အခက်အခဲ ဖြစ်နိုင်သလို ထွက်သွားတဲ့လေအစား ပြန်မဝင်နိုင်ရင်လည်း အသက်ရှင်နိုင်ဖို့အတွက် အခက်အခဲ ဖြစ်နိုင်တယ်။ စက်ယန္တရားသဖွယ် ခန္ဓာဟာ ဒီလိုပဲ ဝင်လေလေးရှိလို့၊ ထွက်လေလေးရှိလို့ကဲနဲ့ ဒီလိုပဲ လောကကြီးမှာ၊ (၃၁)ဘုံမှာ ဖြစ်ခြင်းရှိလို့၊ ပျက်ခြင်း ရှိလို့ပါပဲ။

ဒါကြောင့် ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်ဆိုတာ သဘောပေါက်ပါ။ အကြောင်းခံရင် အကျိုးပေါ်တယ်ဆိုတာ သဘောပေါက်ပါ။ ဒါဟာ ဝိပဿနာသစ္စာဝါဒီတွေ သဘောပေါက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။

ကျွန်တော်အခု ရေးပြနေတာက တကယ်လို့ ဒီစာဖတ်ရင်းလည်း တရားဝင်စားသလိုဖြစ်အောင် ရေးပြနေခြင်း ဖြစ်ပါဟယ်။ ဥပမာ - တရားကို သီးခြား သိပ်မထိုင်ဖြစ်ဘူးဆိုရင် ဒီစာသာ ဖတ်နေပါ။ ဖတ်ရင်း

ဒေါက်တာချစ်ငယ် (ဒဿန)

ဖတ်ရင်း၊ စာထဲမှာ အဓိပ္ပာယ်လိုက်ရင်း၊ နှလုံးသွင်းရင်းက တရားထိုင်သကဲ့သို့ ဖြစ်နိုင်ကြောင်းကို အကြံပြုလိုပါတယ်၊ အားပေးလိုပါတယ်။

အပိုင်း (၉)

လက်တွေ့ကျင့်စဉ်က အရှိန်တော်တော်လေး ရလာကြပြီ။ ခုအချိန်မှာ တရားဆိုတာ **'မှတ်တာ'** မဟုတ်ဘူး ဆိုတာလည်း သိပြီ။ တရားထိုင်ရင် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး ဘုရားလှုံ့ရတာလည်း သိပြီ။ ကိုယ့်ရဲ့ တွေးပိုင်ခွင့်ကို စွန့်လွှတ် လှုံ့ဒါန်းပြီးသား ဖြစ်တယ်ဆိုတာလည်း သိပြီ။

အတွေးတွေဟာ **'ငါ'** မဟုတ်ဘူး၊ ဒုက္ခ တရားတွေ ဆိုတာလည်း နားလည်သွားပြီ။ အကြောင်းကြောင့် အကျိုးဖြစ်တယ်ဆိုတာလည်း သဘောပေါက်လာပြီ။ ဒီတော့ တရားဓမ္မနဲ့ ပတ်သက်လို့က အခြေခံတွေ တော်

တော်လေး သိပြီးတော့ လက်တွေ့ ကျင့်ကြံနေပြီဆိုတော့ အခြေခံအဆင့်ကတော့ တော်တော်ကောင်းနေပြီ။ ဒီတော့ ရှေ့ဆက် တိုးတက်ဖို့ပဲ ရှိတော့တယ်။ ဘေးက အဖျက်သမားတွေကိုတော့ လုံးဝကို လှည့်မကြည့်ပါနဲ့၊ ဒါလေး တစ်ခုပါပဲ။ တခြားတော့ ဘာမှမတောင်းဆိုဘူး။ ပါဠိ ပါဠိသားတွေ တတ်ရမယ်လည်း မတောင်းဆိုဘူး။ ဘာလျှို့ရမယ်၊ ညာလျှို့ရမယ် ဆိုတာလည်း မတောင်းဆိုဘူး။ အဲဒီ အဖျက်သမားတွေနဲ့ ဘာမှ မကျင့်ဘဲနဲ့ **'ဘေးထိုင်ပြီး၊ ဘုရေပြော၊ ဘောက်တီး'** နေတဲ့ အဲဒီ **'ဘ-ဘ-ဘ'** အဖွဲ့တွေကိုပဲ ကိုယ်က ဂရုမစိုက်ဖို့ အရေးကြီးပါတယ်။

ဒီလူတွေကတော့ အလကား လူတွေပါ။ သူတို့ကတော့ လေဖမ်း ဝရမ်းချည်ပြီးတဲ့နောက် **'ဘ-ဘ-ဘ'** ထုံးစံအတိုင်း **'ဘေးကနေတယ်၊ ဘာမှလည်း မလုပ်ဘဲနဲ့ ဘောက်တီးပြီးတော့၊ ဘုတိုက်'** နေတဲ့ အဖွဲ့အစည်းပါ။ သူတို့ကိုတော့ လူရာမသွင်းပါနဲ့။ ကိုယ့်တရားကို ကိုယ်နှလုံးသွင်းပါ။

တရားကျင့်တာကလည်း သူများအထင်ကြီးစေလိုတဲ့ သဘောနဲ့ ကျင့်ခြင်းမဟုတ်ဘူး။ ဒီခံယူချက်လေး တစ်ခုကိုတော့ သစ္စာဝါဒီတွေလည်း သဘောပေါက်ပါတယ်။ တစ်ပါးသူ အထင်ကြီးအောင် တရားကျင့်တာ မဟုတ်ဘူး။ ကိုယ်တရားသိအောင် ကိုယ့်သီလ၊ သမာဓိ၊

ပညာ ရင့်ကျက်အောင် တရားကျင့်တာ ဖြစ်ပါတယ်။ ဒါ့ကြောင့် တရားဆိုတာ ကျင့်ရင် တက်ပါတယ်။ လုံးဝကို တက်တယ် ဒါဟာ တရားတော်မြတ်ကြီးက အာမခံတဲ့ အာမခံချက် ဖြစ်ပါတယ်။

တရားက ကျင့်ရင် တက်ပါတယ်။ တက်တာပဲ သမာဓိကျင့်လည်း တက်တာပါပဲ၊ ပညာဉာဏ်တွေလည်း တက်တာပါပဲ။ ကျွန်တော် တွဲခေါ်ပါ့မယ်။ ကျွန်တော် တော်တော်လေး သိပါတယ်။ ဝိပဿနာလမ်းမှာတော့ ဒါ ကျွန်တော့်လမ်းပါပဲ။ ကျွန်တော့်ရဲ့ Field ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် ကျွမ်းပါတယ်။ ကျွန်တော် ကူညီမယ် ထထရောကရောကကို ကူညီမယ်။ အရယာဆိုတာ ဘယ်လို ဆိုတာမျိုးကိုလည်း ကျွန်တော် ပြောပြနိုင်တယ်၊ ပြောပြပေးမယ် ဖြည်းဖြည်းချင်း တက်လှမ်းရအောင်။

အဲဒီတော့ အဖျက်သမားတွေတော့ ဂရုမစိုက်ပါနဲ့ တရားကိုမြတ်နိုးလို့ တရားကျင့်တယ်ပေါ့နော်။ (ဥပမာလေး နည်းနည်းပေးခွင့်ပြုပါ) နန္ဒမင်းသားလေး ဆိုတာ တစ်ချိန်ကရှိခဲ့တယ်။ သူက နတ်သမီးလိုချင်လို့ တရားကျင့်တယ်။ ဒီတော့ တခြားရဟန်းတွေက 'နတ်သမီး လိုချင်လို့ တရားကျင့်တာရယ် အံ့ပါတယ်၊ ဘုရား ကြည်ညိုလို့ ဘုရားဟောတဲ့တရား မြတ်နိုးလို့ တရားကျင့်တယ်ဆိုရင် ကောင်းမှာပဲ' လို့ အဲဒီလို ဘေးကနေပြီး

မကြားတကြား ပြောတဲ့အခါကျတော့ သူက 'ကဲ နတ်သမီးကိုလည်း မလိုချင်ဘူး၊ တရားပဲ ကျင့်မယ်၊ တရားကို လိုချင်လို့ တရားပဲကျင့်မယ်' ဆိုတာမျိုး ဇောက်ချလိုက်တယ်။ အဲဒီတော့ ရဟန္တာ ဖြစ်သွားပါတယ်။

ဒီသဘောပါပဲ တစ်ပါးသူတွေရဲ့ အထင်ကြီးခြင်း၊ သေးခြင်းကို ပယ်ထားပြီးတဲ့နောက် ကိုယ်တရားသိရင် ကိုယ်ပဲ ချမ်းသာမယ်၊ ကိုယ်ပဲ လွတ်မြောက်မယ်၊ ကိုယ်ပဲ အေးငြိမ်းမယ်။ ဒါကြောင့် တရားတော်ကို ကြည်ညိုလို့ တရားတော်ကို ပူဇော်ရင်းနဲ့ တရားတော်ကို မြတ်နိုးလို့ တရားကျင့်တယ်ဆိုတဲ့ ခံယူချက်ခိုင်မာဖို့ အရေးကြီးပါတယ်။

ဒီခံယူချက် ခိုင်ခိုင်မာမာနဲ့ ငါးမိနစ်ရှိ၊ ဆယ်မိနစ်ရှိ ဝင်လေလေးက ဖြစ်တယ်၊ ထွက်လေလေးက ပျက်တယ်၊ ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်၊ အကြောင်းခံရင် အကျိုး ပေါ်တယ်၊ ဖြစ်ပေါ်လာတဲ့ စိတ်တွေဟာ 'ငါ' မဟုတ်ဘူး ဒုက္ခတွေပဲ၊ မြတ်စွာဘုရား ဟောပြီးသားပဲ 'ငါ' မဟုတ်ဘူး၊ ဒါတွေကို သွားစမ်း၊ လက်မခံဘူး၊ လက်ခံစရာ အကြောင်းလည်း မရှိဘူးဆိုပြီး ပယ်တဲ့ဉာဏ် ရလာလို့ ရှိရင် မိမိဟာ တော်တော်ကို အဖိုးတန်တဲ့ သစ္စာဝါဒီတစ်ဦး ဖြစ်လာပြီလို့ သတ်မှတ်နိုင်ကြောင်း ပြောပြလိုပါတယ်။

အပိုင်း (၁၀)

လေ့ကျင့်ရင်စွမ်းတယ် ဆိုတာကတော့ ဒီခေတ်က သက်သေသာဓက အထောက်အထားတွေ အများကြီး ပေါ်နေပါတယ်။ ကိုယ်သန်ရာ ကိုယ်လေ့ကျင့်ကြတာပါပဲ။ တရားလေ့ကျင့်တဲ့အခါ တည်ငြိမ်မှုရတယ်၊ အေးငြိမ်းမှုရတယ်၊ ချမ်းသာမှုရတယ်၊ လွတ်မြောက်မှုလည်းရတယ်။ နောက် လောကဓံတွေ့တဲ့အခါ ကိုယ်က တရားလွတ် ထားတဲ့ ပုဂ္ဂိုလ်များနဲ့ မတူနိုင်ဘဲ ခံနိုင်တယ်၊ ကျော်လွှား နိုင်တယ်၊ ရင့်ကျက်တယ်၊ တည်ငြိမ်ပါတယ်။

ဒီတော့ ကိုယ်ဝါသနာပါရာ ကိုယ်လုပ်ကြတာပေါ့။ ငယ်ရွယ်သူတွေကတော့ အားကစားတို့ စသည်ဖြင့်

သန်ရာသန်ရာ လေ့ကျင့်ကြတာ၊ လေ့ကျင့်တော့ သန်ရာသန်ရာ စွမ်းတာပါပဲ။ တရားလေ့ကျင့်တော့ တရားစွမ်းတာပါပဲ။ ဒါကတော့ အထူးပြောစရာ မလိုပါဘူး၊ Practice makes perfect ဆိုတဲ့ အတိုင်းပါပဲ။

သမာဓိဆိုတာ တောတောလေ့ကျင့်ရင် တောတော် တက်တယ်။ ကျွန်တော်ဆိုရင် အံ့သြဖွယ်ရာကောင်းလောက်အောင်ကို သိရတယ်။ သြော်. . . တရားတော်ဟာ အဲဒီလောက်ကိုး။ ဥပမာ . . . အားကစားကျင့်တယ် အားကစားကောင်းကြတာပဲ။ ဒီလိုပဲ ကွန်ပျူတာကျင့်တယ် ကွန်ပျူတာ တော်ကြတာပဲ။ စီးပွားရေး လိုက်စားတယ် စီပွားရေး ပညာရှင်တွေ ဖြစ်ကြတာပဲ၊ သိပ္ပံပညာလည်း ဒီလိုပါပဲ။

တရားဆိုတာကလည်း ဒီလိုပဲ တရားကိုကျင့်တယ် သီလ၊ သမာဓိ၊ ပညာရအောင်လုပ်တယ်ဆိုရင် တက်တာပါပဲ။ အခုကျင့်စဉ်ကတော့ ကျင့်တဲ့ပုဂ္ဂိုလ်တိုင်း တက်မယ့် ကျင့်စဉ်ပါပဲ။

တရားကျင့်တဲ့အခါ တရားကို မြတ်နိုးလို့ ကျင့်တယ်ဆိုတာ အခု သဘောပေါက်ပြီ။ Intransitive Value ပေါ့လေ၊ တရားကို Instrumental Value လို့ မထားဘူးပေါ့။ ကိရိယာလို အသုံးချဖို့ ခုတုံးလုပ်တာ မဟုတ်ဘူး၊ တရားကို ကျင့်တာဟာ တရားကို ကြိုက်လို့၊

ပြီးတော့ တစ်ပါးသူတွေရဲ့ သဘောထားတွေကိုလည်း မမှီခိုဘူး၊ တရားသမားဟာ တစ်ပါးသူတွေရဲ့ သဘောထားတွေကိုလည်း မမှီခိုဘူး၊ တရားသမားဟာ တစ်ပါးသူတွေရဲ့ အမြင်တွေကို မမှီခိုပါဘူး။ တစ်ပါးသူရဲ့ အမြင်ဆိုတာ သူ့အမြင် သူ့ဘာသာသူပဲ၊ သူ့ကိစ္စပဲ၊ ကိုယ်နဲ့ ဘာမှမပတ်သက်ဘူး။ ကိုယ်တရားရှိရင်လည်း သူတို့က တရားမရှိဘူး ထင်လည်း ကိုယ်နဲ့ ဘာမှမပတ်သက်ဘူး။ ကိုယ်တရားမရှိဘဲနဲ့ သူတို့က တရားရှိတယ်ထင်နေလည်း သူတို့ ထင်တာက ထင်တာပဲ၊ ကိုယ်မှမရှိတာ ဘယ့်နှယ်လုပ်မလဲ။

ဒီတော့ ကိုယ်တရားရှိဖို့ပဲ အရေးကြီးပါတယ်၊ တစ်ပါးသူတွေရဲ့ ထင်မြင်ချက်က မှီခိုစရာလည်း မဟုတ်ပါဘူး။ လိုလားစရာလည်း မဟုတ်ပါဘူး၊ ကိုယ့်တရားကို ကိုယ် (Intransitive Value) ခေါ်တဲ့ အတွင်းတန်ဖိုး ထားပြီး ကျင့်ဖို့ပါပဲ။

အခု တရားကျင့်နေတဲ့ ပုဂ္ဂိုလ်များက အတော်ကို တိုးတက်လာပြီ ဒီထက်လည်း တိုးတက်ရဦးမှာပါ။ ဒီလို တိုးတက်ရင်းနဲ့ တရားမှာ ခိုင်မာလာမှာပါ။

ကျင့်ဖို့နဲ့ အဖျက်သမားတွေစကားကို နားမယောင်ဖို့ဘဲ ကျွန်တော် တောင်းဆိုပါတယ်၊ ကျန်တာ ဘာမှ မတောင်းဆိုပါဘူး။ စိတ်ချပါ၊ ကျင့်ရင် တက်မှာပါပဲ။

ဒေါက်တာချစ်ငယ် (ဒဿန)

ကိုယ့်ဘာသာကိုယ် မငြင်းသာ မတတ်သာအောင် တက်မှာ ဖြစ်ပါတယ်။ ဒါဟာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပါပဲ။

ကျွန်တော်ဆိုရင် တစ်ချိန်က အခါမလပ် ဆင်ခြင်နိုင်တဲ့ ဉာဏ်ပညာကို တော်တော့်ကို လေးစားတယ်၊ ကျွန်တော်တို့ လက်လှမ်းမမီနိုင်လောက်ဘူးလို့တောင် ယူဆဖူးတယ်။ ဒါပေမယ့် အဟုတ်ကျင့်တဲ့အခါမှာ အခါမလပ် ဆင်ခြင်နိုင်တဲ့ စွမ်းရည်တွေပါ ကိန်းအောင်းလာတာ၊ ပိုင်ဆိုင်လာတာကို တွေ့လာရတယ်။ ဒီအခါမှာ တရားတော်ဟာ လွန်စွာ အံ့ဩဖွယ်ကောင်းကြောင်းကို ကိုယ်တိုင်ကိုယ်ကျ သဘောပေါက် ခံစားမိပါတယ်။

ဒါကြောင့် တရားလေးစားတဲ့ သစ္စာဝါဒီများကို တရားတော်ရဲ့ ဂုဏ်ကျေးဇူးကို ရသည်အထိ၊ ကိုယ်တိုင် မလွဲသာ၊ မတတ်သာ၊ မငြင်းသာအောင် တိုးတက်ကြောင်းကို ဝန်ခံရမယ်လို့ ဖြစ်ရလောက်အောင်အထိ အားပေးကူညီ တိုက်တွန်း နှိုးဆော်မယ့်အကြောင်းလည်း ကြိုတင် သတင်းကောင်း ပေးထားပါတယ်။

အပိုင်း (၁၁)

အခုအကျင့်ပိုင်းမှာ ထက်ထက်သန်သန် မှန်မှန်ကန်ကန် လေ့ကျင့်နေကြတော့ အထူးဝမ်းသာဖွယ်ရာကောင်းတယ်၊ သာဓုခေါ်စရာလည်း ကောင်းပါတယ်။

ကျင့်ခြင်းမှာ အစစအရာရာ တည်တာပါ "လေ့ကျင့်ရင် စွမ်းတာပဲ"။ အထူးသဖြင့် လမ်းစဉ်မှန်မှန်နဲ့ လေ့ကျင့်တဲ့အတွက် ပိုပြီးတန်ဖိုးရှိတယ် လမ်းစဉ်ကတော့ အမှန်အကန်ပါပဲ။ ဒီလမ်းစဉ်နဲ့ တရားရှင် ဖြစ်ကြရတာပါပဲ။ တရားရှင်ဖြစ်တော့ ဘာထူးခြားလဲဆိုတော့ လောကကြီးကို နားလည်တာ ထူးခြားပါတယ်။ နောက် လောကကြီးမှာ ခွာပြီးတော့လည်း နေတတ်တာပေါ့လေ။

လောကကြီးကပူတိုင်း ကိုယ်မပူဘူးပေါ့။ အေးရာအေးကြောင်း နေတတ်တယ်၊ အေးရာအေးကြောင်း နေတတ်တာဟာ ပျင်းရိဖင့်နွဲ့တာ မဟုတ်သလို ထွက်ပြေးအဘိဓမ္မာလည်း မဟုတ်ဘူး။ ဗုဒ္ဓဘာသာဟာ ထွက်ပြေးအဘိဓမ္မာ မဟုတ်ပါဘူး။ သစ္စာကိုရှာဖွေတဲ့ ရဲရဲရင့်ရင့် လုပ်ငန်းတွေပါ။ တချို့က လောကီက ထွက်ပြေးချင်လို့ လောကုတ္တရာ ရှာတယ်လို့ ဒီဋ္ဌိတွေက ဒီလိုစွပ်စွဲကြတာ၊ သူတို့မှားပါတယ်။

တကယ်တော့ တရားကျင့်တဲ့ ပုဂ္ဂိုလ်တွေဟာ သူရဲကောင်းတွေပဲ။ မြတ်စွာဘုရား ထားခဲ့တဲ့ အမွေကို ရအောင်လို့၊ အောင်ပန်းကို လှမ်းကိုင်နိုင်အောင်လို့ ကြိုးစားကြတာ တကယ့်အာဇာနည်တွေပဲ။ အဓိပတိတွေ၊ သူရဲကောင်းတွေပဲ။ ခြိုးကျူးစရာ အင်မတန်ကောင်းပါတယ်။

တရားဆိုတာ ရတော့ချမ်းသာတယ်၊ လွတ်မြောက်တယ်၊ နောက် အေးငြိမ်းတယ်ပေါ့။ တရားရဲ့ ဂုဏ်ကျေးဇူးတွေက အများကြီးပါ။ ဒါတွေကို ကျွန်တော်က အခါအခွင့်သင့်တဲ့အခါ ပြောပေးတာက တရားသမားဆိုတာကို ပိုပြီး ဘဝင်ကျစေချင်လို့ ပြောပေးတာပါ။ ကျွန်တော်က ငါသိ၊ ငါတတ်၊ ငါမြတ် ဆိုတာမျိုး ပြောလေ့မရှိဘူး။ဒါပေမယ့် ကျွန်တော်က အားပေးချင်တယ်လေ။

'ကျွန်တော်တော့ မသိဘူးဗျာ လုပ်ကြပါ'ဆိုတာ မျိုး ဒီလိုပုံစံမျိုး ကျွန်တော်က မသွားချင်ဘူး။

'ကျွန်တော်သိတယ်၊ ဒါတွေလုပ်ခဲ့တယ်၊အောင်မြင်တယ်၊ လုပ်သာလုပ် အာမခံတယ်၊ ဒါတရားတော်ရဲ့ **ဂုဏ်ကျေးဇူးပဲ**' လို့ ဒါမျိုးပြောချင်တယ်။ ဒါကြောင့် ကျွန်တော် ပြောနေတာပါ။

ကျွန်တော်ကတော့ ဆရာကောင်းနဲ့ (၁၀)နှစ်တိတိ ပညာသင်ခဲ့ရတော့ ကံထူးသူလို့ ပြောရင်လည်းရပါတယ်။ ကျွန်တော့်ဘဝကတော့ ထူးခြားပါတယ်၊ တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာ စေတနာလည်း ရှိတယ်၊ သန့်သန့်ရှင်းရှင်းလေး တကယ့်မေတ္တာ စေတနာနဲ့ ကူညီမှာ၊ ကြိုးသာကြိုးစား ဒီအတိုင်းပဲ ကြိုးစားပါ။ ကျွန်တော်က ပြောရင်းဆိုရင်း ဝိနည်းတွေ ပါသွားလိမ့်မယ်၊ အဲဒီ ဝိနည်းအတိုင်းသာကျင့်။ ကိုယ်တရား မြတ်နိုးလို့၊ လိုချင်လို့ ကျင့်တယ် ပြီးတာပဲ။

သူများ ထင်တာက ထင်တာပဲ သူများကိစ္စပဲ ကိုယ်နဲ့ တိုက်ရိုက်မပတ်သက်ဘူး။ ကိုယ်ရှိမှ ကိုယ်ရတာ။ ဒါကြောင့် သူများအထင်သေးလည်း ဂရုစိုက်စရာမလိုဘူး။ ကျွန်တော့်ဆို ဝိုင်းအထင်သေးကြတာတွေ အများကြီးရှိပါတယ်။ ကျွန်တော့်ကို ဝိုင်းတိုက်ကြတာတွေလည်း အများကြီးရှိပါတယ်။ ကျွန်တော်က ပီပြင်တာကိုး။

ကျွန်တော် ဥပမာပြောမယ် ရိုးရိုးလေး။ **"တရားဆိုတာ ရှုရတာ၊ မှတ်ရတာ မဟုတ်ဘူး"**။ ဒီလိုပြောတော့ မှတ်တဲ့အသိုင်းအဝိုင်းက ကျွန်တော့်ကို တော်တော်ရန်လုပ်တယ်။ သူတို့ ရန်သာလုပ်တယ် 'သညာဝေဒိတ နိရောဓ သမ္မာပတ္တိယာ' **'နိဗ္ဗာန်ကို သွားခါနီး သညာချုပ်ရတယ်'** ဆိုတော့ သူတို့ နောက်ပိုင်း ခက်ပြီ။ မှတ်တဲ့ ပုဂ္ဂိုလ်တွေ နောက်ပိုင်းခက်ပြီ။ မှတ်တာက ကိုယ့်အလုပ်မှ မဟုတ်ဘဲနဲ့။ **မှတ်တာက ပွားစရာ မဟုတ်ဘူး၊ မှတ်တာဟာ ပယ်စရာ။ ထိုးထွင်းဉာဏ်ကိုသာ ပွားရမှာ**။ ဒါကို သူတို့က မပေါက်လို့။ ဒါ ဆရာကောင်းတွေကမှ သင်တာကိုး။ **မှတ်ဖို့မဟုတ်ဘူး ရှုဖို့၊ ဒီနောက် ဆင်ခြင်ဖို့**။

ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောမယ် ရေချိုးတယ်ဆို 'ချိုးတယ်' 'ချိုးတယ်' 'ချိုးတယ်' ဆိုပြီး မှတ်ဖို့ ထက် 'သြော် ရုပ်နာမ်ကြီးဟာ သွေး ပြည် သလိပ် အကောင်ပုပ်ပဲ၊ တကယ်တမ်းက သန့်ရှင်းရေးတွေ လုပ်နေရတာပဲ၊ ဒါဟာ သန့်ရှင်းရေးလုပ်ရတာ ရရှိထားတဲ့ ရုပ်နာမ်ကြီး တကယ်တော့ ဒါဟာ ဒုက္ခတုံးကြီး' ဒီလို ဆင်ခြင်ရမှာ။

အခုတော့ 'ချိုးတယ်' 'ချိုးတယ်' 'ချိုးတယ်' ဆိုတော့ ဒီလိုမျိုး မမှတ်နဲ့ဆိုပြီး ကျွန်တော်က ပီပြင်အောင် ရှင်းအောင် ပြောတာပါ။

ကျွန်တော်က အခိုင်အမာတွေ ရှိတယ်။ အသေးစိတ်ကို နောက်ပိုင်းမှ ရှင်းပြမှာ။ တကယ် နိဗ္ဗာန်ကို သွားတဲ့အခါ ထိုးထွင်းဉာဏ်နဲ့ သွားရတာ၊ အရိယာဉာဏ်နဲ့ သွားရတာ၊ **မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သွားရတာ၊ မှတ်တဲ့သညာ မပါဘူး။ သညာတို့ ဝေဒနာတို့ဆိုတာ ချုပ်ခဲ့ရတာ။ ဒါကြောင့် ချုပ်ရမယ့်အရာကို ပွားနေတော့ မှားနေတယ်** လို့ ကျွန်တော် ပြောတဲ့သဘောပါပဲ။

ကျွန်တော်က အမှန်အကန်ကို အတိအကျပြောတာ၊ ပြောမယ်။ ကျွန်တော့် ပရိသတ်ကို ကျွန်တော် လေးစားတယ်၊ ဒီတော့ ကျွန်တော်ပြောမယ်၊ နိဗ္ဗာန်ရောက်သည်အထိ ပြောနေမှာပဲ။ နိဗ္ဗာန်ဆိုတာ လက်တစ်ကမ်းမှာ သာသနာကြီးရှိတယ်။ ဘာမှပူစရာမလိုဘူး ကျင့်ဖို့ပဲ လိုတယ်။ ဒီတော့ အကြောင်းကြောင့် အကျိုးဖြစ်တယ်။

'အကြောင်းကြောင့် အကျိုးဖြစ်တယ်' လို့ ဆင်ခြင်ပါ။ ဆင်ခြင်ခြင်းဟာ မြတ်စွာဘုရားရဲ့ တရားတော်ပါ။ **'တရားကို မြတ်နိုးလို့ပဲ တရားကျင့်တယ်'** ဆင်ခြင်ပါ။ **'သူများပြောတာတွေဟာ သူများပြောတာနဲ့ သူများတာဝန်တွေပဲ၊ ကိုယ်နဲ့တိုက်ရိုက်မပတ်သက်ဘူး။ကိုယ်နဲ့ တိုက်ရိုက်ပတ်သက်တာက ကိုယ်ကျင့်နိုင်ဖို့၊ ကိုယ့်သီလသန့်စင်ဖို့၊ ကိုယ့်သမာဓိတည်ငြိမ်ဖို့၊ ပညာဉာဏ်ထိုးထွင်းဆင်ခြင်နိုင်ဖို့'** ဒါတွေက အရေးကြီးတာပါ။

ဒေါက်တာချစ်ငယ် (ဒဿန)

ဒါကြောင့် အရေးကြီးတဲ့ လုပ်ငန်းကိုပဲ လုပ်မယ်။ နောက်ဆုံးတော့ ဝင်လေလေးက ဖြစ်တယ်၊ ထွက်လေလေးက ပျက်တယ်ဆိုတော့ ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်ကိုး။ မွေးဖွားခြင်းရှိရင် သေးဆုံးခြင်းရှိတယ်ကိုး။ (၃၁)ဘုံက ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတယ်။ (၃၁)ဘုံရဲ့ လွန်ရာကျတော့ အသင်္ခတ ခေါ်ပါတယ်၊ အနုတ္တရဓာတ်လည်း ခေါ်ပါတယ်၊ လောကုတ္တရာ ခေါ်တာပေါ့နော်။ လောကီက လွန်သွားတာ။ လောကဆိုတာက ပျက်တာ။ လောကဥတ္တရာဆိုတာက ပျက်တာက လွန်ရာဆိုတော့ မပျက်တော့ဘူး။ နိဗ္ဗာန်မှာတော့ မပျက်တော့ဘူး။ နိဗ္ဗာန်က မပျက်တော့ဘူး သိပ်အံ့ဩစရာ ကောင်းပါတယ်။

ကောင်းပါပြီ။ ဖြည်းဖြည်းချင်း ကျွန်တော်တို့ အဆင့်ဆင့် သွားကြတာပေါ့။ နိဗ္ဗာန်အကြောင်းလည်း ကျွန်တော် ပြောတတ်ပါတယ်။ ကျွန်တော် အထူးလည်း လေ့လာထားပါတယ်။ **ကျွန်တော့် ဆရာသမားကလည်း ကျွန်တော့်ကို သေသေချာချာ သင်ပြပေးထားတာ။** ကျွန်တော် နိဗ္ဗာန်ကို သူတော်ကောင်းတွေရဲ့ သဘောထား အတိုင်း ဟုတ်တိုင်းမှန်စွာ အဓိပ္ပာယ်ဖွင့်ပြီး ပြောတတ်ပါတယ်။ နောက်တော့ ပြောပြပေးပါမယ်၊ ကြိုးစားပါ။

အပိုင်း (၁၂)

သစ္စာဝါဒီများ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင်ကို ဝင်နေကြတော့ သာမုခေါ်ပါတယ်။

အမှန်ကတော့လည်း ကိုယ့်ကိုယ်ကိုယ် အကျိုးရှိအောင် ကျင့်တဲ့ ကျင့်စဉ်တစ်ခုပါပဲ။ သေခြင်းတရား ရင်ဆိုင်တဲ့အခါကျတော့ ကိုယ့်ခန္ဓာနဲ့ ကိုယ်နဲ့ ရှုရတာပါ။ ဘယ်စာအုပ်မှ လှန်လို့လည်း မရပါဘူး။

ခန္ဓာကို လက်တွေ့ ကျင့်ဖူးကြံဖူးတဲ့ ပုဂ္ဂိုလ်တွေမှ သေခြင်းတရားကို ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်တယ်၊ ပြုံးပြုံးရွှင်ရွှင်နဲ့ ရင်ဆိုင်နိုင်တယ်၊ သေခြင်းတရားကို ‘ဝ’ ကွက်ပေးနိုင်တယ်။ တရားရှုရင်းနဲ့ သေခြင်းတရားကို ရင်ဆိုင်

သွားကြတာ။ အဲဒီနေရာမှာတော့ စာအုပ်လှန်လို့မရဘူး။

ဒါကြောင့် လက်တွေ့ကျင့်ခြင်းဟာ အင်မတန် အဖိုးတန်တယ် မကျင့်ကြလို့။ လက်တွေ့ကျင့်ခြင်းကမှ မြတ်စွာဘုရားကို တကယ်ကြည်ညိုသူဖြစ်တယ်၊ လက်တွေ့ ကျင့်တော့မှ တရားကို တကယ်မြတ်နိုးသူဖြစ်တယ်၊ လက်တွေ့ကျင့်တော့မှလည်း ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိအောင်လို့ အကျိုးရှိအောင်လို့ ကျင့်တာ ပီသတယ်။ ဒီကျင့်စဉ်ရဲ့ အကျိုးအမြတ်က ကိုယ်နဲ့အတူ ပါလာမှာ ပါပဲ။ ဒါကြောင့် သာမုခေါ်ပါတယ် အားလည်းပေးတယ်။

ရုပ်နာမ်ဟာ အကြောင်းအကျိုးပါပဲ၊ ဖြစ်ပြီးတော့ လည်း ပျက်တာပဲ။ ဒါကို ခန္ဓာကပြနေတာ ဝင်လေဖြစ်ပြီး ထွက်လေပျက်တာနဲ့ ပြနေတာ၊ သင်္ကေတလေး ယူလိုက်လို့ ရတယ်။ ဖြစ်ခြင်းရှိရင် ပျက်ခြင်းရှိတာပဲ။

နိဗ္ဗာန်ကျတော့ တစ်မျိုး၊ **နိဗ္ဗာန်က ရုပ်နာမ် မရှိဘူး။ ဒါကို သူတော်ကောင်း အဆုံးအမ ယဉ်ကျေးတဲ့ ပုဂ္ဂိုလ်မှ သိတာ။** သစ္စာဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်မှသာ သိတာ။ နိဗ္ဗာန်စံတဲ့ အခါကျ ဒီရုပ်ဒီနာမ်မပါဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့စံတာ အဲဒါကို တော်တော်များများ ပေါ့နော်၊ သူတို့က သတိမထားကြလို့။

နိဗ္ဗာန်စံတဲ့အခါကျ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပဲ သွားရတာ၊ အသိပဲရှိတာ၊ စိတ်မပါဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်

ခေါ်တယ်။ စိတ်ဆိုတာ အမှန်ကတော့ ဒုက္ခသစ္စာလည်း ထိုက်တယ်၊ သန်ဒီတတရားဆိုတာ ပျက်တာကိုး။ အဲဒါ မရေလည်ကြလို့ပါ။ ရေလည်ရင်တော့ သဘောပေါက်သွားမှာပါ။ ယုတ္တိနည်းကျ စဉ်းစားတတ်ရင်လည်း သဘောပေါက်တယ်၊ သိပ္ပံနည်းကျ စဉ်းစားရင်လည်း သဘောပေါက်တယ်။ နိဗ္ဗာန်က ဒီရုပ်နာမ်တွေကို လက်မခံဘူး။ ဒါကို မသိကြဘူး၊ မသိကြတော့ တော်တော်မှားနေကြတာ။

ဒီတော့ ဒါ ဗဟုသုတအဖြစ်နဲ့ ပြောတာပါ။ နိဗ္ဗာန်ကို တကယ်စံတဲ့အခါကျ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သွားတာပါ။ ကျွန်တော် ပြောပြမှာပါ၊ ဖြည်းဖြည်းချင်း ပြောပြမယ်။

နိဗ္ဗာန်က မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့သွားတာ၊ နိဗ္ဗာန်ကို သိတယ်။ **နိဗ္ဗာန်မှာ ဂုဏ်ရည်တွေရှိတာပဲ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ အသိခက်တယ်၊ နက်ရှိုင်းတယ်၊ နှိုင်းခိုင်းစရာဥပမာ ထပ်တူထပ်မျှ မရှိဘူး၊ ကင်းဆိတ်တယ်၊ ချမ်းသာတယ်၊ လွတ်မြောက်တယ် ဆိုတာ** နိဗ္ဗာန်မှာ ဂုဏ်ရည်တွေ အများကြီးပဲ။ ဒါတွေဟာ နိဗ္ဗာန်တကယ်ရှိလို့၊ တကယ်ရှိတဲ့ နိဗ္ဗာန်ရဲ့ ဂုဏ်ရည်တွေကို ဝင်စားဖူးတဲ့ ရဟန္တာတွေက ဆိုမိန့်ခဲ့လို့ ကျွန်တော်တို့လည်း ဗဟုသုတတွေ ရကြတာပေါ့။

နိဗ္ဗာန်က မြတ်စွာဘုရားကလည်း ဟောတော်မူခဲ့တာ၊ ချစ်သားတို့ နိဗ္ဗာန်ဟာ တကယ်ရှိတယ်။ သို့သော် နိဗ္ဗာန်ဆိုတာ အသခ်ိတ ပြုပြင်စီရင်ခြင်းဌာ မအပ်လို့ ဒီ(၃၁)ဘုံနဲ့ မတူတာဘဲ၊ နိဗ္ဗာန်တွေ့ရင် အသစ်အဆန်းတော့ တာပဲ။

သိပ္ပံပညာရှင်တွေထက် အဆရာထောင်မက သာသွားပြီ။ သူတို့က ဒီလောကကြီးရဲ့ အခြေခံအမှုန်လေးလောက်ပဲ သိတာ၊ နိဗ္ဗာန်သိတဲ့ ပုဂ္ဂိုလ်ကတော့ ဟိုးလောကရဲ့လွန်ရာအထိ သိသွားတာ တအားကွာပါတယ်။

နောက်တော့လည်း ရေလည်မှာပါ၊ သဘောပေါက်မှာပါ။ ဒီတော့ ကြိုးသာကြိုးစား၊ သမာဓိရအောင်ကြိုးစား၊ တဖြည်းဖြည်းနဲ့ ပညာဉာဏ် ကိန်းလာမှာပဲ။ ကျွန်တော်လည်း ပြောနေ ဟောနေမှာပါ၊ အားပေးပါ့မယ်။ နိဗ္ဗာန်ကို ဘယ်လို စံဝင်သွားတယ်၊ (၃၁)ဘုံကို ဘယ်လို ခြေကန်တယ် ဆိုတာအထိ ကျွန်တော်ပြောမှာ၊ ဖြည်းဖြည်းချင်း ပြောပါ့မယ်။

အဲဒီတော့ အခု ပြောလိုတာကတော့ နိဗ္ဗာန်စံတဲ့ အခါ ဒီရုပ်နာမ်မပါဘူး ဆိုတာကို အခိုင်အမာတော့ သဘောပေါက်ထားပါ။

မဂ်ဉာဏ် ဖိုလ်ဉာဏ် 'စတုမဂ္ဂ ဉာဏေန သစ္စိကာတဗ္ဗံ' ဆိုတာ ရှိပါတယ်။ လေးပါးသော မဂ်ဉာဏ် ဖိုလ်

ဉာဏ်ပဲ မျက်မှောက်ပြုတယ်တဲ့။ (ကျွန်တော် ပါဠိလို သိပ်မရွတ်လိုပါဘူး။ အခါအားလျော်စွာ တစ်ချက်လောက်ပဲ ကျွန်တော် ပြောတာပါ။)

ဒီတော့ နိဗ္ဗာန်စံရင် မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ စံတယ်ဆိုတာလေးကို ကျွန်တော် သတင်း ပေးထားပါတယ်။ ကြိုးစားပါ။ အားရှိပါ။ ကိုယ်ကျင့်တာ ကိုယ်ရတာပဲ၊ ကိုယ့်ပါရမီ ကိုယ်ဖြည့်တာပဲ၊ သာသနာတွင်းဆိုတော့ ရတာပေါ့။ ကျွန်တော်တို့လည်း ဒီလိုပဲ တိုးတက်ခဲ့ရတာ။ ဒါပေမယ့် ကျွန်တော်က ကံကောင်းတော့ ဆရာကောင်း သမားကောင်း လက်အောက်မှာ ကြိုးစားခဲ့ရတော့ ထိရောက်တယ်။ အဲဒါလေးကို ဖောက်သည်ချခြင်း ဖြစ်ပါတယ်။ ဝမ်းသာပါတယ်။

အပိုင်း (၁၃)

အားလုံးပဲ တရားအားထုတ်လာတော့ ရုပ်နာမ် အကြောင်းကို ထပ်ပြောပါ့မယ်။ ရုပ်ဆိုတာကတော့ အသိမရှိတဲ့ အခြေခံဒြပ်ပါပဲ။ နာမ်ဆိုတာ အသိရှိတယ်။ ရုပ်က အသိမရှိဘူး၊ နာမ်မှာပဲ အသိရှိတယ်။ ဒီနှစ်ခုကို ကွဲကွဲပြားပြား သိရမယ်၊ သစ္စာဝါဒီ မှန်ရင် ကွဲပြားရမယ်။ **ရုပ်နာမ် သိမှ ဖြစ်ပျက်မြင်မှာကိုး။**

ရုပ်ဆိုတာ အသိမရှိဘူး။ နာမ်မှာပဲ အသိရှိတယ်။ ဒီဟာက လွယ်လွယ်လေးနဲ့ ကမ္ဘာ့ပညာရှင်တွေ မသိကြဘူး။ သိပ်ပညာရှင်တွေလည်း မသိကြဘူး။ ဒါကြောင့် 'စကြဝဠာကြီးဟာ ဘာရည်ရွယ်ချက်နဲ့ ဆက်လက်

ရှေ့သွားနေတာလဲ' ဆိုတဲ့ မေးခွန်းဟာ သိပ္ပံနယ်ပယ်မှာ ပေါ်နေတယ်လေ။ Why is the Universe the way it is ? ဆိုတဲ့ မေးခွန်းက ပေါ်နေတယ်။ သဘောကတော့ 'စကြဝဠာကြီးဟာ ဘာရည်ရွယ်ချက်နဲ့ လှုပ်ရှားနေတာလဲ' ဆိုတာပဲ။ တကယ်တော့ ရုပ်မှာ ရည်ရွယ်ချက် မရှိဘူး။ ရုပ်ကတော့ သဘာဝအတိုင်း ဖြစ်နေတာ။ နာမ်မှာပဲ အသိရှိတယ်။ ဒါ ကွဲရမယ်၊ တော်တော့်ကို အရေးကြီးတယ်။ ဘာလို့လဲဆိုတော့ ရုပ်နာမ်သိမှ ဖြစ်ပျက်မြင်လာမှာ။

ဒီတော့ ရုပ်နဲ့နာမ်ရှိတယ်၊ ရုပ်က အသိမရှိဘူး၊ နာမ်က အသိရှိတယ်။ ဒီရုပ်နာမ်နှစ်ခုစလုံးဟာ နိဗ္ဗာန်စံဝင်တဲ့အခါ မပါဘူး။ ဒါကိုလည်း သိရမယ်။ နိဗ္ဗာန်က အသင်္ခတဓာတ်ဆိုတော့ **ရုပ်ကလည်း ဖြစ်ပြီးပျက်တယ်၊ နာမ်ကလည်း ဖြစ်ပြီးပျက်တယ်။ ဖြစ်ပြီးပျက်တဲ့တရားတွေက နိဗ္ဗာန်ကိုဝင်လို့ မရဘူး။** နိဗ္ဗာန်က စဖြစ်ခြင်းလည်းမရှိ ဆုံးဖြစ်ခြင်းလည်းမရှိတဲ့ တရားကြီး၊ အံ့ဩစရာကောင်းတယ်။ (နောက်တော့ အသေးစိတ်ပြောပါဦးမယ်)

အဲဒီတော့ ရုပ်နာမ်က သူ့ကိုအားကိုးပြီး ကျင့်ရတာမှန်တယ်၊ ဒါပေမယ့် နိဗ္ဗာန်သွားတဲ့အခါကျ သူ့ကိုထားခဲ့ရတယ်၊ ငြမ်းလိုပါပဲ။ ဒီတော့ ရုပ်သည် အသိမရှိဘူး လုံးဝဆုံးဖြတ်ထားပါ။ နာမ်သည် အသိရှိတယ်လို့ လုံးဝဆုံးဖြတ်ထားပါ။ ဒီရုပ်နာမ်ကိုသိမှ ဖြစ်ပျက် မြင်ဖို့အတွက်

အထောက်အပံ့ ဖြစ်လာမှာ ဖြစ်ပါတယ်။ ရှေ့ဆက်ရမယ့် ခရီးမှာ ဖြစ်ပျက်မြင်လာရတော့မယ်။ ဒီတော့ ရုပ်နဲ့ နာမ်နဲ့ကို ကွဲရမယ်။ ရုပ်သည် အသိမရှိဘူး၊ နာမ်သည် အသိရှိတယ်။ ရုပ်ကလည်း သူ ဖြစ်စရာ ဖြစ်ပြီးတော့ သူ ပျက်စရာ ပျက်နေတာပဲ။

ဥပမာ- စမ်းချောင်းတစ်ခုမှာ အောက်က ရေတွေက မင်းတို့ကို နေရာဖယ်ပေးဖို့အတွက် ငါတို့ မြန်မြန်စီးမယ်ဆိုတဲ့ သဘောမရှိဘူး။ သူတို့က အဲဒီလို ကြောင့်ကြပြီးတော့ မြန်မြန်စီးတာ မဟုတ်ပါဘူး။ ထို့အတူပဲ နောက်က ရေတွေကလည်း၊ ဟေ့ မင်းတို့ မြန်မြန်စီးကြကွာ ငါတို့ နေရာမရရင် လမ်းဘေးက ရွာတွေထဲကို မြို့တွေထဲကို ဝင်ပစ်လိုက်မယ် ဆိုတာမျိုးလည်း မရှိပါဘူး။ ဒီဟာ သူ့ဟာနဲ့သူပဲ၊ အသိနဲ့ မဟုတ်ပါဘူး။ ရည်ရွယ်ချက်နဲ့ မဟုတ်ပါဘူး။ အဲဒါ ရုပ်များရဲ့ လှုပ်ရှားမှုပါ။ ပါဠိလို *'အဗျာပါဒ'*လို့ခေါ်တာပေါ့။ *'အဗျာပါဒ'* မကြောင့်ကြဘူး။ သူ့ဖြစ်ချင်လို့ ဖြစ်ပြီး၊ ပျက်ချင်လို့ ပျက်တဲ့သဘာဝတွေ ရှိပါတယ်။

နိဗ္ဗာန်ကို သွားတဲ့အခါကျတော့ ဒီရုပ်ကိုလည်း ထားခဲ့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပျက်မှာမို့၊ နာမ်ကိုလည်း ထားခဲ့ရတယ်။ ဘာဖြစ်လို့လဲ ပျက်မှာမို့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတဲ့ ထူးခြားတဲ့ သတ္တိထူးနဲ့ကိန်းတဲ့ တရားနဲ့ပဲ

နိဗ္ဗာန်စံရမှာ ဖြစ်ပါတယ်။

နိဗ္ဗာန်စံတဲ့အခါကျတော့ ချမ်းသာသွားတာပေါ့။ ရုပ်နာမ်ကနေ လွတ်သွားတဲ့အခါကျတော့ အေးငြိမ်းသွားတာပေါ့။ ရုပ်နာမ်ကြီးက ပျက်စီးနေတာကြီးကို ကိုယ်က သိသွားရပြီးတော့ ဒီသဘောတရားတွေကို ကိုယ်က ပိုင်သွားတာပေါ့။ ရုပ်နာမ်က ပျက်ဆီးတယ်ဆိုတော့ မပိုင်တဲ့သဘောပေါ့။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကျတော့ ပိုင်သွားပြီး နောက်ထပ် ကိုယ့်ကို ချေဖျက်မယ့်လူလည်း မရှိတော့ဘူး။ ချေဖျက်ခြင်းခံရတဲ့သဘာဝလည်း မရှိတော့ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကတော့ ဘယ်သူကမှလည်း မချေဖျက်ဘူး၊ ဘယ်သူကမှလည်း မချေဖျက်နိုင်ဘူး၊ နောက်ထပ်တစ်ဖန် ထပ်မံပြီး ရအောင်လည်း လုပ်စရာမလိုတဲ့ အင်မတန် ထူးခြားတဲ့ အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကြီးကို ရမှာပါ။

အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရလို့ရှိရင် နိဗ္ဗာန်ကို ကြည့်ရမယ်၊ မြင်ရမယ်၊ နောက်ဆုံး ကိစ္စပြီးရင် စံဝင်သွားဖို့ပဲ ရှိပါတယ်။ နိဗ္ဗာန်က အံ့ဩစရာကောင်းတဲ့ ဓာတ်ပါ။ အင်မတန် နူးညံ့သိမ်မွေ့ပြီး အသိဓက်တဲ့ ဓာတ်ပါ။ စိတ်နဲ့ ဝင်စားလို့ မရဘဲနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ အရိယာဉာဏ်မှ ဝင်စားလို့ရကြောင်း သတင်းကောင်းလေး ပေးထားပါတယ်။

အပိုင်း (၁၄)

လက်တွေ့ကျင့်ကြံကြတာ လွန်စွာမှ ဝမ်းသာဖွယ်ရာ ကောင်းပါတယ်။ လက်တွေ့ကျင့်ခြင်းဟာ ကိုယ့်ကို တကယ်အကျိုးရှိစေတာပဲ။ လက်တွေ့ကျင့်တော့မှ ကိုယ်က တကယ်တတ်မှာ၊ မြတ်စွာဘုရားကို တကယ် ကြည်ညိုတယ်ဆိုတာလည်း လက်တွေ့မှပဲ။ ဒါမှ ခိုင်းတာ လုပ်တယ်ဆိုတဲ့ သဘောပဲ။ ရုပ်နာမ်အပေါ်မှာ မြတ်စွာဘုရား အမှုးပြုပြီး သူတော်ကောင်းတွေ ကြိုက်တဲ့အတိုင်း နှလုံးသွင်းတာပဲ။ အကြောင်းအကျိုးတို့၊ ဖြစ်ပြီးပျက်တာပဲတို့၊ ဒုက္ခသစ္စာတို့ ဆိုတာ မြတ်စွာဘုရား အလိုတော်ကျ မြတ်စွာဘုရား ဆုံးမတော်မူတဲ့ အတိုင်းပါပဲ။

တကယ်တော့ သိပ္ပံပညာဟာ စမ်းတဝါးဝါးနဲ့ ရှာတဲ့အဆင့်ပဲ ရှိသေးတယ်။ ပြီးပြည့်စုံတဲ့အမှန်ကို မရသေးဘူး။ အမှန်ရတာလေးတွေတော့ သူတို့ လူလောကကို ထုတ်လွှင့်တာပေါ့လေ။ ဒါပေမယ့် ပြီးပြည့်စုံတဲ့ သီအိုရီဆိုတာ မရသေးပါဘူး။ အဲဒါကို သူတို့ (T.O.E) လို့လည်း ခေါ်ကြတယ်။ Theory of everything ပေါ့နော်။ မရကြသေးဘူး၊ အိုင်စတိုင်း လက်ထက်ကလည်း မရဘူး၊ အခုဟော့ကင်းတို့၊ ပင်ရို(စ်)တို့ လက်ထက်လည်း မရသေးဘူး။ Ralativity လည်း မရဘူး။ Quantum Mechanics လည်း မရဘူး။

ဗုဒ္ဓဘာသာက ရပြီးသား၊ မြတ်စွာဘုရားက မိန့်ပြီးသား၊ ဆုံးမပြီးသား။ ဒါပေမယ့် မကျင့်ဖြစ်ကြတော့ အကျိုးမခံစားရတာ။ လောကီနဲ့ပဲ လိုက်သွားတာကိုး၊ လောကီဘက်ပဲ ဝေ့သွားတာ တော်တော့ပုဂ္ဂိုလ်က မကျင့်ဖြစ်ဘူး။ အခု သစ္စာဝါဒီများ ကျင့်ဖြစ်နေတော့ အင်မတန်ကိုကောင်းတယ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အကျိုးရှိစေတယ်။ ဘုရားကို တကယ်ကြည်ညိုသူလည်း ဖြစ်တယ်။

နောက်ဆုံး တရားက အရိယာ မဖြစ်သေးဘူးထားတော့ ကောင်းတဲ့ဘဝတွေ သွားမှာပဲ။ တရားကိုလည်း လက်တွေ့မြတ်နိုးရာကျတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာက အဆင့်မြင့်တာပါ။

ဗုဒ္ဓဘာသာက ပေါက်မြောက်ပြီးသား မြတ်စွာဘုရားက တွေ့ပြီးသားပဲ နိဗ္ဗာန်ကြီးကို တွေ့ပြီလေ။ အခုသိပ်ပဲဟာ အက်တမ်ကိုတွေ့တယ်၊ အီလက်ထရွန်၊နျူထရွန်၊ ပရိုတွန်ကို တွေ့တယ်၊ နောက် ကွာ့(ဒ်)ကို တွေ့တယ်။ သူတို့က The most Fundamental Substance လို့ ပြောတာပေါ့။ အဲ. . . နိဗ္ဗာန်တော့ မတွေ့ဘူး။ ကိရိယာနဲ့လည်း နိဗ္ဗာန်က မတွေ့နိုင်ဘူး။

နိဗ္ဗာန်က သီလ၊ သမာဓိ၊ ပညာနဲ့ အခုလို ဝိပဿနာ ကျင့်ပြီးတဲ့နောက်မှ ကိုယ့်ရုပ်နာမ်ကိုယ် ရှုဖန်များလို့ ဖြစ်ပျက်ဆုံးတော့မှ နိဗ္ဗာန်ကို မြင်တာကိုး။

မြင်ပါတယ် နိဗ္ဗာန်က ရှိတယ်။ မြတ်စွာဘုရားက **အတိအကျ** ဟောတယ်။ **'ချစ်သားတို့ နိဗ္ဗာန်ကြီးရှိတယ်တဲ့ မြတ်စွာဘုရားတွေ့ပြီ၊ ပါရမီပြည့်လို့ ဘုရားဖြစ်တဲ့အခါ နိဗ္ဗာန်ကြီး စတွေ့ပြီ၊ လွန်စွာ ချမ်းသာတယ်၊ အဲဒါကြောင့် ချစ်သားတို့ ချစ်သမီးတို့ ရောက်အောင်ကြိုးစားကြ၊ ဒီခန္ဓာကိုယ်ကြီးကို အနိစ္စလက္ခဏာတင်ကြ'**

'ဝယ ဓမ္မာ သခ်ၤါရာ အပ္ပမာဒေန သမ္ပာဒေထ' မမေ့နဲ့ ချစ်သားတို့ အပျက်ဆိုတာ မြတ်စွာဘုရား ဟောခဲ့တာ။ အခု ကျွန်တော်တို့ကလည်း အပျက်ရှုနေတာ

အပျက်သာရှိ ပေါ်လာတာလေးကို အပျက်ရှု၊ တွေးခွင့်လည်း မပေးဘူး ပေါ်လာတာ ဒုက္ခပဲလေ။ ဒုက္ခ ဘယ်လက်ခံမလဲ၊ ဒါမှ သုခဘက် သွားမှာကိုး။ **နိဗ္ဗာန်သွားမယ့်ပုဂ္ဂိုလ်က ပေါ်တဲ့စိတ်ကို လက်မခံရဘူး ရှုရတယ်၊ ရှုရင်း ရှုရင်းနဲ့ အရိယာဉာဏ်ကြီး ပေါ်လာမှာ၊ ပေါ်လာတာ တရားတော်ရဲ့တာဝန်၊ ရှုဖို့ဟာ ကိုယ့်တာဝန်ပါပဲ။**

ဒါကြောင့် ရှုတာကိုလည်း သဘောကျတယ် ရှုလည်း ရှုပါ၊ ဆက်လည်း ရှုပါ၊ ဇွဲနဲ့ အသည်းနဲ့ ရှုပါ။ **လွှန်စွာကျေးဇူးရှိပါတယ်။** ကျေးဇူးက တကယ့်ကို ရှိတာပါ။ **ဒါဖြင့်ရင်** ကမ္ဘာပေါ်မှာ ဘာဖြစ်လို့ သိပ်မရှုကြတာလဲ ဆို **သူတို့က** မရှုချင်ကြဘူး။ နောက်ပြီးတော့ **လောကီ**ဘက်ကို လိုက်တာများနေလို့၊ လောကုတ္တရာကို **မလိုက်**ကြဘူး။ အဲဒါ ဝမ်းနည်းစရာ သိပ်ကောင်းတယ်။

လူတွေက လောကုတ္တရာ မလိုက်ကြလို့ လိုက်ရင်ဖြစ်ထွန်းတာပေါ့။ တချို့ ဉာဏ်တွေ သိပ်ကောင်းတာ ဒါပေမယ့် မလိုက်ကြဘူး။ လိုက်ရင် အောင်တာပဲ။

ကျွန်တော်တို့ဆို ဉာဏ်ကောင်းတယ်လို့ ပြောဖို့ ထက် လိုက်လိုက်လို့ အောင်မြင်သင့်သလောက် အောင်မြင်တယ်လို့ ပြောဖို့က ပိုများပါတယ်။ အောင်မြင်ပါတယ်။

ကျွန်တော်ကတော့ မထိန်ချန်ဘူး။ ဒီခေတ်က I.T ခေတ်ပဲ။ ဒီတော့ သတင်းက ပေးရမှာပဲ။ ဗုဒ္ဓဘာသာဟာ အဟုတ်ကျင့်ရင် အဟုတ်ဖြစ်တယ်။ ကျွန်တော်တို့ရဲ့ အခုသီလ၊ သမာဓိ၊ ပညာကို မကျင့်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဘယ်လိုမှ နိုင်းယှဉ်လို့ မရနိုင်ပါဘူး။ ဒါကတော့ ဝါကြွားဖို့ မဟုတ်ပါဘူး။ အားပေးဘာပါ ကျင့်ရင်ဖြစ်တယ်ဆိုတာ အားပေးတာပါ။ မြတ်စွာဘုရားရဲ့ သာသနာဟာ အမျိုးကြီး ကျန်သေးတယ်။ သာသနာတွင်းမှာဆိုတာ ကျင့်ရင် ဖြစ်ပါတယ်။ ဒါကြောင့် ကျင့်ပါ၊ ကြံပါ၊ ကြိုးစားပါ။

ကိုယ့်ခန္ဓာကိုယ်ကို ဒီလမ်းစဉ် အတိုင်းသာ ဆင်ခြင်ပါ၊ နှလုံးသွင်းပါ၊ သုံးသပ်ပါ။ အဲဒါ အရိယာ ဉာဏ်မျက်စိ နောက်ရသွားမှာ။ အရိယာဉာဏ်မျက်စိ ရပြီဆိုတော့ လောကကြီးကို သုံးသပ်ရင် အရိယာဉာဏ်မျက်လုံးနဲ့ သုံးသပ်ပြီး အောင်မြင်ဖို့ ရှိပါတယ်။

ဒါကြောင့် ကြိုးစားစေချင်တယ်၊ ကြိုးစားတာလည်း သာဓုခေါ်တယ်၊ အားလည်းပေးမယ်၊ ရှေ့လျှောက်တက်လမ်းတွေ အဆင့်တွေကိုလည်း ပြောပြမယ်။ ကိုယ့်မှာရှိတဲ့ လောဘ၊ ဒေါသ၊ မောဟဟာ ကျင့်ရင်တော့ လျော့တာပဲ။ မလျော့ဘဲကို မနေဘူး။ လျော့တဲ့အခါကျ ကိုယ်ကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ်တောင် သာဓုခေါ်ဖြစ်သွားနိုင်တယ်။

ဒေါက်တာချစ်ငယ် (ဒဿန)

အရင်တုန်းကနဲ့မတူ တစ်မူထူးခြားတဲ့ သီလ၊ သမာဓိ၊ ပညာတွေ ကိန်းလာလို့ရှိရင် လောဘ၊ ဒေါသ၊ မောဟဟာ လျော့သွားတာပဲ။ ကုန်သင့်သလောက် ကုန်သွားရင် လူက ပေါ့ပါးသွားတာပေါ့နော်။ ဘာကိုမဆို ပေါ့ပေါ့ပါးပါးလေးနဲ့ ဝင်စားတတ်ပြီး နှုလုံးသွင်းတတ်ပြီးတော့ 'ယောနိ သော မနသိကာရ' နှုလုံးသွင်းတတ်သွားပြီဆိုရင် လက်ခမောင်းခတ်ဖို့ရှိကြောင်း သတင်းကောင်း ပေးလိုပါတယ်။

အပိုင်း (၁၅)

ကျွန်တော်တို့ အခုလို တရားအားထုတ်နေကြတာ တကယ်တမ်းကျ ရည်မှန်းချက်က နိဗ္ဗာန်ရောက်ဖို့လေ၊ ဒီတော့ နိဗ္ဗာန်အကြောင်း နည်းနည်းပြောပြချင်တယ်။

နိဗ္ဗာန်က တကယ်ရှိတာ မြတ်စွာဘုရား ဟောတော်မူတာပဲ။ နိဗ္ဗာန်ကြီးကို မြတ်စွာဘုရား စတွေ့တော်မူတာ။ မြတ်စွာဘုရားက တရားရှာတော်မူတော့ ရည်မှန်းချက် ပန်းတိုင်တွေ့သွားတာ၊ သဗ္ဗညုတ ရှေဉာဏ်ကြီးကို ရတဲ့အခါကျတော့ နိဗ္ဗာန်ကြီးကို တွေ့သွားတာ။ မြတ်စွာဘုရားက အံ့ဩတော်မူတော့ နိဗ္ဗာန်က သိပ်ကောင်းတော့ တပည့်သားသမီးတွေ ချမ်းသာစေချင်လို့

သတ္တဝါ အားလုံးကို ရင်ဝယ်သားလို ချစ်သနားတော်မူတယ်ဆိုတာ မဟာကရုဏာတော်ရှင်ကြီးက သနားတော့ ချစ်သားတို့ နိဗ္ဗာန်စံအောင်လုပ်ကြ၊ ဒီနည်းလမ်းရှိတယ်ဆိုတာ ထားခဲ့တာပေါ့။ အဲဒီနည်းလမ်းက သာသနာပါပဲ။

ဒီတော့ နိဗ္ဗာန်က တကယ်ရှိတာ ကျွန်တော်လည်း တွေ့သင့်သလောက် တွေ့ပြီးပြီဆိုပါတော့၊ နားလည်သွားပြီ တကယ်ရှိတာ 'တကယ်ရှိတာ'။ အခု သိပ္ပံက မော်လီကျူးကနေ အက်တမ်၊ အက်တမ်ကနေ ပြီးတော့ ဋ္ဌေးကလိယပ်(စ)၊ အီလက်ထရွန်ကနေ ကွာ့(ဒ်) ပေါ့။ The Most Substential Element ကို ရှာသလိုပေါ့။

ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေကတော့ မြတ်စွာဘုရား နိဗ္ဗာန်ရှာတာ တွေ့ပြီးတဲ့နောက် ကျွန်တော်တို့က မြတ်စွာဘုရား ဟောတဲ့အတိုင်း လိုက်ရုံပဲ၊ ဒါဆိုတွေ့မှာပဲ။ **ကျွန်တော်တို့က ရှာစရာမလိုဘူး။ ကျွန်တော်တို့က ဘုရားခိုင်းတဲ့အတိုင်း ကျင့်စရာပဲ လိုတယ်၊ အဲဒီလို ကျင့်လိုက်ရင် တွေ့မှာပဲ။**

တွေ့တာက ဘာနဲ့တွေ့မှာလဲဆိုရင် ရုပ်နာမ်ကို အမှန်မြင်တဲ့ ဉာဏ်နဲ့တွေ့မယ်။ လောဘ၊ ဒေါသ၊ မောဟတွေကို သတ်နိုင်တဲ့အားနဲ့ တွေ့မှာပါ။ 'တွေ့တယ်' တွေ့တဲ့အခါ မလွဲမရှောင်သာအောင် တွေ့တယ်၊ မငြင်းသာမတတ်သာအောင် တွေ့တယ်။ တွေ့လည်း တွေ့မှာ။

ထူးခြားအံ့သြပြီး၊ လွတ်မြောက်ပြီး၊ ချမ်းသာပြီး၊ ပေါ့ပါးပြီးတဲ့နောက် အတုမရှိ သိမ်မွေ့နူးညံ့ အံ့သြဖွယ်ရာ ကောင်းတဲ့ ဓာတ်ကြီးပါ။ ဒါ နိဗ္ဗာန်ပဲ၊ နိဗ္ဗာန်ကို နိ၀ါနလို့ အဆိုရှိတာပေါ့နော်။ 'နိ' ဆိုတာ မရှိခြင်း၊ '၀ါန' ဆိုတာ အစေးပဲ။ (၃၁)ဘုံကို ပြန်လည်ဖို့ရာ အစေးမရှိတော့ဘဲ တဏှာကုန်တဲ့ 'တဏှာ နိယောဓော နိဗ္ဗာနံ' တဏှာမရှိတဲ့ နိဗ္ဗာန်ကြီးပေါ့နော်။

သူသူကိုယ်ကိုယ်တွေက ဒီ(၃၁)ဘုံမှာ တဏှာနဲ့ ကျင်လည်နေကြတာ နိဗ္ဗာန်ကျတော့ တဏှာ မရှိတော့ဘူး။ ဝိပဿနာကျင့်ရင် တဖြည်းဖြည်းနဲ့ တဏှာကနေ ကင်းကုန်၊ ချမ်းသာ၊ ပေါ့ပါး လွတ်မြောက်ပြီးတော့ နောက်ဆုံးတော့ နိဗ္ဗာန်ကြီးကို တွေ့တဲ့ သဘောပါပဲ။

နိဗ္ဗာန်က တကယ်ရှိတယ် တွေ့ရမှာ၊ ဒါပေမယ့် ဒီစိတ်ကူးနဲ့တော့ မတွေ့ဘူး၊ ကျင့်မှတွေ့မှာဆိုတော့ အခုကျွန်တော်တို့ ကျင့်နေကြတယ်ဆိုတော့ သိပ်ဝမ်းသာစရာ ကောင်းတယ်။ **နိဗ္ဗာန်ကြီးက ချမ်းသာ**တယ်၊ ကင်းဆိတ်တယ်၊ လွတ်မြောက်တယ်၊ **ဒုက္ခမရှိဘူး**၊ ရုပ်နာမ် မရှိဘူး၊ လောကဓံ မရှိဘူးပေါ့နော်၊ တကယ့်ကို ပိုင်နိုင်တဲ့ ဓာတ်ကြီးပဲ။

အံ့သြဖွယ်ရာ တအား တအားကို ကောင်းလို့ မြတ်စွာဘုရားအမျှားရှိတဲ့ ရဟန္တာ ကိုယ်တော်မြတ်ကြီး

တွေက သိပ်စံစေချင်တာ။ အခု ကျွန်တော်တို့က လူလိမ္မာတွေ ဆိုတော့ ဝိပဿနာကျင့်ကြတာ နိဗ္ဗာန်စံဖို့ပါပဲ။

ဒီတော့ အားပေးပါတယ် ကြိုးစားပါ။ မရမရှိဘူး၊ သာသနာတွင်းမှာ ရရမယ်။ ဆုပန်တာတွေ ဘာတွေ ဆိုရင်တော့ ကျွန်တော်တို့က ပြောပိုင်ခွင့် မရှိဘူး။ နိဗ္ဗာန် သိရုံကတော့ ကျင့်ရင်ရတာပဲ၊ သာသနာတွင်းမှာ။

ဒါ မြတ်စွာဘုရားသာသနာ၊ သူတော်ကောင်းတွေ ထားတော်မူခဲ့တဲ့ သာသနာအစစ်အမှန်ရှိလို့ အကျင့်နဲ့ပဲ ရနိုင်ပါတယ်လို့။ ကျင့်ခြင်းဟာ ကျွန်တော်တို့ သော့ချက် မတဲ့အတွက် မျှားစွာမှ ဝမ်းသာအားရှိဖွယ်ရာ ကောင်းကြောင်း သတင်းကောင်း ပြောကြားပါတယ်။

အပိုင်း (၁၆)

ဒီအပိုင်းမှာ အရိယာအမြင်တွေကို တင်ပြပါ့မယ်။

အရိယာအမြင်တွေကို ဝင်စားမှ အရိယာအမြင် ကြည်လင်ပြီးတဲ့နောက် အရိယာဉာဏ်မျက်လုံး ရပြီး ပုထုဇဉ်ဘဝကို ပိုင်းခြားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် အရိယာအမြင်တွေကို တင်ပြပါမယ်။

အရိယာတွေ (၃၁) ဘုံကို ဘယ်လိုမြင်တယ်၊ ရုပ်နာမ်ကို ဘယ်လိုမြင်တယ်၊ သာသနာကို ဘယ်လို မြင်တယ်၊ ရတနာမြတ် သုံးပါးကို ဘယ်လိုမြင်တယ်၊ ဝိပဿနာကို ဘယ်လိုမြင်တယ် စသည်ဖြင့်ပေါ့နော်။ ဒါတွေကို ကိုယ်ကိုယ်တိုင်က အရိယာမြင်သက့ဲသို့ မြင်နိုင်

အောင်၊ အမြင်ကြည်လင်အောင် ကြိုးစားမှ အရိယာ ဉာဏ်မျက်လုံးက ပီပြင်ကြည်လင်မှာ ဖြစ်ပါတယ်။

အရိယာတွေက (၃၁)ဘုံမှာ လူရယ်လို့ ဖြစ်လာရင် မြတ်စွာဘုရားဟောတဲ့ **နိဗ္ဗာန်ရောက်အောင် သွားနိုင်မှ အကျိုးရှိမယ်၊ မြင့်မြတ်မယ်၊ ချမ်းသာမယ်၊ လွတ်မြောက်မယ်** ဒီလိုမြင်ကြတာပဲ။

နိဗ္ဗာန်ရောက်ဖို့ဆိုရင် စွမ်းစွမ်းတမံ အားထုတ်လိုကြတယ်။ (၃၁)ဘုံရဲ့ နိမ့်တုံ မြင့်တုံ စုန်လိုက် ဆန်လိုက် ဘဝကို ဒီလောက် တန်ဖိုးမထားဘူး၊ နိဗ္ဗာန်ကိုပဲ တန်ဖိုးထားတယ်။ နိဗ္ဗာန် မျက်မှောက်ပြုဖို့ပဲ တန်ဖိုးထားတယ်။ မြတ်စွာဘုရား ခိုင်းတဲ့အတိုင်း ကျင့်ဖို့ပဲ တန်ဖိုးထားတယ်။

အရိယာတွေ အမြင်ကတော့ စာဆိုအားဖြင့် ပြောမယ်ဆိုရင်တော့ **'အာရုံခြောက်ပါးမင်း ဖြစ်ဖို့ပါပဲ'** အာရုံခြောက်ပါးနဲ့ ပတ်သက်လို့ ကိုယ်က 'မင်း'ဖြစ်ရမယ်။

'မင်း'ဆိုတာ မျက်စိအာရုံ၊ နှားအာရုံ၊ နှာခေါင်းအာရုံ၊ လျှာအာရုံ၊ အတွေ့အထိအာရုံ၊ အတွေးအာရုံ ဒီအာရုံတွေအပေါ်မှာ ကိုယ်က ရှင်ဘုရင်လို လွှမ်းမိုးနိုင်ရမယ်။ ကျေးကျွန် မဖြစ်ရဘူးပေါ့နော်။ အာရုံရဲ့ကျွန် ဖြစ်မသွားရဘူး။

ကိုယ်ဟာ အာရုံပေါ်မှာ အရှင်သခင် ဘုရင်ဖြစ်ရမယ်။ အဲဒီလိုဖြစ်အောင် ကြံဆောင် ကျင့်သုံး ဆောက်

တည်ပြီး လောဘ၊ ဒေါသ၊ မောဟ လျော့နည်းအောင် လုပ်တာပါပဲ။

ဒီတော့ ရုပ်နာမ်ဆိုတာ မကောင်းဘူးလို့ သုံးသပ်နိုင်ရမယ်။ နိဗ္ဗာန်ကောင်းကြောင်းနဲ့ နိဗ္ဗာန်ရောက်အောင် လုပ်နေခြင်းဟာ အကျိုးရှိတယ် ချမ်းသာစေတယ်လို့ သဘောပေါက်ရမယ်။ တကယ်လည်း ကျင့်ကြံအလုပ် လုပ်ရမယ်၊ အဲဒီအခါမှာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးကို ရရမယ်။ ရလေ ပိုကြိုးစားလေ ဖြစ်ရင်းနဲ့ နောက်ဆုံးတော့ **အရိယာ** ဖြစ်သွားပါပဲ။

ဒါကြောင့် **အရိယာ**တွေအမြင်က ပုထုဇဉ်အမြင်နဲ့ တော့ မတူဘူး တစ်မူထူးခြားတယ်။ နိဗ္ဗာန်ဘက်ဆီသို့ ဦးညွှတ်တယ်၊ သံသရာလည်ခြင်းကို ရပ်တန့်နိုင်အောင် တဖြည်းဖြည်း ကြိုးစားသွားတယ်၊ အာရုံတွေရဲ့ ကျေးကျွန် အဖြစ် မခံရအောင်၊ လွတ်လပ်အောင်၊ လွတ်မြောက်အောင်၊ အရှင်သခင် ဘုရင်ဖြစ်အောင် ကျင့်သုံးဆောက်တည်ကြတယ်။ ဒါတွေဟာ **အရိယာ**တွေရဲ့ အလေ့အကျင့်တွေပါပဲ၊ အသိအမြင်တွေပါပဲ။

ဒီတော့ မိမိကိုယ်တိုင် တရားအားထုတ်တယ်ဆိုတာ အနည်းဆုံး တရားအားထုတ်ချိန်မှာတော့ **အရိယာ**တွေ ကျင့်သလို ကျင့်နေပြီမို့ တဖြည်းဖြည်းနဲ့ **အရိယာ**မျက်လုံး ပီပီပြင်ပြင် ကြည်ကြည်လင်လင်

မြင်ဖို့အတွက် အထောက်အပံ့ဖြစ်မှာ ဖြစ်ပါတယ်။ ဆက်လက်ပြီး ကြိုးစားစေချင်ပါတယ်။

ဒီအပိုင်းမှာတော့ အရိယာအကြောင်းတွေချည်းပြောမှာမို့ ကြီးကျယ်တယ်လို့ မယူဆစေချင်ပါဘူး။ အရိယာတွေမြင်သလို ကိုယ်ကလိုက်ကြည့်မှ ကိုယ်လည်း အရိယာဖြစ်ဖို့အတွက် လမ်းစဉ်ရှိပါတယ်။ ဒါကြောင့် အရိယာတွေအမြင်ကို တင်ပြမှာ ဖြစ်ပါတယ်။ အရိယာတွေလို ဆင်ခြင်နိုင်အောင်လို့ ဖော်ပြခြင်းဖြစ်ပါတယ်။

အပိုင်း (၁၇)

အရိယာတွေ အမြင်မှာတော့ ရူပ်နာမ်ဆိုတာ မကောင်းသေးဘူးလို့ မြင်တော်မူကြတယ်။ ရူပ်နာမ်ထက် ကောင်းတဲ့ နိဗ္ဗာန်ကိုလည်း အရိယာတွေက မြင်ဖူးတွေ့ဖူးတာကိုး။ ဒီတော့ ရူပ်နာမ်မှအပ သီးခြားတည်ရှိနေတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့သာ မျက်မှောက်ပြုနိုင်တဲ့ နိဗ္ဗာန်ကို တွေ့ထားတော့ ဒီဘက် ရူပ်နာမ်တွေနဲ့ ပတ်သက်လို့က မကောင်းသေးဘူး၊ မဟုတ်သေးဘူးလို့ နားလည်တော်မူကြတယ်။ ပုထုဇဉ်တွေနဲ့ ကွဲပြားတာ အဲဒါပါပဲ။

ပုထုဇဉ်တွေကတော့ ဒီဘက်ရူပ်နာမ်နဲ့ပဲ ကိစ္စပြတ်နေတာ၊ ပြီးနေတာဆိုတော့ အရိယာတွေနဲ့ ဒီနေရာ

မှာ အမြင်ချင်းမတူသလို ဖြစ်သွားတယ်။ အရိယာတွေက တော့ ရုပ်နာမ်ဟာ မဟုတ်သေးဘူး၊ ဒီရုပ်နာမ်ကို အမှန် ထွင်းဖောက် မြင်နိုင်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ တည် ဆောက် ရင့်ကျက်ပြီးတော့မှ ရုပ်နာမ်နဲ့ (၃၁)ဘုံကို ခြေ ကန်စွန့်ပြီး နိဗ္ဗာန်စံဝင်မှ ချမ်းသာမယ်လို့ သိထားတာပေါ့။ ဒါ အရိယာတွေ အသိကိုး။

ဒီတော့ မိမိတို့ကလည်း အရိယာတွေဘက်ကို လိုက်ရမယ်။ ဟုတ်တယ်၊ ရုပ်နာမ်ဟာ တစ်နေ့ သေမင်း လက် 'ဝ' ကွက်အပ်ရမယ်။ သူဟာ အိုခွင့်၊ နာခွင့်၊ သေ ခွင့်တွေရှိတဲ့ သဘာဝတရားကြီးပဲ။ တကယ်တော့ ဝဋ္ဋ ဒုက္ခ အမျိုးမျိုးနဲ့လည်း ရင်ဆိုင်ရတတ်တယ်၊ ရုပ်နာမ်ဟာ မဟုတ်သေးဘူး၊ ရုပ်နာမ်ချုပ်တဲ့ 'တဏှာ နိယောဓော၊ **ခန္ဓာ** နိယောဓော နိဗ္ဗာနံ' ခေါ်တဲ့ မြတ်စွာဘုရားက ရှိတယ်လို့ မိန့်ဖူးတဲ့၊ နိဗ္ဗာန်ဆိုတာကမှ တကယ် ချမ်းသာ တာ၊ ရုပ်နာမ်လည်း မရှိဘူး၊ ဘာဒုက္ခမှလည်း မရှိဘူး၊ ဘာ ကိလေသာ တဏှာမှလည်း မရှိတဲ့ သဘာဝပဲ။ ဒီတော့ နိဗ္ဗာန်စံဖို့အတွက် အချိန်နှင့်အမျှ နီးသထက် နီးအောင် ကျင့်သုံးဆောက်တည်ရမှာပဲ။ ဒီလို သုံးသပ် တာဟာ အရိယာတို့ရဲ့ သုံးသပ်ခြင်းပါပဲ။

ဒီတော့ အရိယာတွေဘက်ကို လိုက်ရမယ်။ ကိုယ် က နိဗ္ဗာန် မတွေ့သေးဘူးထား၊ နိဗ္ဗာန်တွေ့ရင် ကောင်း

မယ်လို့ နားလည်မျှော်လင့်နေရမယ်။ ဒါ အနုမာန မျက်မှန်းဆတဲ့ သဘောပါ။ ဒါဟာ လူသားတို့ရဲ့ အခွင့်အရေးပါ။ လူသားတွေမှာ ဒီအခွင့်အရေးရှိတယ်။ အနုမာန မျက်မှန်းဆနိုင်တယ်။

(၃၁) ဘုံရှိရင် နိဗ္ဗာန်ရှိမယ်။

(၃၁) ဘုံက ဆင်းရဲတယ်ဆိုရင်၊ နိဗ္ဗာန်မှာ ချမ်းသာတာ ရှိမယ်လို့ အနုမာန မျက်မှန်းဆတဲ့ သဘောပါပဲ။

ဒီလို မျက်မှန်းဆပြီးတဲ့နောက် နိဗ္ဗာန်ဘက်ဆီကို ဦးတည်ရည်မှန်းပြီး အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ တည်ဆောက်ရင်းနဲ့ ရင့်ကျက်တည်ငြိမ်သွားလို့ အောင်မြင်သွားပြီဆိုရင် ကိုယ့်ရုပ်နာမ်ကိုလည်း သူစိမ်းလိုမြင်မယ်။ ရုပ်နာမ်မှ ပိုင်းခြားပြီး သီးခြားကင်းလွတ်တဲ့ နိဗ္ဗာန်ကို ဉာဏ်သက်ဝင် ဆင်ခြင်ပြီး ထိုးထွင်းနိုင်ပါတယ်။ ဒါဟာ သာသနာတော်တွင်း တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးပါပဲ။

အပိုင်း (၁၈)

လူသားတွေဟာ ကိုယ်ကြီးစား ရှာဖွေတာကို ကိုယ် တွေ့လေ့ရှိကြတာပဲ။ သိပ္ပံပညာရှင်တွေက အက်တမ် တွေ့ခဲ့တယ်၊ နျူကလီယပ်(စ) တွေ့ခဲ့တယ်၊ အီလက်ထရွန် တွေ့ခဲ့တယ်၊ နောက် ကွာ့(ဒ်)တွေ့ခဲ့တယ်။ တကယ်တမ်းကျတော့ သူတို့ခေါ်တဲ့ The Most Fundamental Element ဆိုတဲ့ Substantial Element အခြေခံ အကျဆုံးဒြပ်ကို ရှာကြတာပဲ။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးကတော့ နိဗ္ဗာန်ရှာတဲ့ သဘောပါပဲ။ မြတ်စွာဘုရားက နိဗ္ဗာန် တွေ့တော့ ကျွန်တော်တို့ကို နိဗ္ဗာန်သွားတဲ့လမ်းတွေ သင်ခဲ့တာ။

ဒီတော့ ကျွန်တော်တို့က ရှာစရာမလိုဘူး၊ မြတ်စွာဘုရား သင်တဲ့အတိုင်း ကျင့်လိုက်ရင် ရမှာပဲ။ ဒီတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေဟာ အခွင့်အရေးလည်း သိပ်ရတယ်။ ပျော်စရာလည်း ကောင်းတယ်၊ အားတက်စရာလည်း ကောင်းတယ်၊ နိဗ္ဗာန်ကလည်း မြတ်စွာဘုရားက အာမခံထားတာ ရှိတယ်လို့ဆိုတော့ ကျွန်တော်တို့လည်း ဘဝပေးလိုက်တဲ့အခါကျ သေချာသွားပြီဆိုတော့ ခုဟာက တအားးကံထူးကြသလို ဖြစ်နေတာ။

ဒါကျင့်လိုက်ရုံပဲ၊ မမှန်မှာလည်း မပူရဘူး၊ မရှိမှာလည်း မပူရဘူး၊ တရားကရှိတယ် မှန်ပြီးသား၊ ကျွန်တော်တို့ မကျင့်ဖြစ်မှာဘဲ စိုးရတယ်။ နောက် တခြားဝါဒဖြန့်အဖျက်သမားတွေ စကားကို နားမယောင်ဖို့ အရေးကြီးတယ်။ ဒီလောက်ပဲ ကျန်တာက သေချာပြီးသားပဲ။ ကျင့်ရင် ရတာပဲ။ ဒီရုပ်နာမ်ကို အမှန်နားလည်တဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သွားတာပါပဲ။

တကယ်တော့ လူတွေက မဂ်ဉာဏ် ဖိုလ်ဉာဏ် မတည်ဆောက်ကြလို့၊ မဂ်ဉာဏ်ဖိုလ်ဉာဏ် တည်ဆောက်ဖို့ မသိကြလို့။ အကျင့်နဲ့ပတ်သက်တဲ့ ဗုဒ္ဓဘာသာတွေကတော့ တည်ဆောက်ဖို့ သိကြတယ်။ တည်ဆောက်တဲ့အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်က အတည်ရသွားတော့ နိဗ္ဗာန်ကို တွေ့နိုင်တဲ့သဘော ဖြစ်သွားတာပဲ။ ဒီရုပ်နာမ်နဲ့တော့

မရဘူး၊ ဒါကို လူတွေက သိပ်မသိကြဘူး။ ရုပ်နာမ်နဲ့ အားကိုးလို့ မရဘူးဆိုတာ ဗုဒ္ဓဘာသာမှ သိတာ။

ဒီရုပ်နာမ်က အဖြည့်ခံပဲ၊ ရုပ်နာမ်ကနေတစ်ဆင့် နိဗ္ဗာန်ကိုမြင်နိုင်တဲ့ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ် မျက်လုံး အမှန်ဖြစ်သော၊ မံသစက္ခုမှလွန်သော ပညာစက္ခုကို ရှာရမယ်။ ဒါ မြတ်စွာဘုရား ခိုင်းခဲ့တော့ ကျွန်တော်တို့က ဒီရုပ်နာမ်ရဲ့ အပျက်ကို ရှုရင်းနဲ့ ရှာတာပဲ၊ တွေ့လိုက်လို့ ရှိရင် အောင်မြင်တာပဲ။

အောင်မြင်တယ်ဆိုတော့ လောကီအောင်မြင်တာနဲ့မတူ တစ်မူထူးခြားပြီး ကြီးကြီးကျယ်ကျယ်ကို နက်နက်ရှိုင်းရှိုင်းနဲ့ ထိထိမိမိနဲ့ အတွင်းကျဆုံး အနက်ရှိုင်းဆုံး အောင်မြင်သွားမှာပါ။

ဒါ ဗုဒ္ဓဘာသာတွေ အောင်မြင်ချိန် ရောက်ပြီ။ ကျွန်တော်တို့က ကျင့်ဖို့ပဲ လိုတော့တယ်၊ ကျင့်ရင်ရောက်မှာပဲ။ ဘာမှမပူနဲ့ ကျင့်ရင် ရောက်ဖို့ဆိုတာ တရားတော်က အာမခံသွားတာ။ ကျွန်တော်တို့က လမ်းစဉ် မှန်သွားပြီဆိုကော့ ကျင့်ကြစို့လို့၊ ဒါပါပဲ။ အားလည်းပေးပါတယ်၊ တိုက်လည်းတိုက်တွန်းတယ်၊ ကျွန်တော် ပြောနိုင်သမျှ လည်း ပြောပြပေးပါမယ်၊ ကျွန်တော်တို့အားလုံး ကံကောင်းကြပါတယ်လို့ သုံးသပ်လိုပါတယ်။

အပိုင်း (၁၉)

အရိယာတွေကတော့ ရုပ်နာမ်ရှိတဲ့ (၃၁)ဘုံ ခရီးသွားသမားတွေ၊ လောကဓံဆိုတာ တွေ့နိုင်လိမ့်မယ်လို့ပဲ နှလုံးသွင်းတော်မူကြပုံရတယ်။ အစစအရာရာ ပန်းခင်းတဲ့ လမ်းကြီး ဖြစ်ရမယ်လို့တော့ ဒီလိုတော့လည်း သတ်မှတ်ထားဖို့ရာ အခက်အခဲရှိတယ်။

ဒါပေမယ့် တွေ့ကြုံရတဲ့လောကဓံတွေကို အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဦးစီးပြီးတော့ ရင်ဆိုင်တဲ့ အခါကျတော့ ပရမ်းပတာဖြစ်မယ့် ကိစ္စတွေမှာ အထိန်းအသိမ်းတွေ ရနိုင်တယ်လို့ ဒီလိုတော့လည်း တွက်လို့ရပါတယ်။

နောက် အခါအားလျော်စွာ နိဗ္ဗာန်ကို မျက်မှောက်ပြုတော့ နိဗ္ဗာန်ထဲမှာ ဉာဏ်နဲ့ ဝင်ပြီးနေလိုက်တဲ့ အခါကျရင်တော့ ချမ်းသာခြင်း၊ လွတ်မြောက်ခြင်းတွေကို ခံစားရမှာဆိုတော့ ရိုးရိုးလူနဲ့တော့ မတူဘူး၊ အရိယာတွေကတော့ နေသာတယ်၊ နေပျော်တယ်ပေါ့နော်။

ဒီချမ်းသာမှုကိုလည်း ကိုယ်ကဝင်စားတိုင်း ရရှိနေတဲ့အတွက် အခွင့်အရေးတစ်ရပ်လို ဖြစ်လာတာပေါ့။ ပုထုဇဉ်တွေကတော့ လောကဓံတွေ့ရင် ဒီလိုပဲ ဖြေဆေးနဲ့ ထွက်ပေါက်က ခက်တယ်လေ။

အရိယာတွေကျတော့ ဖြေဆေးလည်း အထိုက်အလျောက် ရှိတယ်ပေါ့နော်။ ထွက်ပေါက်လည်း အထိုက်အလျောက်ရှိတယ်၊ သည်းခံနိုင်တဲ့ စွမ်းရည်သတ္တိထူးလည်း အထိုက်အလျောက် ရှိတယ်ဆိုတော့ ဘဝမှာ ရှင်သန်ရတာက တော်တော်လေးကို အဆင့်အတန်းမြင့်တာပဲ။

ဒီတော့ အရိယာ မြန်မြန်ဖြစ်ဖို့လည်း လိုသလို၊ ဗုဒ္ဓဘာသာ စစ်စစ်မှန်မှန်ဖြစ်ဖို့လည်း လိုသလို၊ ဘုရားရဟန္တာတွေကို သေချာကြည်ညိုပြီးတဲ့နောက် ကိုယ်ကိုယ်တိုင်လည်း မြတ်စွာဘုရား အလိုတော်ကျ နိဗ္ဗာန်ကြီးကို မျက်မှောက်ပြုနိုင်ဖို့ သိနားလည်ဖို့၊ ဝင်စားတတ်ဖို့၊ ထိုးထွင်း ဆင်ခြင်နိုင်ဖို့ဆိုတာ လိုအပ်တယ်လို့ ဗုဒ္ဓဘာသာ

အနေနဲ့ ခံယူကောင်းကြောင်း ဘဝင်ကျထားရမှာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာတွေကတော့ အင်မတန် ထူးခြားတဲ့ ပုဂ္ဂိုလ်တွေပါပဲ။ သူများတွေ စမ်းတဝါးဝါး သွားနေရတဲ့ အချိန်အခါမှာ ဗုဒ္ဓဘာသာကတော့ ယတိပြတ်ပဲ ရုပ်နာမ်မကောင်းဘူး၊ နိဗ္ဗာန်ရှိတယ်၊ ရုပ်နာမ်ရဲ့ အပျက်ကိုမြင်ရင် မဂ္ဂင်ပဲ၊ မဂ္ဂင်ဖောင်ကြီးစီးပြီး နိဗ္ဗာန်သွားမယ်၊ နိဗ္ဗာန်ရောက်ရင် ချမ်းသာမယ်၊ လွတ်မြောက်မယ်၊ ကင်းဆိတ်မယ်၊ နှုးညံ့သိမ်မွေ့မယ်၊ ဒုက္ခကင်းမယ်။

ဒါတွေကို အကုန်လုံး သိပြီးတဲ့နောက် တဏှာရဲ့ ကျွန် မခံရတော့ဘဲ လောကဓံနှိပ်စက်မှုတွေရဲ့ ဟိုမှာဘက် ရောက်သွားတော့ အောင်မြင်မှုပန်းတိုင် လှမ်းကိုင်နိုင်တဲ့ သဘောပါပဲ။

ဒီတော့ ဗုဒ္ဓဘာသာတို့ဟာ အင်မတန်မှကို အခွင့်အရေးရနိုင်တဲ့ ပုဂ္ဂိုလ်ထူးတွေ ဖြစ်လာနိုင်တာမို့ ကြိုးစားပါ။ ဝိပဿနာဟာ ကြိုးစားသင့်ထိုက်တဲ့ ကျင့်စဉ်တစ်ခု ဖြစ်ပါတယ်။ ကိုယ်လည်း အကျိုးရှိ၊ သူတော်ကောင်းတွေလည်း ကျင့်ပြီးပြီ။

ကျင့်လေ ကျင့်လေ သီလ၊ သမာဓိ၊ ပညာ ရင့်ကျက်ပြီးတော့ ဉာဏ်ပညာရင့်ကျက်ပြီးတော့ ချမ်းသာခြင်း၊ လွတ်မြောက်ခြင်းတွေကို ကိုယ်တိုင် တရားတော်ရဲ့

ဒေါက်တာချစ်ငယ် (ဒဿန)

ဂုဏ်ကျေးဇူးကို သိရမှာမို့ မလွှဲမရှောင်သာအောင် နားလည်သဘောပေါက် ခံစားရမယ့် ဖြစ်စဉ်ကြီး ဖြစ်နေတော့ ကြိုးစားဖို့ပဲ ရှိတော့တဲ့အကြောင်း သတင်းကောင်းလေးပေးလိုပါတယ်။

အပိုင်း (၂၀)

ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးကတော့ အထူးပြောဖွယ်ရာ မလိုပါဘူး။ အင်မတန်မှ ကျေးဇူးရှိစေတဲ့ တရားတွေ၊ ဂုဏ်တော်တွေပါ။ ဒါပေမယ့် ကိုယ်က ရုပ်နာမ်ရထားတော့ ရုပ်နာမ်ရဲ့ ဒုက္ခလေးတွေလည်း ဖြတ်သန်းရသေးတယ်။ ရတနာမြတ်သုံးပါး ကိုးကွယ်တာက တစ်ကဏ္ဍ၊ ရုပ်နာမ်ဒုက္ခက တစ်ကဏ္ဍပဲ။

ရတနာမြတ်သုံးပါးကို ဦးထိပ်ထားတော့ ရုပ်နာမ်ဒုက္ခနဲ့ပတ်သက်လို့ ဥပမာ - တစ်ပိဿာဖြစ်မယ့်ဟာက ငါးဆယ်သား၊ သုံးဆယ်သား၊ နှစ်ဆယ်သား၊ တစ်ဆယ်သားလောက်ပဲ အဲဒီလိုဖြစ်တာပေါ့။ ဒုက္ခခံစရာ ငါးဆယ်

သား၊ နှစ်ဆယ်သားလောက်ရမယ့်ဟာဆိုရင် ရတနာမြတ်သုံးပါး ဂုဏ်ကျေးဇူးကြောင့် လုံးဝ ပျောက်တာပေါ့၊ ဒီသဘောပဲ။

ဒီတော့ ရုပ်နာမ်နဲ့ပတ်သက်လို့ကတော့ ဒုက္ခဖြစ်ဖို့ဟာလေးတွေကတော့ ရှိနေတာပဲ။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရင် လျော့တယ်။ ကိုးကွယ်ဆည်းကပ်မှု မရှိရင်တော့ ဒုံရင်း ဒုံရင်းပေါ့။ အဲဒါကြောင့် ကိုးကွယ်ဆည်းကပ်ရမယ်။ ဆည်းကပ်သော်ငြားလည်း လောကဓံမရှိဘူးလို့ အဲဒီလို အာမခံချက်ကိုတော့ ကိုယ့်ကိုယ်ကိုယ် ပေးမထားရဘူး။

ဘာလို့လဲဆိုတော့ (၃၁)ဘုံ **သံသရာခရီးသည်တွေဟာ ပန်းခင်းတဲ့လမ်းချည်း လျှောက်ရမယ်လို့ ဒီလိုအာမခံချက် မရှိဘူး၊ ဒါကိုက တရားပဲ။** ဒါ ပရမ်းပတာဘေးနဲ့ ရုပ်နာမ်ဟာ တွေ့တတ်တဲ့အတွက်ကြောင့် ရတနာမြတ်သုံးပါးကို ကိုးကွယ်ရင်းနဲ့ ဖြတ်သန်းလျှောက်လှမ်းရမှာ ဒါလမ်းစဉ်ပါပဲ။

ကျို့ကတော့ ရတနာမြတ်သုံးပါးလည်း ကိုးကွယ်ရက်သားနဲ့ ဖြစ်ရတယ်လို့ ပြောတယ်။ ဒါ 'မဟုတ်ဘူး' **ဖြစ်တာက ရုပ်နာမ်ကြောင့်၊ ရတနာမြတ်သုံးပါးကို ကိုးကွယ်တော့ လျှော့သွားတာပေါ့။ ရတနာမြတ်သုံးပါးကို မကိုးကွယ်ရင် အပြည့်ခံစားရမယ်၊** အဲဒါ ကွာပါတယ်။

ဒီတော့ ဘာပဲဖြစ်ဖြစ် ကိုယ်က ရတနာမြတ်သုံးပါးကို ကိုးကွယ်ဆည်းကပ်ရမှာပဲ။ ရုပ်နာမ် ဒုက္ခကတော့ ဖြတ်သန်းရမှာပဲ။

ကိုယ့်ရဲ့ **'သတိတမံ၊ ဉာဏ်မြေကတုတ် ပညာ အစွမ်း ချန်းကဲ့သို့အုပ်'** ဆိုတာမျိုးလိုပဲ ချန်းအုပ်ပြီးတော့ လောကဓံ ဆင်ရိုင်းကြီးကို ကိုင်တွယ် ဖြေရှင်းရမှာပဲ။ ဒါ ရုပ်နာမ်ရှိတဲ့ ပုဂ္ဂိုလ်တွေရဲ့ တာဝန်ပါ။

သို့သော်လည်း ဉာဏ်ပညာတွေ ရလာတယ်၊ အရိယာဉာဏ်တွေ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရလာတယ် ဆိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဦးစီးပြီး လျှောက်လှမ်းတဲ့ အခါကျ အလွန်သက်သာပြီး အလွန်ချောမွေ့သွားတယ်။ မူလဘူတ ဖြတ်သန်းရမယ့် ခယောင်းတောကြီးက တော်တော်လေးကို ပြေပြစ်သွားတဲ့ သဘောတော့ရှိတယ်။ ဒါ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးပါပဲ။

ဒီတော့ ရုပ်နာမ်ရှိတဲ့ လူတိုင်းဟာ ပန်းခင်းတဲ့ လမ်းပဲ ဖြတ်သန်းရမယ်လို့ မျှော်လင့်ချက်တော့ မရှိသင့်ဘူး။ သို့သော်လည်း ရတနာမြတ်သုံးပါးကို အားကိုးသဖြင့်တော့ သက်သောင့်သက်သာ အရာရာဟာ ချမ်းသာမှု အဖြာဖြာဘက်က အားပေးအားမြှောက်ခြင်းခံရတဲ့ ကံကြမ္မာကို ရယူမယ်လို့တော့ မျှော်လင့်ကောင်းပါတယ်။ ဒါဟာ လမ်းစဉ်အတိုင်းပါပဲ၊ တရားတော်အတိုင်းပါပဲ။

ဒေါက်တာချစ်ငယ် (အဃနေ)

ဒါကြောင့် လောကဓံတွေ့တွေ့ မတွေ့တွေ့ တရားထိုင်ရမှာက ကိုယ့်တာဝန်ပဲဖြစ်ကြောင်း ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ထားဖို့ရာ တိုက်တွန်းလိုပါတယ်။

အပိုင်း (၂၁)

အဆင့်ဆင့် ပြောင်းလဲတိုးတက်ခြင်း Evolution ကို အများသူငါ နားလည်ပြီးသားပါပဲ။

တော်တော်လွယ်တဲ့ ဥပမာတစ်ခုက ရေနွေးကို အပူပေးတဲ့အခါကျ အပူဒီဂရီတွေ တက်တာပေါ့။ အပူဒီဂရီတက်ခြင်းကို အရေအတွက် တိုးတက်ခြင်းလို့ သတ်မှတ်ကြတယ်။ Quantitative Change ပေါ့နော်။ နောက် ရေဆူမှတ်ရောက်လို့ ရေကဆူသွားတော့ ရေက အငွေ့ ဖြစ်သွားတယ်။ ဒီအခါမှာ Evolution ကနေ Revolution လို့ အဆင့်တက်သွားတယ်။ ဒါကို Qualitative Change ပေါ့။ Quality ပြောင်းသွားပြီ။

အရေအတွက်ကနေ အရည်အချင်းကို ပြောင်းသွားတဲ့ သဘောပေါ့နော်။ ရေကနေ အခိုးအငွေ့ ဖြစ်တဲ့ သဘောပါပဲ။

ဒီသဘောအတိုင်းပါပဲ တရားအားထုတ်တဲ့ အခါမှာ သီလ၊ သမာဓိ၊ ပညာ၊ သမာဓိတွေ၊ အရေအတွက်တွေ တက်တက် တက်တက်လာတယ်။ တစ်ချိန်မှာ အရည်အချင်း ပြောင်းသွားတဲ့အခါ ဒီသမာဓိဟာ အင်မတန်မှ ကောင်းမွန်တယ်၊ ခိုင်မာတယ်၊ တည်ငြိမ်တယ်၊ ရဲရင့်တယ် စတဲ့ အရည်အချင်းဆိုင်ရာ ပြောင်းလဲမှုတွေ ရှိသွားပြီးတဲ့နောက် တိုးတက်သွားတယ်။

တရားဟာလည်း ဒီအတိုင်းပါပဲ၊ စပျိုးစဉ်ကတော့ အရေအတွက်လေးတွေ တက်တယ်၊ အရေအတွက်လေးတွေ တက်တယ်။ တဖြည်းဖြည်းနဲ့ ပြည့်စုံလုံလောက်တဲ့ အကြောင်းခံတရားတို့ ရရှိလာတဲ့အခါကျတော့ 'ဒိုင်း'ဆို အရည်အချင်း တိုးတက်သွားတာပေါ့။ ဒီအခါမှာ နောက်ဆုံး အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ တိုးတက်သွားပါတယ်။ ဒီအခါမှာတော့ အရမ်းပျော်စရာ ကောင်းတာပေါ့နော်။

အောင်မြင်ခြင်းဟာ ကိုယ့်လက်ထဲ ရောက်သွားတာကိုး။ တည်လည်း တည်ငြိမ်သွားတယ်၊ စဉ်းလည်း စဉ်းစားနိုင်တယ်၊ ဆင်လည်း ဆင်ခြင်နိုင်တယ် ဆိုတော့

ပြောဖွယ်ရာ မရှိတော့ဘူး။ ဒီသော့ချက်ကို မြန်မာနိုင်ငံမှာတော့ ရနေပြီ။ မြန်မာနိုင်ငံမှာတော့ သမာဓိတက်ပြီးတဲ့နောက် ကျွန်တော်တို့လို ဆရာကောင်း သမားကောင်း ဖူးတွေ့ခွင့်ရတဲ့ ပုဂ္ဂိုလ်တွေကတော့ ကျင့်စဉ်မှန်ကို ကျင့်တဲ့အခါကျ တည်ငြိမ်တဲ့ သမာဓိတွေရပြီး ရင့်ကျက်သွားပြီပေါ့နော်။ မြော်မြင် ဆင်ခြင်နိုင်ပြီပေါ့။

မြန်မာနိုင်ငံမှာတော့ အပြုသဘောနဲ့ ရနေပါပြီ။ ဒီတော့ ကျွန်တော်တို့ ကံကောင်းတယ်လို့ ပြောရမလား၊ ဘယ်လို ပြောရမလဲတော့ မသိဘူး။ **ကမ္ဘာက ကျွန်တော်တို့ ရရှိထားတဲ့ သီလ၊ သမာဓိ၊ ပညာကို မရရှိနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ ဝိပဿနာမကျင့်ဘူး၊ တရားမကျင့်ဘူး၊** ဒီတော့ နည်းပညာအပိုင်းက အလွန်တိုးတက်တဲ့အတွက် ကျွန်တော်တို့က လေးစားပါတယ်။ အသုံးလည်း ချပါတယ်။ ဒါပေမယ့် တကယ့်အရည်အချင်း ပြောင်းလဲတိုးတက်သွားတဲ့ အရိယာတို့ရဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်နဲ့ လူ့အသိပညာရဲ့ အထွတ်အထိပ်ပိုင်းကျတော့ မြန်မာဗုဒ္ဓဘာသာတွေက အဆင့်မြင့်သွားတာ တွေ့ရတယ်။ ကျွန်တော်က လက်တွေ့ပါပဲ။

ဒီတော့ ကျွန်တော် ကျွန်တော်နဲ့ ထည့်ပြောနေရတာကလည်း ကျင့်စဉ်တွေက အများကြီးရှိတဲ့အတွက်

ကျွန်တော် အာမ မခံနိုင်တဲ့၊ အာမခံချက် မပေးနိုင်တဲ့ ကျင့်စဉ်တွေက ရှိနေသေးတော့ ကျွန်တော်အနေနဲ့ အဲဒီ လောက်လေး စံနမူနာသွားထားပြီးတော့ လေ့လာလိုက်တဲ့ အခါမှာ ဘယ်မှာလဲ ဖြစ်လည်းမဖြစ်ဘဲနဲ့လို့ အားမလို အားမရ ဖြစ်မှာစိုးလို့ ကျွန်တော် ထည့်ပြောနေခြင်း ဖြစ်ပါ တယ်။

ကျွန်တော်တို့ လမ်းစဉ်ကတော့ ဆရာကောင်း သမားကောင်းနဲ့ တကယ့်သူတော်ကောင်းတွေရဲ့ လက် ဆင့်ကမ်းခြင်း ခံရတော့ ကျွန်တော်တို့ဟာ စစ်မှန်သော နည်းပညာကို အပြည့်အဝနဲ့၊ ဂယနဏနဲ့၊ ကျကျနန သေ သေချာချာ ရလိုက်တော့၊ သေသေချာချာလည်း တတ် မြောက်ပြီး သေသေချာချာလည်း ရှင်းနိုင်တယ်၊ သေသေ ချာချာလည်း ပြောနိုင်တယ်။

ကျွန်တော်ဆိုရင် ဘယ်အဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်ရဲ့ ရှေ့မှာမဆို တရားထိုင်ရဲပါတယ်။ သူအဘိညာဉ် ရတာ မှန်ရင် ကြည့်ကြည့်ပေါ့၊ ကျွန်တော် တရားထိုင်တာကို တွေ့မှာပဲ။ သို့မဟုတ် တကယ် တရားပေါက်မြောက်ပါ တယ်ဆိုတဲ့ ပုဂ္ဂိုလ် ကျွန်တော့်ရှေ့ တရားထိုင်ကြည့်ပါ၊ ကျွန်တော် ကြည့်လို့ရပါတယ်။

တရားတွေ့ပြီးသား ပုဂ္ဂိုလ်ဟာ တခြားသူနဲ့ မတူပါဘူး ပြောလိုဆိုလို့လည်း အင်မတန်ကောင်းပြီး

ရေရေလည်လည်လည်း သိပ်ရှိတယ်၊ အကြောင်းအကျိုးလည်း ညီညွတ်တယ်။ ဘဝင်တွေ့ကြတယ်၊ Frequency ကိုက်ကြတဲ့ သဘောပါပဲ။

ဒီတော့ ဒါဟာ အစစ်ဆေးခံနိုင်တဲ့ သဘောကို ဖော်ကျူးချင်လို့ ကျွန်တော် ဖွင့်ပြောခြင်း ဖြစ်ပါတယ်။ ကျင့်ပါ။ တရားကျင့်ရင် အရေအတွက် တိုးတက်ခြင်းကနေ အရည်အချင်း တိုးတက်မယ်ဆိုတာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပဲ ဖြစ်ကြောင်း သတင်းကောင်းလေး ပါးလိုပါတယ်။

အပိုင်း (၂၂)

တရားအလုပ်လုပ်တာက မှန်တာကိုလုပ်တာ ဆိုပေမယ့်လည်း မှန်တာကိုလုပ်ရင်းနဲ့ လောကဓံတော့ တွေ့တတ်ပါတယ်။

လောကဓံကတော့ တရား မလုပ်လည်းတွေ့မှာပဲ၊ လုပ်လည်းတွေ့မှာပဲ ဆိုတဲ့သဘောပဲ။ ဒီတော့ တရားလုပ်တဲ့ ပုဂ္ဂိုလ်အဖို့ကတော့ တွေ့တဲ့လောကဓံဟာ အားနည်းစေတယ်၊ နောက် အားနည်းတဲ့ လောကဓံဆို မရှိစေဘူးပေါ့။ ဖြေရှင်းတဲ့အခါမှာလည်း တရားလုပ်တဲ့ ပုဂ္ဂိုလ်ဟာ ဖြေရှင်းတဲ့နေရာမှာ အပေါ်စီးရတယ်။ ဒါတွေတော့ အခွင့်အရေး ရပါတယ်။

တရားလုပ်လို့ ဘာလောကမ်မှ မတွေ့ရဘူးဆိုတဲ့ မျှော်လင့်ချက်ကတော့ တရားလုပ်တဲ့ ပုဂ္ဂိုလ်တွေဟာ မျှော်လင့်လေ့ မရှိကြပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရုပ်နာမ်ရှိနေရင် လောကမ်ကတော့ ရှိမှာပဲ။

"So long as there is being, their will be something against our way to our goal."

ရည်မှန်းချက်နဲ့ သွားနေတော့ လောကမ်ဆိုတာက အနှေးနဲ့အမြန်၊ အနည်းနဲ့အများတော့ တွေ့တတ်ပါတယ်။ ဒါက အကြောင်းပြုစရာ မဟုတ်ဘူး၊ ဖြေရှင်းရမှာပဲ။ ဒီနေရာမှာ တရားလုပ်တဲ့ ပုဂ္ဂိုလ်ကမာတယ်၊ အမှန်တရားကြိုက်တယ်၊ ခိုင်တယ်ဆိုတဲ့ သဘောကို စမ်းသပ်သလိုလည်း လာတတ်ပါတယ်။

ဒါကြောင့်မို့လို့ သစ္စာဝါဒီဆိုကတည်းက အမှန်တရားကို ရှာနေတော့ အမှန်တရားနဲ့ ပတ်သက်လို့ သတ္တိရှိရှိ ရှာရတယ်ဆိုတာ ပြရအောင် တစ်ခါတစ်ခါမှာ အမှန်တရားကို ဆန့်ကျင်ဘက်တိုက်တဲ့ လောကမ်က တစ်နည်းမဟုတ် တစ်နည်း သက်ရှိ သက်မဲ့တွေ ဖြစ်တတ်ပါတယ်။ ဒါ အတွင်း အပြင် စသည်ဖြင့်ပေါ့။ ဒါတွေကတော့ ကျော်လွှား ဖြတ်သန်းရမှာပါ။ ဒါကတော့ တရားရှာတဲ့ ပုဂ္ဂိုလ်တွေမှာ ဖြတ်သန်းဖို့အတွက် တာဝန်ကျလာတယ်လေ။

တရားလုပ်လို့ ပန်းခင်းတဲ့လမ်းကြီး လျှောက်ရမယ်လို့ ပြောလို့တော့ မရဘူး။ သို့သော်လည်း အများကြီး သက်သာစေပါတယ်။ တရားရပြီးရင် ပိုတောင်သိသေးတယ်။ အများကြီး သက်သာစေပါတယ်။ သူများတွေ အကြိတ်အနယ်ဖြစ်ရတာကို ကိုယ်က သက်သောင့်သက်သာ လွယ်လွယ်ကူကူ မှန်မှန်ကန်ကန်နဲ့ပဲ 'စင်ပေါ်က' ဆိုတဲ့ စကားအတိုင်း လောကဓံကို အပေါ်စီးနဲ့ အောင်မြင်နိုင်ပါတယ်။

ဒါကြောင့် ကြိုးစားဖို့လည်း အားပေးပါတယ်။ လောကဓံတွေ့လည်း ဘာမှအကြောင်းမပြုပါနဲ့။ အောင်မြင်ဖို့အတွက် စမ်းသပ်စစ်ဆေးတဲ့ အရာတွေပဲလို့သာ သဘောထားပြီး ဆက်သွားရမယ်။ ကိုယ်က အောင်မြင်ရမယ်၊ အောင်မြင်ဖို့အတွက်ပဲ သွားရမယ်ဆိုတာ ကိုယ့်ယုံကြည်ချက်ပါပဲ။

ဒါကြောင့် ခိုင်မာတဲ့ ယုံကြည်ချက် ရှိရတယ်။ တရားတော်အပေါ်မှာ ခိုင်ခိုင်မာမာပဲ ယုံကြည်ရင်းနဲ့ ဖြတ်သန်းရပါတယ်။ ဒါကတော့ ထုံးစံအတိုင်းပါပဲ။

ဒါပေမယ့် အခက်အခဲတွေ့ရလေလေ၊ အောင်မြင်တဲ့အခါ ပျော်ရလေလေဆိုတာ အခက်အခဲ ကျော်လွှားနိုင်သူတို့ရဲ့ ရရှိအပ်တဲ့ ဆုလာဘ်ဖြစ်ကြောင်း အားလုံးလည်း သိကြပါတယ်။

ဒေါက်တာချစ်ငယ် (ဒဿန)

ကျွန်တော်တို့ဟာ ရေရှည်တိုက်ပွဲလို့ ပြောရင်လည်း ရပါတယ်။ ဒါပေမယ့် သိပ်မှန်ကန်တဲ့ လုပ်ငန်းကို လုပ်နေကြတဲ့ ပုဂ္ဂိုလ်များအဖြစ်နဲ့၊ သူရဲကောင်းတွေအဖြစ်နဲ့တော့ နားလည်နိုင်ကြောင်း သတင်းကောင်းလေးပေးလိုပါတယ်။

အပိုင်း (၂၃)

တရားအားထုတ်သူများ တရားအားထုတ်ရာ၌ **အား**ရှိစိမ့်သောဌာ သို့မဟုတ် တစ်စုံတစ်ခု အမှန်အကန် သတင်း အသစ်အဆန်းဖြစ်စေ သိစိမ့်သောဌာ ပြောပြ ပါမယ်။ ဒီစကားကို စာရေးသူတို့ရဲ့ ဆရာမြတ်ကြီးက ဖွင့်ဟ ဆုံးမတော်မူခဲ့တာပါ။

အဲဒါ ဘာလဲဆိုတော့ . . **'အရှုခံတရားက မင်းတို့ကို နိဗ္ဗာန်ခေါ်သွားလိမ့်မယ်'** တဲ့ ဒီလိုမိန့်ဖူးပါတယ်။

ဒီတော့ သစ္စာဝါဒီများ ဉာဏ်ဝင်စားကြည့်ပါ။ အရှုခံတရားကို ကျွန်တော်တို့က လိုက်ရှုရတာ မဟုတ်လား၊ အပျက် အပျက်နဲ့ ရှုရင်း ရှုရင်း၊ သူ့ကို ရှုရင်းနဲ့

နောက်ဆုံး သူဟာ အကြမ်းကနေအနု၊ အနုကနေ အမျှင်လေးတွေ၊ နောက် ကုန်သွားတယ်။ ကုန်သွားတဲ့အခါ 'ဘွား' ဆိုပြီး ရှုတဲ့ဉာဏ်က ပြည့်သွားတော့ နိဗ္ဗာန်ကြီးကို ဘွားခနဲ တွေ့တဲ့အခါကျတော့ အရှုခံတရားက စာရေးသူတို့ကို နိဗ္ဗာန်ခေါ်သွားတာပဲ။ သူက လမ်းပြသွားတာပဲ။

ဒီတော့ အရှုခံတရားကို ကိုယ်က ရှုဖို့ပဲအရေးကြီးတယ်။ ကျန်တာကတော့ ရှုလေ ရှုလေ နိဗ္ဗာန်နဲ့ နီးလေလေလို့သာ အောက်မေ့လိုက်ပေတော့။ ရှုလေ ရှုလေ ကိုယ့်ရှုဉာဏ်ဟာ ပြည့်ဝလိမ့်မယ်လို့သာ အောက်မေ့လိုက်ပေတော့။

ရှုလေ ရှုလေ ကိုယ့်ရှုဉာဏ်ဟာ တိုးတက်ပြေလည်အင်အားရှိ သိပ်သည်းပြီး အမှန်တရားနဲ့နီးကာ ငြိမ်းချမ်းသည်ထက် ငြိမ်းချမ်းတဲ့ ဓာတ်သဘာဝ ထူးဆန်းအံ့သြမှုတွေကို တွေ့မယ်လို့သာ အောက်မေ့လိုက်ပေတော့။ ဒီလိုပဲ သဘောထားရမှာပါ။ ဒါကြောင့် အရှုခံတရားသည် ရှုဉာဏ်အား နိဗ္ဗာန်သို့ လမ်းပြပို့ဆောင်သကဲ့သို့ ဖြစ်သည်ဟု တင်စားပြောနိုင်ပါသည်။

ဒီတော့ ကျွန်တော်တို့ရဲ့ တာဝန်ဟာ ရှုဖို့ပဲ ဖြစ်ပါတယ်။ ကြိုးစားရှုပါ။ ဒါဟာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်းပါပဲ။ ရှုသာရှု၊ ရှုရင် နောက်ဆုံး လျှာ့နည်းပါးလျ ကုန်ဆုံးချုပ်ငြိမ်းသွားမှာပါ။ ချုပ်ငြိမ်းတဲ့အခါ

အေးငြိမ်းတဲ့ နိဗ္ဗာန်ကို ကိုယ်တိုင်ကိုယ်ကျ မင်ြင်းသာ မတတ်သာအောင် ဒိဋ္ဌ တဲ့တိုးကြီးတွေ့မှာ အမှန်ကန် ဖြစ်ပါတယ်။

ဒါဟာလည်း တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူး အာမခံချက်တွေ ဖြစ်ပါတယ်။ ကျွန်တော်တို့လည်း ကြိုးစားပြီးပါပြီ၊ အောင်မြင်သင့်သလောက်လည်း အောင်မြင်ပြီးပါပြီ။ (နောင်သောအခါ ဘယ်လို အောင်မြင်တယ်၊ အောင်မြင်သောအခါ ဘာတွေဖြစ်တယ်ဆိုတာ ပြောပြပေးပါ့မယ်) ကျွန်တော် အချိန်မရွေး ပြောပြနိုင်ပါတယ်။

ဒါပေမယ့် ဒီအခန်းကဏ္ဍတွေကို ကျွန်တော် နေရာ သိပ်မယူချင်ဘူး။ **ကျွန်တော်က သစ္စာဝါဒီတွေ တရားအားထုတ်ပြီး တိုးတက်တာကိုပဲ ဖြစ်စေချင်တယ်**။ အဲဒီဘက်ကို တွန်းပို့နေတာပါ။ ကျွန်တော် အောင်မြင်တာ ပြောဖို့ဆိုတာ ကျွန်တော်က ဝန်မလေးပါဘူး။

ဘာလို့လဲဆိုတော့ အဟုတ်အောင်မြင်ဖူးတဲ့ပုဂ္ဂိုလ်ဆိုတော့ ကိုယ်က ပြောတတ်တယ်၊ ဆိုတတ်တယ်၊ သက်သေပြတတ်တယ်၊ လက်တွေ့လည်း ရှုတတ်တယ် ဆိုတော့ ကျွန်တော့်အတွက် အခက်အခဲ ဘာတစ်ခုမှ မရှိပါဘူး။ သို့သော်လည်း အခါအားလျော်စွာ ပြောဖို့လိုတဲ့အခါ ပြောဖို့လိုတယ်လို့ ယူဆရင် ပြောပေးပါ့မယ်။

အခုကတော့ သစ္စာဝါဒီတွေ ကြိုးစားပါဦး မိမိတို့ကို နိဗ္ဗာန်ခေါ်ပို့နေတဲ့ အရှုခံတရားတွေ ကုန်ဆုံးချုပ်ငြိမ်းပြီး လုံးဝစင်ကြယ်အောင် ကြိုးစားပြီးရှုပါလို့ တိုက်တွန်းပါရစေ၊ တိုက်တွန်းလိုပါတယ်။

အပိုင်း (၂၄)

စိတ်ဝင်စားဖွယ်ရာ သီလ၊ သမာဓိ၊ ဝိညာ

စာရေးသူတို့သည် သိပ္ပံကိရိယာများကို မပိုင်ဆိုင်နိုင်၊ သို့သော် သီလ၊ သမာဓိ၊ ပညာကို ပိုင်ဆိုင်နိုင်သည်။ **သိပ္ပံပညာရှင်များသည် ကိရိယာများနှင့် သဘာဝကို လေ့လာကြသည်။ စာရေးသူတို့သည် သီလ၊ သမာဓိ၊ ပညာများနှင့် ရူပ်နာမ်သဘာဝကို လေ့လာရသည်။**

တစ်နည်းအားဖြင့် သစ္စာဝါဒီများသည် သစ္စာတရား ရှာဖွေဆည်းပူးရာ၌ သိပ္ပံပညာရှင်များကဲ့သို့ ဆောင်ရွက်နေသကဲ့သို့ ဖြစ်နေသည်။

သဘာဝတရားကို လေ့လာကြရာ၌ သစ္စာဝါဒီများက ရုပ်နာမ်သဘာဝကို လေ့လာသည်။ သိပ္ပံပညာရှင်များက စကြဝဠာအကြောင်းကို အဓိကထား၍ လေ့လာကြသည်။ ဤသို့ လေ့လာရာတွင် သိပ္ပံပညာရှင်များ၌ ကိရိယာများရှိသည်။ သစ္စာဝါဒီများ၌ သီလ၊ သမာဓိ၊ ပညာတည်းဟူသော ကိရိယာကို တည်ဆောက်ရသည်။

စာရေးသူတို့၌ Hubble ၏ မှန်ပြောင်းလည်းမရှိ၊ Electro Microscope လည်းမရှိ။ သို့သော် သီလ၊ သမာဓိ၊ ပညာမှန်ပြောင်း ရှိနိုင်သည်။ သီလသည် တရားကျင့်သူအဖို့ စင်ကြယ်လက်ရှိသည်။ တရားကျင့်နေသူသည် သီလ ကျိုးပျက်ရန်မရှိပေ။ သမာဓိသည် ကျင့်လျှင်ရသည်၊ ကျင့်ရင်း ကျင့်ရင်း သမာဓိသည် တည်ငြိမ်လာသည်။ ပညာဉာဏ် ဆိုသည်မှာ အနည်းငယ် ခက်ခဲသော်လည်း အရိယာများ နှလုံးသွင်းသလို နှလုံးသွင်းခြင်းဖြင့် ပညာဉာဏ်ကို ဖွဲ့စည်းတည်ဆောက်နိုင်သည်။

ထိုအခါ သစ္စာဝါဒီများသည် သီလ၊ သမာဓိ၊ ပညာ ကိရိယာ ကိုယ်ပိုင်ရနိုင်သည်။ ဤကိရိယာသည် ကိုယ်ပိုင်ကိရိယာဖြစ်သည်။ သိပ္ပံပညာရှင်များ၏ ကိရိယာများသည် ကိုယ်ပိုင်ကိရိယာများ မဟုတ်ပေ။

ထို့ကြောင့် သဘာဝ အမှုန်အသေးများကို တိုင်းတာသောအခါ ထိုကိရိယာများက လေ့လာသောသဘာဝ

ကို သက်ရောက်ဖျက်ဆီးနိုင်သည်။ သစ္စာဝါဒီများ ရရှိထားသော သီလ၊ သမာဓိ၊ ပညာ မှန်ပြောင်းက မည်သည့် အရာကိုမှ မဖျက်ဆီးချေ။ လေ့လာသော သဘာဝတရားများကို သူ့အရှိအတိုင်း အမှန်အတိုင်း သိနိုင်သည်။

ထို့ကြောင့် သစ္စာဝါဒီများ တည်ဆောက်သော အမှန်တရားသည် ပို၍ အရေးကြီးသည်၊ ပို၍လိုလားဖွယ်ရာ ကောင်းသည်၊ ပို၍ နှစ်ခြိုက်ဖွယ်ရာ ကောင်းသည်။ ကိရိယာထက်ပို၍ သီလ၊ သမာဓိ၊ ပညာ ဉာဏ်မျက်လုံးက အဖိုးတန်ကြောင်း သိသာသည်။ ထို့ကြောင့် သီလ၊ သမာဓိ၊ ပညာသည် စိတ်ဝင်စားဖွယ် ကောင်းသည်။ အံ့သြဖွယ်ရာ ကောင်းသော အရာသည် သီလ၊ သမာဓိ၊ ပညာမှန်ပြောင်းပင် ဖြစ်သည်။

ထို့ကြောင့် သစ္စာဝါဒီများသည် ဤ သီလ၊ သမာဓိ၊ ပညာကို ကိုယ်တိုင်တည်ဆောက်လျှင် ကိုယ်တိုင်ရသည် ဖြစ်၍ တည်ဆောက်နည်းကိုလည်း မြတ်စွာဘုရား သာသနာ ထားခဲ့ပြီးဖြစ်၍ မိမိတို့သည် တည်ဆောက်ရန်သာ လိုတော့သည်။

ယင်းတည်ဆောက်မှုမှာ အရှုခံတရား၊ ဒုက္ခများကို အပျက်ဟု ရှုခြင်းပင် ဖြစ်သည်။ ရှုလေ ရှုလေ မှန်ပြောင်းသည် ပိုမိုကြည်လင် ကောင်းမွန်အားကောင်းကာ နောက်ဆုံး နိဗ္ဗာန်ကြီးကို ဘွားခနဲ မြင်တွေ့နိုင်ရန် ဖြစ်သည်။

ဒေါက်တာချစ်ငယ် (ဒဿန)

ဤကား သစ္စာဝါဒီများ၏ အထူးအခွင့်အရေးပင် ဖြစ်သည်။ စိတ်ဝင်စားစရာ သီလ၊ သမာဓိ၊ ပညာသည် သိပ္ပံပညာ ကိရိယာထက် ထူးခြား ပြောင်မြောက်၍ ကိုယ်ပိုင် သဘောရှိကြောင်း ဖော်ပြလိုပါသည်။

အပိုင်း (၂၅)

ဗုဒ္ဓဘာသာများ ဝမ်းသာစိမ့်သောဌာ ပြောပြလိုပါသည်။ ဗုဒ္ဓဘာသာ၏ ပန်းတိုင်ဖြစ်သော နိဗ္ဗာန်သည် အမှန်ရှိပါသည်။ မြတ်စွာဘုရားလည်း ဟောတော်မူခဲ့ပါသည်။ (ကျွန်တော် ပါဠိများစွာကို မရွတ်လိုပါ။)

သို့သော် *'အတ္ထိဘိက္ခဝေ အဇာတံ အဘူတံ အကတံ အသင်္ခတံ နိဗ္ဗာနန္တိ'* ဟူ၍ လာပါသည်။ နိဗ္ဗာန်သည် ရှိပါသည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုသောအခါ ချမ်းသာသည်၊ လွတ်မြောက်သည်၊ ဒုက္ခမှကင်းသည်၊ ရုပ်နာမ်ချုပ်သည်၊ နှုးညံ့သည်၊ သိမ်မွေ့သည်၊ အသိခက်သည်၊ ရိုးရိုးမျက်လုံးနှင့် မြင်၍မရ၊ ရုပ်နာမ်နှင့် စမ်း၍မရ၊

အရိယာ ဉာဏ်မျက်လုံးဖြင့် ဝင်စား၍ရသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် 'စတုမဂ္ဂ ဉာဏေန သစ္စိကာတဗ္ဗံ မဂ္ဂဖလာန မာရမဏ ဘူတံ' ဆိုတာ လေးပါးသော မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မျက်မှောက်ပြုရတဲ့ နိဗ္ဗာန်ပါ။ နိဗ္ဗာန်ဟာ တကယ်ရှိပါတယ်။

ဒီတော့ ကွာဟချက်ကလေးတွေတော့ ရှိတာပေါ့။ ဥပမာ - သိပ္ပံပညာက လူသားတို့အတွက် အသိပညာပေးတဲ့ အရာရာကို လေ့လာပါတယ်လို့ ဝန်ခံပါတယ်။ ဗုဒ္ဓဘာသာဟာ လူသားတွေအတွက် အသိပညာပေးပါတယ်လို့ ပြောတဲ့အခါကျ သူတို့က **"ဝမ်းနည်းပါတယ်၊ ဘာသာရေးအားလုံးကို ကျွန်တော်တို့က အသိပညာပေးတယ်လို့ မယူဘဲနဲ့ မိုက်မဲတဲ့ပုဂ္ဂိုလ်တွေ လိမ္မာအောင် ဆုံးမသွန်သင်တဲ့ ကိုယ်ကျင့် နီတိတရားဆိုင်ရာ စီမံဖန်တီးချက်"** လို့ သူတို့က ဒီလိုယူပါတယ်။

ဒီတော့လည်း ဝမ်းနည်းစရာ ကောင်းတယ်။ သိပ္ပံကလည်း ဗုဒ္ဓဘာသာကို မထိတွေ့ဘူး၊ ဗုဒ္ဓဘာသာကလည်း သိပ္ပံကို မလွှမ်းမိုးဖြစ်ဘူး။ အမှန်တော့ လွှမ်းမိုးနိုင်တဲ့ အရည်အချင်းရှိသော်လည်း မလွှမ်းမိုးဖြစ်ဘူး၊ ခေတ်ကာလ အခြေအနေအရပေါ့လေ။ သာသနာတော်မြတ်ကြီးကလည်း (၂၅၀၀) ဒီဘက် ရောက်လာပြီ။ ကျွတ်တမ်းဝင်တဲ့ ပုဂ္ဂိုလ်တွေကလည်း သိပ်များပြားသွားပြီ။

လက်ကျန်လေးနည်းနည်း ရှိတော့တယ်ဆိုတော့ ကျွတ်မယ့်ပုဂ္ဂိုလ် နည်းတဲ့ အချိန်အခါမှာ သာသနာကလည်း ဒီလိုပဲ လျှမ်းလျှမ်းတောက်ဖြစ်ဖို့ဆိုတာ အင်မတန် ကြိုးစားနိုင်မှ တော်ကာကျလိမ့်မယ်လို့ ယူဆပါတယ်။

ဒါပေမယ့် နိဗ္ဗာန်ဟာ တကယ်ရှိပါတယ်။ ဒါကို သိပ္ပံပညာရှင်တွေကလည်း မတွေ့သေးလို့ပါ။ နောက် ၄၅သိပညာပေးမှ စိတ်ဝင်စားတယ်ဆိုတဲ့ သိပ္ပံပညာရပ်က ဗုဒ္ဓဘာသာက အသိပညာပေးတယ် ဆိုတာကို မသိသေးလို့ပါ။ ဒီတော့လည်း ဗုဒ္ဓဘာသာဟာ ကမ္ဘာကို လုံလောက်အောင် မလွှမ်းမိုးနိုင်ဘူးလို့ ဝန်ခံမယ်ဆိုလည်း ဝန်ခံလို့ရပါတယ်။ မလွှမ်းမိုးနိုင်ပါဘူး။

သိပ္ပံပညာဟာ ဘာသာရေးတွေကို ပယ်ဆဲပါပဲ။ သိပ္ပံ ပညာဟာ ဘာသာရေးပယ်တော့ ဗုဒ္ဓဘာသာက ပါသွားဆဲပါပဲ။ သိပ္ပံပညာဟာ ဘာသာရေးကိုပယ်တော့ ဗုဒ္ဓဘာသာ ပါသွားတဲ့အတွက် ဗုဒ္ဓဘာသာထဲက နိဗ္ဗာန်ရဲ့ တည်ရှိခြင်းကို ပယ်ဆဲပါပဲ။ ဒါက သိပ္ပံဘက်ကပါ။ ဒါပေမယ့် သူတို့မတွေ့တာပါ။ သူတို့ဟာ အက်တမ်တွေ့တယ်၊ အီလက်ထရွန်၊ ပရိုတွမ် တွေ့တယ်၊ ကွာဒ်တွေ့တယ်။ The most fundamental substantial element ဆိုတာကို သူတို့ လိုက်ရှာတယ်။ ဒါပေမယ့် နိဗ္ဗာန်တော့ မတွေ့ဘူး။

ဒေါက်တာချစ်ငယ် (ဒဿန)

နိဗ္ဗာန်ကလည်း ကိရိယာနဲ့ မြင်လို့မရဘူး၊ ရိုးရိုးမျက်လုံးနဲ့လည်း မြင်လို့မရဘူး၊ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့မှသာလျှင် မြင်တွေ့နိုင်တဲ့အတွက် နိဗ္ဗာန်ရဲ့ အံ့သြဖွယ်ရာ ထူးဆန်းတဲ့ တည်ရှိမှုကိုတော့ ပုထုဇဉ်တွေကလက်တွေ့မမြင်နိုင်သေးဘူးဆိုတာ သဘာဝ ကျပါတယ်။

အနုမာန မျက်မှန်းဆဖို့ဆိုတာလည်း ဗုဒ္ဓဘာသာအဆိုအဆုံးအမကို ခံယူသော ပုဂ္ဂိုလ်များသာလျှင် အနုမာန မျက်မှန်းဆပြီး နိဗ္ဗာန်ရဲ့တည်ရှိမှုကို၊ မှန်းဆယုံကြည်ကြတာမို့ ဗုဒ္ဓဘာသာတွေဟာ တကယ်တော့ အမှန်တရားလည်း ရှာဖွေတယ်၊ အမှန်တရားကိုလည်း လိုက်စားတယ်ဆိုတာ ဂုဏ်ယူစရာ ကောင်းကြောင်းတော့ အားပေးလိုပါတယ်။

အပိုင်း (၂၆)

သစ္စာဝါဒီများအတွက် ပင်ငါးတို့ အခြေအနေကိုထင်ပြခြင်း

ဗုဒ္ဓဘာသာက လွယ်ပါတယ်။ ဆရာရှိဖို့နဲ့ လမ်းစဉ်မှန်ဖို့ပါပဲ။

ဥပမာ - မြတ်စွာဘုရားကလွဲရင် တရားကို ဘယ်သူမှ ဆရာသမားရဲ့ အကူအညီမပါဘဲ မရဘူး။ တစ်နည်းမဟုတ် တစ်နည်းနဲ့ သာသနာတော်ကြီးက ကူညီမယ်၊ အဂ္ဂသာဝကတို့ မဟာသာဝကတွေ ကူညီမယ်၊ အဲဒီလို ကူညီရတာကိုး။ အခါအားလျော်စွာ မြတ်စွာဘုရားလက်ထက်တော် ဝန်းကျင်မှာကတော့ သာသနာတော်ကြီး

ရှိနေတော့ သာသနာကြီးက ကူညီလိုက်တာ ရပါတယ်။ သာသနာက လောကကြီးကို လွှမ်းမိုးနေတာကိုး။

အခုအချိန်ကတော့ လူကိုယ်တိုင်က ကူညီမှ အရိယာဖြစ်တယ်။ စာအုပ်က စာအုပ်ပဲ စေတနာမပါဘူး၊ လမ်းညွှန်မှုပဲ ပေးတယ်။ သူက စေတနာမပါတဲ့အတွက် အရိယာဖြစ်ဖို့ကျတော့ စာအုပ်မှာက စေတနာ မပါနိုင်ဘူး။ လူကတော့ ပါနိုင်တယ်။ ဒါကြောင့် လူကို အားကိုးရတာပေါ့။

ပဋ္ဌိပတ္ထိကျင့်တဲ့အခါ ဆရာ့အားကိုးရတာပေါ့။ ဆရာရှိမှ၊ ဆရာ လိုပါတယ်။ ဆရာဆိုတာ သက်ရှိဆရာမှ၊ စာအုပ်ဆရာနဲ့ မရဘူး။ စာအုပ်က သူ့စာရွက်မှာ စာတွေပဲပါတာ သက်မဲ့ကိုး။ ပုထုဇဉ်ကနေ အရိယာဖြစ်ဖို့ကျတော့ တစ်ခုခု၊ တစ်စုံတစ်ခု လုပ်ပေးလိုက်ရတာ။

အဲဒီတော့ သစ္စာဝါဒီတွေ တရားကျင့်နေတယ် ကျွန်တော်က ကူညီမှာပါ။ ကျွန်တော့်လိုပုဂ္ဂိုလ်က ကူညီရင်လည်း ရတယ်။

ဒါကြောင့် အခြေခံအားဖြင့် ကူညီနိုင်အောင်လို့ ဝိပဿနာကျင့်စဉ်တွေနဲ့ အခြေခံသဘောထား သိသင့်သိထိုက်တာတွေ၊ လမ်းညွှန်ချက်တွေကို ပေးနေပေါပါ။ ဒီလမ်းညွှန်ချက်တွေ ပိုင်သွားလို့ရှိရင် ကျွန်တော်က ကူညီလိုက်ရင် တစ်ချက်ပဲ။ တစ်ခါတည်း 'ပွင့်' သွားမှာ။

ဒါကို အရိယာဉာဏ် မျက်လုံးရတယ်လို့ ခေါ်ပါတယ်။

အရိယာ ဉာဏ်မျက်လုံးကို ဦးဆောင်တဲ့ ပုဂ္ဂိုလ်က ပေးရတာကိုး။ ဒါကျတော့ စာအုပ်က မပေးနိုင်ဘူး။ စာအုပ်က လမ်းညွှန်တာပါ။ **စာအုပ်က လမ်းညွှန်ချက်** တော့ ပေးပါတယ်။ ဒါပေမယ့် ဒီကိစ္စမျိုးကျတော့ ဆရာလုပ်သူကိုယ်တိုင်က စေတနာပါပြီးတော့ သူ့ကိုယ်တိုင်ကလည်း အရိယာဖြစ်ပြီးတဲ့နောက် ပေးနိုင်တဲ့ စွမ်းအင်သတ္တိရှိပြီး အရိယာဉာဏ်မျက်လုံး တပ်ပေးလိုက်တော့မှပဲ တဖြည်းဖြည်းနဲ့ အရိယာလို ဖြစ်ဖြစ်လာတာ။ နောက် ကိုယ်ကလည်း ကြိုးစားလိုက်တော့ ဖြစ်သွားတာပေါ့။

ဒါက မြတ်စွာဘုရားက လွဲလို့ရှိရင် 'ဆရာမကူ သယမ္ဘူ ရှေဉာဏ်တော်နဲ့' လုပ်တယ်ဆိုတာ မြတ်စွာဘုရား အလောင်းတော်ပဲ ဘုရားဖြစ်ဖို့ ကိုယ့်ဘာသာ လုပ်တာပါ။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့၊ တစ်ဦးမဟုတ် တစ်ဦးဦးနဲ့၊ တိုက်ရိုက်သို့မဟုတ် သွယ်ဝိုက်သောနည်းတွေနဲ့ ကူညီရတာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကူညီမှာပါ။ ကျွန်တော် ကူညီနိုင်တဲ့ အခြေအနေမှာ ကူညီမယ်။ ကျွန်တော် ကူညီတဲ့ အခါမှာ အကျိုးအမြတ် ဖြစ်ထွန်းအောင်လို့ အခုအခြေခံ

တွေ့ ပျိုးနေခြင်း ဖြစ်ပါတယ်။ ကူညီဖို့က ကျွန်တော့် တာဝန်ပါ။ အခြေခံအနေနဲ့ ကျွန်တော် ကူညီတဲ့အခါမှာ အကူအညီ ခံထိုက်ပြီး ပေါက်မြောက် ပွင့်လင်းအောင် ကျွန်တော်က အခြေပျိုးပြီး စနေရတာကိုး။ နောက်ပိုင်းမှာ ကျွန်တော် ကူညီသွားမှာပါ။

နိဗ္ဗာန်အကြောင်း၊ အရိယာအကြောင်းတွေကို ကျွန်တော်က သိတဲ့အတွက် ပြောတတ်ပါတယ်။ ကျွန်တော် မသိတာတွေတော့ မပြောတတ်ဘူး၊ ကျွန်တော် သိတာ ကျွန်တော် ပြောတတ်ပါတယ်။

ပြောပြပေးပါ့မယ်လို့ အားပေးစကား မှာကြားပါတယ်။

အပိုင်း (၂၇)

ထစ္စာဝါဒီများအတွက် အားပေးစကား

တရားကျင့်ရင် တိုးတက်တယ် အကျိုးလည်း ရှိတာပါပဲ။ ကိုယ်လည်း အခြေခံ တော်တော်ရနေကြပါပြီ။ အနိစ္စတစ်လုံးဆိုတာ တရားကျင့်တဲ့ ထုံးပါပဲ။ ဘာမဆို အနိစ္စ မမြဲခိုဘူး၊ မလဲလျောင်းဘူး၊ မလိုလားဘူး၊ မခံစားဘူး ဆိုတာ ပယ်တဲ့သဘော၊ စွန့်တဲ့သဘော၊ ဖြတ်တဲ့သဘော၊ ဒါတွေဟာ တရားဝင်စားတဲ့ သဘောတွေပါပဲ။

အစမှာ ဒီရုပ်၊ ဒီနာမ်၊ ဒီခန္ဓာကို မမြဲခိုတဲ့သဘော၊ မတွယ်တာတဲ့သဘော၊ မကပ်ငြိတဲ့သဘော၊ မလိုလားတဲ့

သဘောနဲ့ စွန့်နိုင်၊ ပယ်နိုင်တဲ့ သတ္တိတွေမွေးပြီး ဉာဏ်တည်ဆောက်တဲ့ သဘောတွေဟာ ပဋ္ဌိပတ္တိကျင့်စဉ်ပါ။ ပဋ္ဌိပတ္တိကျင့်စဉ်ကတော့ ပြောင်မြောက်တယ်၊ ရဲရင့်တယ်၊ မှန်ကန်တယ်၊ သတ္တိရှိတယ်၊ ရင်ဆိုင်ရဲတယ်။

တချို့ကတော့ ဟိတ်ဟန်များနေတာပါ။ သာသနာ ပြုမယ်ဆိုပြီး နိုင်ငံရေးလိုလို ဘာလိုလိုနဲ့ တခြားဟာတွေ လျှောက်လုပ်နေတယ်။

နိုင်ငံရေးလုပ်ချင် လုပ်ပါ။ လူဆိုတာ နိုင်ငံရေးသတ္တဝါပါပဲ၊ နိုင်ငံရေးလုပ်ပေါ့။ ဘာဖြစ်လို့ သာသနာ ပြုဦးမယ်ဆိုပြီး နိုင်ငံရေးယောင်ယောင် ဘာယောင်ယောင် အသံလွှင့်နေလဲ။ ဒါကျတော့လည်း ရှေ့နောက်က မညီညွတ်ဘူး။ ဒါဟာ သာသနာကို ဝင်စားတဲ့၊ ခိုကိုးတဲ့ ပုဂ္ဂိုလ်တွေကို စော်ကားတာပဲ။

သာသနာဆို သာသနာ လုပ်ပေါ့။ သာသနာ အကြောင်းပြော၊ သစ္စာအကြောင်းပြော၊ နိဗ္ဗာန်အကြောင်းပြော၊ ရဟန္တာအကြောင်းပြော၊ အရိယာအကြောင်းပြော၊ ဝိပဿနာအကြောင်းပြော ဒါသာသနာပဲလေ။

သာသနာလုပ်မယ် ဆိုပြီးတော့ တောလုပ်၊ တောင်လုပ် လုပ်နေတဲ့အခါကျတော့ ရှေ့နောက်လည်းမညီညွတ်ဘူး။ သာသနာကို ခိုကိုးတဲ့ တရားနာပရိသတ်၊ တရားလိုက်စားတဲ့ ပရိသတ်တွေကို စော်ကားနေတဲ့ သဘောပဲ။

ဒါမျိုးတွေကတော့ မလိုလားအပ်ပါဘူး၊ သာသနာမှာ ဆူးငြောင့် ခလုတ်တွေပါပဲ။

စစ်မှန်စွာ လုပ်တဲ့ပုဂ္ဂိုလ်တွေကိုကျတော့ ဟိတ်နဲ့ ဟန်နဲ့ အတင်းပြောချင်သေးတယ်။ ဒါဟာ စိတ်ယုတ်မာတဲ့ သင်္ကေတကို ပြတာပဲ။

ကျင့်တဲ့ပုဂ္ဂိုလ်ဟာ ခိုင်တယ်၊ ရဲရင့်တယ်၊ မာတယ်၊ သတ္တိရှိတယ်၊ ရင်ဆိုင်ရဲတယ်၊ သိတယ်၊ တတ်တယ်၊ နားလည်တယ်၊ ပြောပြနိုင်တယ်။

ဒီတော့ သစ္စာဝါဒီတွေကို ဒီခံယူချက်တွေ ပြောပြနေတာက သာသနာနဲ့ ပတ်သက်လို့ ဒီလိုခံယူချက်တွေ ခံယူရင် အရိယာဖြစ်ဖို့က လက်တစ်ကမ်းပဲ။ အရိယာဖြစ်ဖို့က ဘာမှ ခက်တာမဟုတ်ဘူး။ အရိယာဖြစ်ဖို့ ရှိတဲ့ အခါမှာ ကိုယ်က အခြေခံတွေ ပြေလည်ဖို့ပဲ။ ဉာဏ်ပညာနဲ့ ထွင်းဖောက် သိမြင်ဖို့ပဲ။

ဘယ်အရာက ဟိတ်၊ ဘယ်အရာက ဟန်၊ ဘယ်အရာက ပကာသန၊ ဘယ်အရာက ဝင့်ကြွားနေတာ၊ ဘယ်အရာက ထည်ဝါအောင်လုပ်နေတာ၊ ဘယ်အရာက လိမ်လည်နေတာ၊ ဘယ်အရာက တစ်ပတ်ရိုက်ပြီးတော့ ရိုးသားစစ်မှန်မှု သစ္စာတရားက သွေဖည်နေတယ်ဆိုတာ ခွဲခြားသိမြင်လာရင် သစ္စာဝါဒီတွေဟာ အမှန်အကန် အရိယာ ဉာဏ်မျက်လုံးတွေ

ရမ္ဘာပဲ။ ရပါစေလို့လည်း ဆုတောင်းပါတယ်။ မေတ္တာလည်း ပို့ပါတယ်။ ဆောင်ရွက်လည်း ဆောင်ရွက်ပေးမှာပါပဲ။

ဒီတော့ သစ္စာကို မေတ္တာနဲ့ ချစ်မြတ်နိုးကြစို့လို့ တိုက်တွန်းလိုပါတယ်၊ နှိုးဆော်လိုပါတယ်။ သစ္စာတရားအပေါ်မှာ မေတ္တာရှိမှ အဟုတ်သာသနာကို ချစ်ရာကျတာ။ သစ္စာတရားအပေါ်မှာ မေတ္တာမရှိဘဲနဲ့ သွေ့ဖည်ဖောက်ပြန်ပြီး တောလိုလို တောင်လိုလို လုပ်နေရင် သာသနာလည်း ရုပ်ပျက်ဆင်းပျက် ဖြစ်တယ်။ ကမ္ဘာကလည်း တဖြည်းဖြည်းနဲ့ လေးစားမှာ မဟုတ်တော့ဘူး။ သာသနာအပေါ်မှာလည်း သဘောထားတွေက သေးသိမ်ကွဲလွဲကုန်မှာပဲ။

သာသနာမှာ မအောင်မြင်ရဘူးလို့ ဘယ်သူကပြောတာလဲ။ မြတ်စွာဘုရား သာသနာရှိနေတာ အောင်မြင်ရမှာပေါ့။ လုပ်ရင် အောင်မှာပဲ၊ မလုပ်ရင် မအောင်ဘူး။

ဒီခေတ်ကြီးက ကျွမ်းကျင်ရာ လိမ္မာပဲ၊ ကျွမ်းကျင်အောင်လုပ်တဲ့လူဟာ လမ္မာမယ်၊ လမ္မာရင် တတသ ကျွမ်းကျင်မှာပဲ။ ဒါကို မနာလို ဖြစ်နေကြတယ်၊ မနာလို ပြောနေကြတယ်ဆိုတာ အဆင့်အတန်း တော်တော်နိမ့်လို့။ သူတို့က ဟိုးမတိုးတက်တဲ့ခေတ်က အယူအဆတွေ

ဥပါဒါန် ဖြစ်နေကြလို့။ တကယ် ဥပါဒါန် ကင်းကင်းနဲ့ တော်ရင် တော်သလို၊ ဖြစ်ရင် ဖြစ်သလို၊ မှန်ရင် မှန်သလို၊ ရဲရဲရင့်ရင့်နဲ့ ပွင့်ပွင့်လင်းလင်း ရင်ဆိုင်မယ်ဆိုရင် သစ္စာက ပွင့်လင်းမှာပါ။

ဘာသာရေး သာသနာရေးပဲ ပျော်ပါတယ်။ **မိမိက**တော့ ဘာသာရေး သာသနာရေးသမားပါ။ သာသနာရေး ဘက်ပဲ နားလည်တယ်၊ တခြားဘက်တော့ စိတ်မဝင်စားဘူး၊ နားလည်း မလည်ပါဘူး။ မိမိဘွဲ့နဲ့ ပတ်သက်လို့တော့ သိပ်ပံကိုသိတဲ့အတွက် အခြားတစ်ဖက်မှာ ရေးပေးနေကြောင်း သတင်းကောင်းလေး ပေးအပ်ပါတယ်။

အပိုင်း (၂၈)

သိပ္ပံပညာနဲ့ ဘာသာရေး

သိပ္ပံပညာရပ်က ဘာသာရေးကို လက်တွေ့မပါ၊ လက်တွေ့အသိပညာမပေးနိုင်လို့ ပယ်တယ်ဆိုတဲ့သဘောကြွေးကြော်ပါတယ်။

ဘာသာရေးဟာ နိတိကျမ်းစာနဲ့ လူတွေ လိမ္မာအောင် ပုံပြင်ဆောင်ထားတဲ့ စိတ်ကူးယဉ် အဆိုအမိန့်သာဖြစ်တယ်လို့ သိပ္ပံက မြင်ပါတယ်။ ဘာသာရေးကို သိပ္ပံက အဲဒီလိုမြင်တော့ ဗုဒ္ဓဘာသာကိုလည်း အဲဒီလိုပဲ မြင်သွားတယ်။

ဒီနေရာမှာ ဘာမှားသလဲ၊ ဘာလိုသလဲ၊ သိပ္ပံပညာ ကလည်း ဗုဒ္ဓဘာသာဟာ သီးခြား လက်တွေ့နဲ့ယှဉ်တဲ့ ဗုဒ္ဓဘာသာလို့ မမြင်ဘူး။ ဗုဒ္ဓဘာသာဘက်ကလည်း ဗုဒ္ဓ ဘာသာဟာ လက်တွေ့ပါတယ်၊ လက်တွေ့ သိပ်အရေး ကြီးတယ်ဆိုတာ ပီပီသသ သိပ္ပံပညာရှင်တွေ နားလည် အောင် မပြောနိုင်ဘူး။ ဒီကြားထဲမှာ ဟာလပ်မှုရှိနေတော့ သိပ္ပံက ဘာသာရေးကို ပယ်ရင်း ဗုဒ္ဓဘာသာကို ပယ်သွား တယ်။

ဘယ်လောက်ထိ ပယ်လည်းဆို *'အမှန်သာ ရှိပါ စေ ကျွန်တော်တို့ စိတ်ဝင်စားရမှာပေါ့'* လို့ ယူဆတဲ့ ပုဂ္ဂိုလ်တွေ ကိုယ်တိုင်ကိုက နဗ္ဗာန်ကိုပယ်တယ်။ ဘာ ကြောင့်လဲဆိုတော့ နိဗ္ဗာန်ကို အမှန်မရှိသလို ဘာလိုလိုထဲ ရောထည့်တယ်။

ဒီတော့ တစ်စုံတစ်ခုတော့ မှားနေပြီ။ သိပ္ပံက လည်း ဗုဒ္ဓဘာသာဟာ လက်တွေ့ပါတယ် ဆိုတာကို မလေ့လာလို့ မှားသလို ဗုဒ္ဓဘာသာဘက်ကလည်း ဗုဒ္ဓ ဘာသာရဲ့ အခြေအနေတွေဟာ လက်တွေ့လုံးဝပါတယ်၊ လက်တွေ့ ကျင့်တယ်၊ ကြိုးစားတယ်၊ အားထုတ်တယ်။ ဒါကြောင့် လက်တွေ့သိမြင်တယ် ဆိုတာတွေကို ပီပီသသ ခိုင်ခိုင်လုံလုံနဲ့ သိပ္ပံနားပေါက်အောင် မပြောနိုင်လို့ ဒီဟာကွက်ကလေး ဖြစ်နေတယ်လို့ သတိထားမိပါတယ်။

ဒါကြောင့် ဒီဟာကွက်ကို ဖြည့်နိုင်စိမ့်သောဌာ သိပ္ပံမှာ လက်တွေ့ကို ဦးစားပေးသလို ဗုဒ္ဓဘာသာက လည်း လက်တွေ့ဦးစားပေးလို့ လက်တွေ့ကျင့်တဲ့အခါမှာ တွေ့ကြုံရတဲ့ ဖြတ်သန်းရတဲ့ အတွေ့အကြုံပညာရပ်တွေ၊ အသိအမြင်တွေ၊ နားလည်မှုတွေ၊ ပေါက်မြောက်မှုတွေနဲ့ သီလ၊ သမာဓိ၊ ပညာရဲ့ ဂုဏ်တွေဟာ များစွာရှိကြောင်းကို တစ္ဆေတစောင်း ဖော်လှစ်နေရပါတယ်။

ဘာသာရေးကို စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တွေအတွက် လည်း သာမုခေါ်ပါတယ်။ သိပ္ပံကတော့ တစ်နေ့နေ့ကျရင် လေ့လာမလား၊ လိုက်စားမလားလို့တော့ မှန်းဆရတာ ပေါ့။ သို့သော်လည်း ကံပေါ့လေ။ သိထိုက်တဲ့ ပုဂ္ဂိုလ်များ ကတော့ သိကြရမှာပါ။ မသိထိုက်ရင်လည်း မရပေဘူး ပေါ့။ ဒီတော့ ကံပဲ၊ ကြိုးစားတဲ့ဘက်ကတော့ ဝိုင်းဝန်းပြီး ကြိုးစားကြပါစို့လို့ တိုက်တွန်း နှိုးဆော်အပ်ပါတယ်။

အပိုင်း (၂၉)

တရားကျင့်တယ်ဆိုတာ ခေတ်မီပါတယ်

ဒီခေတ်မှာ တရားကျင့်တယ်ဆိုတာ ခေတ်မီပါတယ်။ ဘာဖြစ်လို့လဲဆိုရင် တရားကျင့်တော့ ကိုယ့်သီလ၊ သမာဓိ၊ ပညာ တိုးတက်တာပေါ့။ ကိုယ် တိုးတက်အောင် ကိုယ်လုပ်တာဟာ ခေတ်မီတာပါပဲ။

ဒီခေတ်က လက်တွေ့လုပ်တဲ့ ခေတ်ပဲ၊ အားလုံး သိပါတယ်။ သိပ်ဟာ လက်တွေ့လုပ်လို့ ကမ္ဘာက လေးစားရတာ။ လက်တွေ့ကျင့်တဲ့ခေတ်။ ဒီခေတ်ဟာ စာအုပ်ထဲတို့၊ သဘောတရားရေးရာတို့ဟာ တစ်ခြမ်းပဲ ဖြစ်နေ

တော့ မကိုက်ဘူး။ လက်တွေ့ကျင့်ကြံ အားထုတ်ပြီး အလုပ်လုပ်မှ ကိုက်တယ်။ သိပ္ပံပညာက ဗုဒ္ဓဘာသာကို လက်တွေ့ ဘယ်မှာလဲကျင့်တာ၊ လက်တွေ့ ဘာရလို့လဲ ဆိုပြီးတော့ အပြစ်တင်ပြီး ပယ်ခံရတာ။ ကျွန်တော်တို့ ရင်နှာစရာ ကောင်းတယ်။

တကယ်တော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေဟာ လက်တွေ့ကျင့်ကြောင်း ပြောရမယ်။ ဒီတော့ သစ္စာဝါဒီများလည်း ပြောပါ၊ ရင်ကော့ ပြောပါ။ ဘာဖြစ်လဲ၊ ကိုယ်တိုးတက်အောင် ကျင့်တယ်ပေါ့။ ကိုယ်တိုးတက်အောင် ကိုယ်ကျင့်တာပဲ၊ ကိုယ့်ကိုယ်ကိုယ် ချစ်လို့ကျင့်တယ်။

ဒါ မိုးကုတ်ဆရာတော် ဘုရားကြီးလည်း မိန့်ဖူးတယ်၊ **"ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့ပုဂ္ဂိုလ်ဟာ တရားကျင့်တယ်" ဆိုတာ "ကိုယ့်ရဲ့ သီလ၊ ကိုယ့်ရဲ့ သမာဓိ၊ ကိုယ့်ပညာဟာ သေတဲ့အခါကျတော့အားကိုးရတယ်"**

ဒီတော့ တရားကျင့်တဲ့ပုဂ္ဂိုလ်ဟာ ခေတ်မီတယ်၊ ခေတ်မီကြောင်းကို ကြွေးကြော်နိုင်ပါတယ်။ ဘယ်သူကယုံယုံ မယုံယုံ၊ ဘယ်သူက ဘာပြောပြော ကိုယ်ကရင်ကော့ပြောရမယ်။ တရားကျင့်တယ်ဆိုတာ လွယ်တာမှ မဟုတ်ဘဲ။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ကျင့်တဲ့ ဝိပဿနာကျင့်တာ၊ ကိုယ့်ကိုယ်ကိုယ် အနိစ္စရှုတာ

ရှုကောင်းတယ်၊ ကျင့်ကောင်းတယ်၊ ကြော်ငြာကောင်းတယ်၊ ရင်ကော့ ပြောလို့ရတယ်။ **တရားရှုတာဟာ မျက်နှာငယ်စရာ မဟုတ်ပါဘူး။ ဒါဟာ မျက်နှာရှိစရာပဲ**။ အယူအဆက အဲဒီလို ယူဆရမယ်။

ဒါကြောင့် ကျင့်လည်းကျင့်ပါ၊ ကျင့်ကြောင်းလည်း ပြောပါ။ ကိုယ်က အပိုမပြောရင် ပြီးတာပဲ၊ မှန်တာတော့ ပြောရမှာပေါ့။

ဒီခေတ်ဟာ မှန်တာ မပြောလို့မရတဲ့ ခေတ်ဖြစ်နေတယ်။ သစ္စာဝါဒီများလည်း သိပါတယ်၊

ဒီခေတ်ဟာ မှန်တာ မပြောလို့ မရဘူး။ မှန်တာ လုပ်ရင် မှန်တဲ့အတိုင်း ပြောရတာပဲ။ ပြောစရာ မရှိမှာဘဲ စိုးရတယ်။ အခု ဗုဒ္ဓဘာသာအနေနဲ့က ပြောစရာ မရှိမှာ စိုးရတယ်၊ ပြောစရာရှိလို့ကတော့ လက်တွေ့ကျင့်တယ်၊ အားထုတ်တယ်၊ သီလ၊ သမာဓိတက်တယ် ပြောကို ပြောရမယ်။ ဒါမှ ကမ္ဘာကလည်း လေးစားမယ်၊ သိပ်ပံမှာလည်း နည်းနည်း နည်းနည်းနဲ့ ထိုးဖောက်နိုင်မယ်။

သိပ်ပံက လက်တွေ့မယှဉ်ရင် လက်မခံချင်ဘူး။ ဘာသာရေးတွေ အားလုံးဟာ လက်တွေ့နဲ့မယှဉ်သလို သူတို့က ရောပြီးတဲ့နောက် ခြုံငုံပြီး ယေဘုယျ ပြုထားတာ၊ သူတို့ကလည်း Hasty Generalization ခေါ်တဲ့ အမှားကိုတော့ ကျူးလွန်တယ်။ သူတို့က ဘာသာရေးတိုင်းဟာ

လက်တွေ့ မရှိဘူးလို့ ပြောနေတာ။ တကယ်တော့ ဗုဒ္ဓဘာသာဟာ လက်တွေ့အလွန်ရှိတာ၊ အလွန်ကျင့်ရတာ၊ အလွန်ဆင်ခြင်ရတာ၊ အလွန်နှလုံးသွင်းရတာ၊ သေခြင်းတရားကို အလွန်ပဲ လက်တွေ့ကျကျ ရင်ဆိုင်ပြီး အောင်မြင်တော်မူတဲ့ သူတော်ကောင်းတွေ အများကြီးရှိတယ်။

ဒီတော့ ကျင့်တဲ့အကြောင်းကို ကြော်ငြာရမယ်၊ ရင်ကော့ရမယ်၊ အကျင့် ကျင့်တာကို ဂုဏ်ယူရမယ်၊ မြတ်သောအကျင့် ကျင့်တာပဲ။

ဝိပဿနာဆိုတာ အမျိုးကောင်းသား၊ အမျိုးကောင်းသမီး ကျင့်ထိုက်တယ်လို့ သတ်မှတ်ခံထားရတာ **မိမိရဲ့ လောဘ၊ ဒေါသ၊ မောဟကို လျော့အောင်လုပ်တာ မြင့်မြတ်တဲ့အကျင့်ပဲ။ ဒါကျင့်တာ အလုပ်လုပ်တာပဲ**၊ ကာယလုပ်မှု အလုပ် မဟုတ်ပါဘူး၊ ဉာဏအလုပ်လုပ်တာလည်း အလုပ်ပါပဲ။ အလုပ်ကတော့ အလုပ်ပါပဲ၊ ကိုယ်က အလုပ်လုပ်နေရင် တိုးတက်တာပဲ၊ ဘယ်သူမဆို တိုးတက်တာပဲ။

ကျွန်တော်လည်း တိုးတက်တယ်၊ ကျွန်တော် တိုးတက်တဲ့အကြောင်း ပြောနေရတာကလည်း အားရှိစေချင်လို့။ ကျွန်တော့ သီလ၊ သမာဓိ၊ ပညာဟာ မကျင့်တဲ့ ပုဂ္ဂိုလ်တွေ ဘယ်လိုမှ မမိနိုင်ဘူး။ ဘယ်လိုမှလည်း မမြင်နိုင်ဘူး။

တချို့က စာလေးနည်းနည်းဖတ်ပြီး မဂ်တုလား၊ ဖိုလ်တုလား၊ ကျွန်တော့်ကို ထင်ကြသေးတယ်။ (ခက်တယ်) သူတို့က မကျင့်ဖူးလို့၊ ကျင့်လို့ရှိရင် အတုနဲ့ အစစ်က လုံးဝကွဲတယ်။

အစစ်ကတော့ လုံးဝ မငြင်းသာ မတတ်သာ အောင် အိတ်သွန်ဖာမှောက် ဘွားခနဲ နိဗ္ဗာန်ကြီးထဲကို အတုံးလိုက် အတစ်လိုက်ဝင်သွားတာ။ သူတို့မှ မကျင့်ဖူးတာကိုး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ သူတို့မှ မရဖူးတာကိုး၊ သူတို့ကို အပြစ်တော့ မပြောလိုပါဘူး။

ဒါပေမယ့် သူတို့က မရဖူးတာ၊ သူတို့က မလေ့လာဖူးတာ၊ သူတို့က ဆရာကောင်း မရှိတာ၊ သူတို့က ဗဟုသုတမရှိတာ၊ သူတို့က သာသနာ့ အဆိုအဆုံးအမမှာ မယဉ်ကျေးတာ။ ဒါလက်တွေ့ယှဉ်တဲ့ ပုဂ္ဂိုလ်မှသာလျှင် ယဉ်ကျေးနိုင်တယ်။

ဒါကြောင့် ဒီခေတ်ဟာ လက်တွေ့ကျင့်တဲ့ ခေတ်လည်း ဖြစ်ပါတယ်။ ကျင့်ကြောင်းလည်း ပြောနိုင်ပါတယ်။ ကျင့်တဲ့ ပုဂ္ဂိုလ်များ ပြောစရာရှိရင် ပြောကြပါ။

ဒါမှသာလျှင် ဗုဒ္ဓဘာသာကို ကမ္ဘာက လေးစားမယ်။ ဒါမှသာလျှင် ဗုဒ္ဓဘာသာကို တခြားဘာသာတွေနဲ့ မတူ တစ်မူထူးခြားပြီး လက်တွေ့ကျင့်တယ်ဆိုတာ သိပ္ပံပညာကပါ သဘောပေါက်လာလို့ သိပ္ပံပညာကပါ

ဒေါက်တာချစ်ငယ် (ဒဿန)

လိုက်လာရင် ဗုဒ္ဓဘာသာဟာ ဟိုးလေးတကျော်ကျော်
ကမ္ဘာပေါ်မှာ ကျော်ကြားသွားမှာ သေချာတယ် ဆိုတဲ့
အကြောင်း ပြောလိုပါတယ်။

အပိုင်း (၃၀)

သာသနာတ စောင့်ရှောက်တာကို ထုံးတြည်ထိုက်ပါတယ်

သစ္စာဝါဒီများ တရားကျင့်နေတာ သာသနာ့အရိပ်ကို ခိုတာပါပဲ။ သာသနာ့အရိပ်ကို ခိုခြင်းဟာ ကောင်းသော ဆောင်ရွက်ခြင်းပါပဲ။ သာသနာ့အရိပ်ဟာ ခိုကိုးသင့်ပါတယ်၊ သာသနာတော်မြတ်ကြီးက လုံးဝစောင့်ရှောက်တယ်၊ ရုပ်နာမ်တွေက ဒုက္ခများလို့သာ သာသနာတော်က စောင့်ရှောက်ပေမယ့် စောင့်ရှောက်တာကို စောင့်ရှောက်မှုန်း မသိတဲ့အခါ မသိဘူး၊ သို့သော်လည်း တကယ် စောင့်ရှောက်ပါတယ်။

စိတ်ချပါ ကျွန်တော်ကိုယ်တိုင် အစောင့်ရှောက်ခံရတာတွေ နောက်ပိုင်းမှ အတွေ့အကြုံတွေ ပြောပြပါ့မယ်။ တကယ့်ကို စောင့်ရှောက်တာကို ကိုယ်တိုင်ကိုယ်ကျယုံကြည်တယ်၊ သက်ဝင်တယ်၊ တွေ့ကြုံဖူးပါတယ်။

ဒါကြောင့် သစ္စာဝါဒီများကိုလည်း သာသနာ့အရိပ်ကို ခိုကိုးဖို့အတွက် တိုက်တွန်းတယ်၊ အကြံဉာဏ်ပေးတယ်၊ နှိုးဆော်တယ်၊ ခိုကိုးရင်လည်း သာဓုခေါ်တယ်။ သာသနာ့အရိပ်က ခိုကိုးသင့်ပါတယ် ဘာကြောင့်လဲဆိုတော့ သာသနာကြီးက အင်မတန် အေးချမ်းပါတယ်။

'သာသနာဆိုတာ ဘာလဲ?' ဆိုတာ ကျွန်တော် ပြောပြမယ်။

သာသနာဆိုတာက **'မြတ်စွာဘုရား အဆိုအဆုံးအမ'**

မြတ်စွာဘုရား အဆိုအဆုံးအမဆိုတာ **'ကိုယ့်ရုပ်နာမ်ကို အပျက်ရှုတာပါပဲ'**

သစ္စာဝါဒီတွေအနေနဲ့ မြတ်စွာဘုရားကို ကြည်ညိုမြတ်စွာဘုရားဘက်ကရပ်၊ တရားကိုကြည်ညို တရားဘက်ကရပ်၊ မြတ်စွာဘုရားရဲ့ သားတော်တွေလည်း ရှိတယ်။ ရှေ့ကနေ လမ်းစဉ် ပြနေတာပဲ။ မြတ်စွာဘုရားရဲ့ သားတော် အရိယာ သူတော်ကောင်းတွေကိုလည်း ကိုယ်က ဦးစားပေးရမယ်၊ ဦးထိပ်ထားရမယ်။

မြတ်စွာဘုရားရဲ့ သားတော် အစစ်တွေဟာ မြတ်စွာဘုရား ခိုင်းတဲ့အတိုင်း တစ်ကြောင်းတည်း တစ်ဖြောင့်တည်း ကျင့်တော်မူကြတာ။

'သံသာရ ဝဋ္ဋဒုက္ခတော မောစနတ္ထာရ' ဆိုတာ သံသရာက ထွက်မြောက်ဖို့အတွက် ရည်မှန်းပြီး သုတ်သင်ရှင်းလင်းပြီး အခန်းဖွဲ့တဲ့ သက်နိုးကို ဝတ်ရုံရတာ။ ဒီတော့ မြတ်စွာဘုရားရဲ့ သားတော်တွေကို ဦးစားပေးရမယ်၊ ကြည်ညိုရမယ်၊ လေးစားရမယ်၊ သူတို့က ရှေ့ကသွားနေတာ ကိုယ်က နောက်က လိုက်ရမှာပဲ။

(၃၁)ဘုံက လွတ်မြောက်အောင် ကြံဆောင်နေကြတာ၊ မြတ်စွာဘုရားရဲ့ သားတော်အစစ်တွေဟာ တကယ်တမ်း ကျင့်ကြံ အလုပ်လုပ်တော်မူခဲ့ကြတဲ့ တကယ့်သူတော်ကောင်းကြီးတွေ ရှိပါတယ်။

မြန်မာနိုင်ငံမှာဆိုရင်လည်း ရဟန္တာကိုယ်တော် မြတ်ကြီးတွေရှိတယ်။ ကျွန်တော်လည်း ဖော်ပြခဲ့ဖူးသားပဲ၊

အောင်ခြင်းရှစ်ပါး ဆရာတော်ကြီးဦးနာဂုဏ်၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဦးဝိမလ တို့၊ ကျွန်တော် တို့ ဆရာမြတ်ကြီး ဦးရေဝတ တို့ ဆိုတာတွေဟာ တကယ့် သာသနာ့ အာဇာနည်ကြီးတွေပါပဲ။ သာသနာကို ပုံဖော်တဲ့ ကိုယ်တော်မြတ်ကြီးတွေပါပဲ။ သတ္တဝါတွေ အတွက် သာသနာ့အရိပ်ကို ခိုကိုးသင့်ကြောင်းကို စံနမူနာ

ပြတော်မူ၊ ဆုံးမတော်မူ၊ လမ်းညွှန်တော်မူခဲ့တဲ့ တကယ့်ကိုယ်တော်မြတ်ကြီးတွေပါ။ ကျွန်တော် အခါအားလျော်စွာ သူတော်ကောင်းတွေရဲ့ အဆိုအဆုံးမတွေကို ပြန်ပြောပြပါ့မယ်။ အခုတော့ အခြေခံတွေရင့်အောင် ကြိုးစားကြပါ ၉ ဝ ဦးစို့။

အဖျက်တွေပေါ်ပေါ့ လုံးဝဂရုမစိုက်ပါနဲ့။ ကျွန်တော်တို့ဟာ အဖျက်ကိုအောင်ရင် အောင်တဲ့သဘောလောက်ပဲ။ တရားရဖို့က မခက်ပါဘူး၊ အဖျက်ကို ကိုယ်ကလက်မခံဖို့က အဓိကကျကြောင်းကို ပြောလိုပါတယ်။

အပိုင်း (၃၁)

ယခုအခါ သစ္စာဝါဒီများကို အရိယာဖြစ်စေဖို့ အတွက် သော့ချက်အချို့ကို ဖွင့်ပြောပါမယ်။

သော့ချက် (၁)

အရိယာဖြစ်ဖို့ဆိုတာ ကူညီနိုင်တဲ့ တစ်စုံတစ်ဦးက အကူအညီ ပေးရပါတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင်သာလျှင် ဆရာမကူဘဲ သဗ္ဗညုတ ရှေ့ဘုရားတော်ကို ရရှိခြင်းဖြစ်ပါတယ်။ မြတ်စွာဘုရား ရပြီးတဲ့နောက် ကျန်တာ မြတ်စွာဘုရားအမှူးပြုပြီး မြတ်စွာဘုရား၊

ဒေါက်တာချစ်ငယ် (ဒဿန)

အဂ္ဂသာဝကာ၊ မဟာသာဝကနဲ့ သာသနာတော်မြတ်ကြီးက ကူညီမှု ကျန်တဲ့ပုဂ္ဂိုလ်များ အရိယာ ဖြစ်နိုင်ပါတယ်။ ဒါကို သဘောပေါက်ဖို့ နံပါတ်တစ်ပါ။

မြတ်စွာဘုရားကို နှိုင်းလို့မရပါဘူး။ မြတ်စွာဘုရားက ကိုယ့်ဘာသာကျင့်လို့ ရသလို ကိုယ်ကလည်း ကိုယ့်ဘာသာကျင့်မယ်ဆိုလို့ မရပါဘူး။ (ဒါနဲ့ ပတ်သက်လို့ စကားစပ်မိလို့ ပြောရရင်) မြန်မာနိုင်ငံမှာ သိဒ္ဓတ္ထဆိုတဲ့ ဝတ္ထုတစ်ပုဒ် ဘာသာပြန် ပေါ်ဖူးပါတယ်။

အဲဒီဇာတ်လမ်းမှာ ကိုယ့်ဘာသာကျင့်ပြီး ကိုယ့်ဘာသာ သစ္စာလေးပါး ပေါက်သွားတယ်ဆိုတဲ့ ဝတ္ထုဇာတ်လမ်းလေးပါတယ်။ ဒါ ဝတ္ထုအဖြစ်နဲ့သာပါ၊ တကယ့်အမှန်တရားနဲ့က တခြားစီဖြစ်ပါတယ်။

ဒီဝတ္ထု မြန်မာပြည်မှာ ဘာသာပြန်လိုက်တာ တော်တော်လေးကို နစ်နာတယ်။ ပုဂ္ဂိုလ်တချို့ဟာ ကိုယ့်ဘာသာကျင့်ရင်ကော ရသလား ဆိုတာမျိုး ဖြစ်သွားတယ်။

ဒီတော့ သစ္စာဝါဒီများအတွက် သော့ချက်တစ်ခု ဖွင့်ပေးမယ်။ ဒီသော့ချက်ဟာ **'အရိယာဖြစ်ချင်ရင် ကိုယ့်ဘာသာ ကျင့်လို့မရပါဘူး၊ ကိုယ့်ဘာသာကျင့်ရင် သမထပဲ ဖြစ်မယ်၊ ဝိပဿနာ မဖြစ်ပါဘူး'** ဒါလေးကို အခြေခံ ရယူထားပါ။

သော့ချက် (၂)

အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ အခု ရုပ်၊ နာမ်စိတ်နဲ့ လုံးဝမတူပါဘူး။ မတူတဲ့အတွက် သာသနာက ပေးရခြင်း ဖြစ်ပါတယ်။ ရုပ်နာမ်ဟာကျင့်ရင် ရုပ်နာမ်ပဲ ရတယ် ရုပ်နာမ်ဆိုတော့ သမထပဲဖြစ်မယ်။ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုတာ ရုပ်နာမ်နဲ့မတူ တစ်မူထူးခြားပြီးတော့ ရုပ်နာမ်ကိုပိုင်းခြားနိုင်တဲ့ သတ္တိထူးရှိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ ပေါ်လာပါတယ်။ ဒါကို တော်တော်များများ မသိကြပါဘူး၊ အခုသစ္စာဝါဒီများ သိတဲ့အတွက် ဝမ်းသာပါ။

အရိယာဖြစ်လို့ရှိရင် ပုထုဇဉ်မှာမရှိတဲ့ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပါတယ်။ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်က **မိမိ**ရုပ်နာမ်ခန္ဓာကိုလည်း ပိုင်းခြားနိုင်တယ်။ နောက်ဆုံး (၃၁) ဘုံကြီးကိုလည်း ပိုင်းခြားနိုင်တဲ့ သဘောပါ။ ဒါ မဂ်ဉာဏ် ဖိုလ်ဉာဏ် ခေါ်ပါတယ်။ ဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှ လောကုတ္တရာထဲ ဝင်တာပါ။ မဂ်ဉာဏ် ဖိုလ်ဉာဏ် မရမချင်းက လောကီပဲ ဖြစ်ပါတယ်။

ဒါကြောင့် အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရရင် ဒီခန္ဓာရုပ်နာမ်နဲ့မတူ တစ်မူထူးခြားပြီး သူ့ကို သူစိမ်းလို ပြတ်သား ပိုင်းခြားနိုင်တဲ့ ဉာဏ်ထူး ဉာဏ်မြတ် ရသွားပါတယ်လို့ သိထားပါ။ ဒါ သော့ချက်နံပါတ်နှစ် ဖြစ်ပါတယ်။

သော့ချက် (၃)

ဒီခေတ်ဟာ အရိယာဖြစ်နိုင်ပါတယ်၊ လုံးဝစိတ်ချပါ။ အရိယာ မဖြစ်နိုင်ဘူးလို့ပြောတဲ့ ပုဂ္ဂိုလ်တွေနဲ့၊ မင်းတို့ဖြစ်တဲ့အရိယာဟာ ဘောက်ချေးတွေလို့ ပြောတဲ့ပုဂ္ဂိုလ်တွေဟာ ထင်ပေါ်ကျော်စောမှုကို မလိုပြီး ရမ်းသမ်းပြီးတော့ ပစ်နေတာပါ။

သူတို့ စည်းရုံးရေးလည်း ကျနေပါပြီ။ အခု အမှန်အကန် ကျင့်တဲ့ပုဂ္ဂိုလ်တွေ ပေါ်ထွန်းလာတယ်၊ ဗုဒ္ဓဘာသာ သာသနာကို ချစ်မြတ်နိုးတဲ့ပုဂ္ဂိုလ်တွေ ပေါ်ထွန်းလာတယ်။

ကမ္ဘာကို ကြည့်တဲ့အခါ ကမ္ဘာက **'ဗုဒ္ဓဘာသာဟာ ပုံပြင်တွေလား'**လို့ မေးလာတဲ့အခါ ဗုဒ္ဓဘာသာဟာ ပုံပြင် မဟုတ်ဘူး၊ လက်တွေ့ကျင့်တာ၊ လက်တွေ့ကျင့်တော့၊ ဟောဒီလို သိ၊ ဟောဒီလို တတ်၊ ဟောဒီလို မြင်၊ ဟောဒီလို နားလည်၊ ဟောဒီလို သဘောပေါက်၊ ဟောဒီလို ပြောနိုင်တယ်၊ ဟောဒီလို ဆိုနိုင်တယ်လို့ ဖြစ်လာတဲ့အခါမှာ ဗုဒ္ဓဘာသာဟာ လွန်စွာမှ ခေတ်မီလာပါပြီ။

အင်မတန် မှန်ကန်တဲ့ ဘာသာရေးတစ်ရပ်ဟာ မှန်မှန်ကန်ကန် ပေါ်ထွန်းဖို့အတွက် ရောင်ခြည်သန်း**နေပါပြီ**။

ဒါကြောင့် သစ္စာဝါဒီများလည်း ဝမ်းသာပါ။ ဗုဒ္ဓဘာသာဟာ တက်လမ်းကို ရောက်နေပါပြီ။

ကမ္ဘာကလက်ခံနိုင်တဲ့၊ သိပ္ပံက လက်ခံနိုင်တဲ့၊ လက်တွေ့နဲ့လည်း ယှဉ်တဲ့၊ တကယ်လည်း အကျိုးရှိတဲ့၊ ပညာစစ် ပညာမှန်ကိုပေးတဲ့ ဘာသာအဖြစ် ပေါ်ထွန်းစပြုနေပါပြီ။

သိပ္ပံက စိတ်ကူးယဉ်ပုံပြင်တွေဟာ အသိပညာအမှန်ကို မပေးဘူး။ လက်တွေ့မပါလို့ဆိုတဲ့ စွပ်စွဲချက်ဟာလည်း တဖြည်းဖြည်းနဲ့ ပျက်ပြယ်တော့မှာဖြစ်ကြောင်း သတင်းကောင်းပေးလိုပါတယ်။

ဒီတော့ ဗုဒ္ဓဘာသာကို ယုံကြည်ပါ၊ သိပ္ပံကို အထင်ကြီးပါ၊ သို့သော် ဗုဒ္ဓဘာသာကို ယုံကြည် ချက်မလျှော့ပါနဲ့။ ကမ္ဘာကို အထင်ကြီးပါ။ သို့သော် မြန်မာရှိသေးတယ်ဆိုတာလည်း သတိထားစေချင်ပါတယ်။

သော့ချက် (၄)

နိဗ္ဗာန်ကြီးက ရှိတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဝင်စားရင်ရတယ်၊ ဝင်စားတဲ့အခါ နိဗ္ဗာန်ကြီးရဲ့ ဂုဏ်ရည်တွေကို သိရတယ်။ ကျွန်တော် မကြာခဏ ရေးပြလေ့ရှိပါတယ် (ပါဠိလိုက အရေးခက်လို့၊ ခွင့်ပြုပါ) *နိစ္စ၊ ဓုဝ၊ နိပုဏ၊ အနိဒဿန၊ အစ္စရိယ၊ အမ္မုတတွေ ရှိပါတယ်။*

ဒေါက်တာချစ်ငယ် (ဒဿန)

မြန်မာလို နိဗ္ဗာန်ကြီးက လွတ်မြောက်တယ်၊ တဏှာ ကုန်ဆုံးတယ်၊ ရုပ်နာမ်ချုပ်တယ်၊ အေးငြိမ်းတယ်၊ ကင်းဆိတ်တယ်၊ အံ့ဩဖွယ်ရာ ကောင်းတယ်၊ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ ရိုးရိုးမျက်လုံးနဲ့ မြင်လို့မရ၊ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့သာ မြင်လို့ရတဲ့ ချမ်းသာခြင်းမျိုးစုံ စုပုံနေတဲ့ ဓာတ်ကြီးမျှသာ ဖြစ်ပါတယ်။

သိပ္ပံနဲ့ရှာလို့ မရနိုင်သေးဘူး၊ ကိရိယာနဲ့ကြည့်လို့ မရနိုင်သေးဘူး၊ ရိုးရိုးမျက်လုံးနဲ့လည်း မြင်လို့မရသေးဘူး၊ အရိယာ ဉာဏ်မျက်လုံးရမှ၊ အဲဒီ ဉာဏ်မျက်လုံးနဲ့ ဝင်စားလိုက်မှ တွေ့ရတဲ့ နိဗ္ဗာနဓာတ် မြတ်သောဓာတ်ကြီးပါ။

ဒီလို နိဗ္ဗာန်မှာ ဂုဏ်ရည်တွေ အများကြီးရှိပါတယ်၊ အနည်းအကျဉ်း သဘောလောက်ပဲ ပြောတာဖြစ်ပါတယ်။

သော့ချက် (၅)

အရိယာဖြစ်သွားရင် ဓမ္မဓိဋ္ဌာန်ကျတဲ့ အမြင်ကို ရပါတယ်။ အင်မတန် ခိုင်လုံတယ်၊ မငြင်းသာ မတတ်သာ အောင် သိတယ်။ လောကကြီးကို သဘောပေါက်တယ်၊ ခွင့်လွှတ်နိုင်တယ်၊ တိုက်ရဲခိုက်ရဲတယ်၊ သတ္တိရှိတယ်၊ ရှင်သန်တယ်၊ အမှန်ကို မြတ်နိုးတယ်၊ သာသနာကို ကြည်ညိုတယ်၊ တန်ဖိုးထားတယ်၊ အများအကျိုးကို လိုလားတယ်၊ စိတ်ကောင်းရှိပြီး အမှန်တရားလိုက်တဲ့

ပုဂ္ဂိုလ်တွေကို ကူညီချင်တယ်။ ဒါတွေဟာ အရိယာတွေရဲ့ သဘောသဘာဝတွေ ဖြစ်ပါတယ်။

သော့ချက် (၆)

အရိယာဖြစ်သွားပြီဆိုရင် ပိုင်းခြားနိုင်တယ်၊ ကိုယ့်ရဲ့ အရိယာဉာဏ် တိုးတက်တယ် မတိုးတက်ဘူးဆိုတာ သိတယ်။ တိုးတက်ဖို့ဆိုတာ စစ်မှန်တဲ့ သာသနာဘက်ကရပ်တည်ပေးရတယ်၊ ရဲရင့်ရတယ်၊ သာသနာကို ချစ်ရတယ်၊ သာသနာအတွက် ကိုယ်ကျိုးစွန့်ရတယ်၊ အတ္တကို မင့်ရဘူး၊ စေတနာထားရတယ်၊ လာဘ်မမျှော်ရဘူး၊ အားလုံးသော သတ္တဝါတွေအပေါ်မှာ စိတ်ကောင်း စိတ်မြတ်ထားရတယ်၊ အမှန်တရားနဲ့ ပတ်သက်ရင် သူမတူအောင် ရဲရင့်ရတယ်၊ ပြတ်သားရတယ်၊ ခိုင်မာရတယ်၊ သစ္စာရှိရတယ်၊ သစ္စာတည်ရတယ်၊ ယုံကြည်အားကိုးထိုက်ရတယ် စတဲ့ အရည်အချင်းတွေဟာ အရိယာသူတော်ကောင်းတွေမှာ ကိန်းအောင်းသွားပါတယ်။ အမြွက်မျှ ဖော်ပြထားပါတယ်။

အပိုင်း (၃၂)

အရိယာဖြစ်စေဖို့အတွက် အခြားသော သော့ချက်များ

ယခုအခါ သစ္စာဝါဒီများ တရားကျင့်ပြီဆိုတော့ အရိယာ ဖြစ်ဖို့ ရည်ရွယ်မှန်းထားရပါတယ်။ အရိယာဖြစ်မှ နိဗ္ဗာန် ကိုတွေ့မှာ။ ဒီတော့ အခြားသော သော့ချက်များ ကိုလည်း ဖော်ပြချင်ပါတယ်။

အခြားသော သော့ချက်များ (၁)

သစ္စာဝါဒီများ နိဗ္ဗာန်မှာ ဘာမှမရှိဘူး ဆိုတာ မှားပါတယ်။ အချို့ကလည်း ဘာမှမရှိဘူးဆိုရင် ဘာလို့

သွားမှာလဲ ဆိုတာမျိုး တန်ပြန်မေးခွန်း လာတာပေါ့။ တကယ်တော့ ဘာမှမရှိတာ မဟုတ်ပါဘူး။

ဘာဒုက္ခမှ မရှိတာ၊ ဘာကိလေသာမှ မရှိတာ၊ ဘာရုပ်နာမ်မှ မရှိတာ၊ ဘာလောကဓံမှ မရှိတာပါ။ တကယ်တော့ ရှင်းရှင်းပြောရရင် ဘာသင်္ခတ တရားမှ မရှိတဲ့ သဘောပါ။ အသင်္ခတ တရားဆိုတာ နိဗ္ဗာန်မှာ ရှိပါတယ်။ အဲဒါ မပြုပြင် မစီရင်ရတဲ့ အနုတ္တရဓာတ်ပါ။

ဒီတော့ အလွယ်တကူဆိုသလို အဖြစ်ပြောကြတာ **'နိဗ္ဗာန်မှာ ဘာမှမရှိဘူး'** ဆိုတော့၊ **ဘာမှမရှိရင် ဘာလို့ သွားမှာလဲ၊ သွားရမှာကလည်း စွန့်စွန့်စားစား ကျင့်ကြံအားထုတ်ပြီး သွားရတာ။ မသွားတော့ဘူး ဆိုတာ မျိုး ဖြစ်သွားတယ်။**

အဲဒါကြောင့် မိမိကိုယ်တိုင်လည်း တော်တော်လေးကို ပြောပေးနေရပါတယ်။

'နိဗ္ဗာန်မှာ ဘာမှမရှိတာ မဟုတ်ဘူး၊ ဘာဒုက္ခမှ မရှိတာ၊ ဘာဆင်းရဲမှုမှ မရှိတာ' အဲဒီလို ပြောပါဆိုပြီး ပြောရပါတယ်။

ဒါကြောင့် နိဗ္ဗာန်မှာ ဘာမှမရှိတာ မဟုတ်ပါဘူး၊ ရှိတာတွေရှိပါတယ်။

ဥပမာ- ချမ်းသာတယ်၊ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ ဝင်စားတဲ့ပုဂ္ဂိုလ်ကို လွတ်မြောက်စေတယ် စသဖြင့်

အသိခက် နက်ရှိုင်းတဲ့ ဓာတ်ကြီးဆိုတာ နိဗ္ဗာန်မှာ ရှိပါတယ်လို့ သိစေချင်ပါတယ်။

အခြားသော သော့ချက်များ (၂)

အရိယာဖြစ်ဖို့အတွက် အခြားသော သော့ချက်ကတော့ နိဗ္ဗာန်ကို ဝင်စားတဲ့အခါ အရိယာမဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ ဝင်စားရပါတယ်။ (ကျွန်တော် ပါဠိလို အထောက်အထား မပြောတာကို ခွင့်လွှတ်ပါ) 'မဂ္ဂ ဖလာဏ မာရမ္မဏ ဘူတော' ဆိုတဲ့ အကျဉ်းချုပ်လေးက မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ အာရုံပြုရတဲ့ နိဗ္ဗာန်ပါ။

အာရုံပြုတဲ့အခါ နိဗ္ဗာန်ရဲ့ အရည်အသွေးတွေကို မဂ်ဉာဏ် ဖိုလ်ဉာဏ်က သိပါတယ်။ ဒီတော့ သိခြင်းရှိပါတယ်။ နိဗ္ဗာန်ကို ဝင်စားတဲ့အခါမှာ မသိတာ မဟုတ်ပါဘူး။

ဒါကြောင့် **နိဗ္ဗာန်ကို ဝင်စားတဲ့ အခါကျတော့ မေ့ဆေးထိုးသလိုလည်း မဟုတ်ဘူး၊ နိဗ္ဗာန်ကို ဝင်စားတဲ့ အခါကျ ဘလက်ဟိုး(လ်)ထဲ ဝင်သွားသလိုလည်း မဟုတ်ဘူး၊ နိဗ္ဗာန်ကို ဝင်စားတဲ့အခါကျ အိပ်ပျော်တာမျိုးလည်း မဟုတ်ဘူး၊ နိဗ္ဗာန်မှာရှိတဲ့ တရားတွေကို သိပါတယ်**။ ဒါပေမယ့် အသိခံတရားက နိဗ္ဗာန်ဖြစ်ပြီး သိတာက မဂ်ဉာဏ် ဖိုလ်ဉာဏ် ဖြစ်တယ်။

ဒေါက်တာချစ်ငယ် (ဒဿန)

ဒီဘက်မှာတော့ အသိခံတရားက (၃၁)ဘုံနဲ့ သင်္ခတမာတ် ဖြစ်ပြီး သိတာက စိတ်၊ ရုပ်နာမ် ဖြစ်ပါတယ်။ အဲဒီ နှစ်ခုကို ကွဲပြားခြားနားစွာ သိနားလည်ဖို့ လိုပါတယ်။

အခြားသော သော့ချက်များ (၃)

တချို့က အဘိဓမ္မာကို လိုက်တယ်သာပြောတာ သင်္ခတနဲ့အသင်္ခတ မကွဲကြပါဘူး။ စကားလုံးရဲ့ အဓိပ္ပာယ်ကို သိရမယ်၊

သင်္ခတ ဆိုတာ ပြုပြင်စီရင်ပါတယ်၊ ပျက်ပါတယ်။

အသင်္ခတ ဆိုတာ မပြုပြင် မစီရင်အပ်ပါဘူး၊ မပျက်ပါဘူး။

အသင်္ခတ ဆိုတာ နိဗ္ဗာန်ရဲ့ ဂုဏ်ရည်ပါ။

အနုတ္တရ ဆိုတာလည်း နိဗ္ဗာန်ရဲ့ ဂုဏ်ရည်ပါ။

နိဗ္ဗာန် ဆိုတာ အမြတ်ဆုံးတရားပါ။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန်ဆိုတဲ့ ပရမတ္ထတရား လေးပါးမှာ နိဗ္ဗာန်က မပျက်တဲ့တရား အမြတ်ဆုံးတရားပါ။

စိတ်တွေ၊ စေတသိက်တွေ၊ ရုပ်တွေက ပျက်ပါတယ်။ ပရမတ္ထတရား ဆိုပေမယ့် ပျက်ပါတယ်။ ပရမတ္ထတရားဆိုတာ အဟုတ်ဖြစ်နေ ရှိနေခဲ့တဲ့ တရားတွေပါ။

နိဗ္ဗာန်ကတော့ အမြတ်ဆုံးတရား ဖြစ်ပါတယ်။ ဒီလို ကွဲပြားခြားနား ရပါလိမ့်မယ်။ လောကီဆိုတာက ပျက်တဲ့တရားပါ။ 'လုဇ္ဇတီတိ ပလုဇ္ဇတီတိ လောကော' ပေါ့နော် ပျက်တယ်။

လောကုတ္တရာဆိုတာ ပျက်တဲ့တရားမှ လွန်တာပါ။ တစ်နည်းအားဖြင့် မပျက်တာ၊ The world beyond မပျက်တဲ့ တရားပါ။ အဲဒါ အသခ်ိတ တရားပါ။ ဒီလို ရှင်းရှင်းလင်းလင်း ဂဃနဏ သိရမှာပါ။ ဒီတော့ ပျက်တဲ့ တရားကြီးက မပျက်တဲ့တရားဆီကို ဝင်လို့ မရပါဘူး။ ဒါကြောင့် ရုပ်နာမ်ဟာ နိဗ္ဗာန်ကို ဝင်လို့ မရပါဘူး။

စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဆိုတဲ့ ပရမတ္ထ တရား လေးပါးမှာ နိဗ္ဗာန်ကို ဝင်ဖို့ကျတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တည်ဆောက်ရပါတယ်၊ အသစ် တည် ဆောက်ရတာပါ။ အသစ်တည်ဆောက်ရတဲ့ တရားပါ။ နဂိုက ရှိနေတာ မဟုတ်ဘူး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာ တရားကျင့်တော့မှ ပေါ်လာတဲ့တရားပါ။ မြတ်စွာဘုရား သာသနာမှာ မြတ်စွာဘုရား မဟာဂရုဏာတော်နဲ့ ဆုံးမ တော်မူလို့ ရင်ဝယ်သားလို ချစ်မြတ်နိုးလို့ သတ္တဝါ တွေအတွက် ချမ်းသာအောင် ထားခဲ့တဲ့ တန်ခိုးတော်ရဲ့ အရှိန်အစော် အာနုဘော်နဲ့ ရရှိတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်ဆောက်ခြင်း အတက်ပညာပါ။

ဒီအတတ်ပညာနဲ့ ကျင့်တော့မှ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီဆိုရင် ဒါဟာ လူလည်း မဟုတ်ပါဘူး၊ ရုပ်နာမ်လည်း မဟုတ်ပါဘူး၊ စိတ်လည်း မဟုတ်ပါဘူး၊ နာမ်လည်း မဟုတ်ပါဘူး၊ သီးခြား အဆင့်မြင့်တဲ့ အနုတ္တရဓာတ်ခေါ်တဲ့ နိဗ္ဗာန်ကို ဝင်စားနိုင်တဲ့ လောကုတ္တရာ ဉာဏ်ပါ။ အဲဒါကို မဂ်ဉာဏ် ဖိုလ်ဉာဏ် လောကုတ္တရာ ဉာဏ်လို့ ခေါ်ပါတယ်။ ဒီဉာဏ်နဲ့မှ နိဗ္ဗာန်ကို ဝင်စားနိုင်ပါတယ်။

ဒါလေးကို ကွဲပြားခြားနားစွာ သိစေချင်ပါတယ်။ (၃၁) ဘုံကို ရုပ်နာမ်က သိတာက သိတယ် 'သခ်ၨတအသိ'။ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်က သိတာက သိတယ်။ ဒါက အသခ်ၨတဓာတ်ကို သိတဲ့ 'မဂ်ဉာဏ် ဖိုလ်ဉာဏ် လောကုတ္တရာအသိ'။

ဒီတော့ လောကီအသိနဲ့ လောကုတ္တရာအသိ ကွာဟကြောင်းကို သတိပြုစေချင်ပါတယ်။

အပိုင်း (၃၃)

သစ္စာဝါဒီများ အချို့သော သော့ချက်များကို အရိယာ ဖြစ်စေဖို့အတွက် ပြောပြ ထုတ်ဖော်ပေးမှာ ဖြစ်ပါတယ်။

(၁) အချို့က ဝိပဿနာရှုတာကို အပျက်ရှုတယ်၊ ဒီတော့ ကိုယ့်ရဲ့ စည်းစိမ်ဥစ္စာ၊ ခြွေရံသင်းပင်း၊ ဂုဏ်ဒြပ်တွေ ပျက်သွားမယ်လို့ စိုးရိမ်ကြတယ်။ ဒါဟာ မှားနေပါတယ်။

ဝိပဿနာ ရှုတယ်ဆိုတာ စိန်တွေ၊ ရွှေတွေကို ရှုတာမဟုတ်ပါဘူး။ စိန်တွေ၊ ရွှေတွေအပေါ်မှာ ထားတဲ့

သဘောထားကို ရှုတာပါ။ သားတွေ သမီးတွေကို ရှုတာ မဟုတ်ပါဘူး။ သားတွေ၊ သမီးတွေအပေါ်မှာ ထားတဲ့ သဘောထားကို ရှုတာပါ။ တစ်နည်းအားဖြင့် နှလုံးသွင်းမှားတဲ့ အရာတွေကို အနိစ္စ အပျက်ရှုပစ်တာပါ။

ဒီတော့ ဝိပဿနာကို နားမလည်တဲ့ ပုဂ္ဂိုလ်တွေက သမထပဲ လိုက်ကြ၊ အဖြစ်ပဲလိုကြ၊ ဘိုးတော် ဘွားတော်ပဲ အားကိုးကြ။ ဘိုးတော် ဘွားတော်ကမှ လောကီကို အောင်မြင်စေတာ၊ တရား၊ လောကုတ္တရာ၊ နိဗ္ဗာန်က ဘယ်တော့ ရောက်မှန်းလည်း မသိဘူး၊ အပျက်ရှုရတော့ ကိုယ့်ပစ္စည်းတွေပျက်သွား ဘယ့်နှယ်လုပ်မလဲလို့၊ အချို့သောအသိုင်းအဝိုင်းတွေက ဒီလို ဝိပဿနာကို တိုက်ခိုက်ကြပါတယ်။ အဲဒီဟာ မှားနေပါတယ်။

ဝိပဿနာ အပျက်ရှုတယ်ဆိုတာ ကိုယ့်ရဲ့ နှလုံးသွင်း မှားမှုတွေကိုပဲ ရှုတာဖြစ်ပါတယ်။ တကယ့် ရုပ်ဒြပ်ပစ္စည်းတွေအပေါ် မှားရှုတာ မဟုတ်ဘဲနဲ့ နှလုံးသွင်းမှားနေတဲ့ မိမိရဲ့ စိတ္တသန္တာန်ရအပေါ်မှာ ရှုတာဖြစ်ပါတယ်။ ဒါကြောင့် ဝိပဿနာရှုတဲ့အတွက် ဘာစိန်၊ ဘာရွှေ၊ ဘာငွေ၊ ဘာချမ်းသာကိုမှ ပျက်စေတာ မဟုတ်ပါဘူး။ နှလုံးသွင်း မှားမှုတွေကိုပဲ ပျက်စေတာပါ။ တရားတော်ရဲ့ ဂုဏ်ကျေးဇူးကြောင့် စိန်တွေ၊ ရွှေတွေ၊ ချမ်းသာမှုတွေ၊ လာဘ်သပ္ပကာတွေ ပိုတောင်ပွင့်ချင်ပွင့်ဦးမှာပါ။

ဒါဟာ တရားတော်ရဲ့ ဂုဏ်ကျေးဇူးပါပဲ။ တရားကျင့်တဲ့ ပုဂ္ဂိုလ်တိုင်း ရရှိခံစားအပ်တဲ့ ဂုဏ်ကျေးဇူးပါပဲ။

ဒီတော့ တရားရှုတာဟာ အရာရာ ကောင်းတယ်လို့ပဲ သဘောပေါက် နားလည်ပါ။ မိမိရှုလည်း အားနဲ့ မာန်နဲ့ ရှုပါ။ တစ်ပါးသူ ရှုလည်း နားလည် ပေးပြီးတဲ့ နောက် အားပေးပြီး သာဓုခေါ်ရန် ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

(၂) သစ္စာဝါဒီတို့အနေနဲ့ အချို့သော အချက်များကတော့ ယခုပြောတဲ့ အချက်တွေဟာ မိမိတို့ တွေ့ဖူးချင်လည်း တွေ့ဖူးမယ်၊ မတွေ့ဖူးချင်လည်း မတွေ့ဖူးဘူး။ မတွေ့ဖူးပေမယ့် အမှန်အကန်တွေပဲ ဖြစ်ပါတယ်။

ဒီအချက်အလက်တွေဟာ လက်တွေ့ကျင့်သုံးဆောက်တည် နှလုံးသွင်း ဆင်ခြင်သဖြင့် ရရှိအပ်တဲ့ တရားတော်တွေကို သူတော်ကောင်းတွေ ဆုံးမတာတွေကို ပြန်ပြောခြင်းမျှသာ ဖြစ်ပါတယ်။

ဗုဒ္ဓဘာသာကို စိတ်ကူးယဉ်ပုံပြင်လို့ သတ်မှတ်ကြတာကို မျှားစွာ စိတ်မကောင်းဖြစ်မိပါတယ်။ သိပ္ပံပညာရဲ့ ကြွေးကြော်ချက်မှာ ကျွန်တော်တို့က အသိပညာကိုပဲ ရှာတာ၊ အသိပညာ ပေးနိုင်တဲ့ အရာကိုပဲ ရှာတာ၊ အသိပညာပေးနိုင်တဲ့ အရာမဟုတ်ဘဲနဲ့ လုပ်ကြံဖန်တီး လူတွေ

လိမ္မာအောင် ပုံပြင်တွေ ပြောကောင်းတဲ့ နီတိတွေကို မဝင်စားပါဘူးလို့ ပြောဆိုကြောတယ်။

ဒီအခါမှာ ဗုဒ္ဓဘာသာက ဘာသာရေးထဲမှာ ပါသွားတဲ့အတွက် စွန့်ပယ်ခံရတယ်။ ဗုဒ္ဓဘာသာထဲက နိဗ္ဗာန်ရဲ့ တည်ရှိမှုကိုလည်း စွန့်ပယ်ခံရတယ်။ မျှားစွာ ဝမ်းနည်းဖွယ်ရာ ကောင်းပါတယ်၊ စိတ်မကောင်းဖွယ်ရာလည်း ကောင်းပါတယ်။

ဗုဒ္ဓဘာသာဟာ စိတ်ကူးယဉ်ဝါဒလည်းမဟုတ်ပါဘူး၊ စိတ်ကူးယဉ် ပုံပြင်လည်း မဟုတ်ပါဘူး၊ လက်တွေ့ကျင့်ရင် အကျိုးအမြတ် မထွက်တဲ့ ဘာသာလည်း မဟုတ်ပါဘူး။ လက်တွေ့ ကျင့်လို့ရှိရင် အကျိုးအမြတ် ထွက်ပါတယ်။

တည်ငြိမ်တယ်၊ ရင့်ကျက်တယ်၊ သဘောထားကြီးတယ်၊ နားလည်တယ်၊ သတ္တိရှိတယ်၊ ရဲရင့်တယ်၊ ခိုင်မာတယ်၊ သစ္စာရှိတယ်၊ တာဝန်သိတယ်၊ အမျှားအကျိုးကို ဆောင်တယ် ဆိုတာတွေဟာ ဗုဒ္ဓဘာသာကို ကျင့်သုံး၊ ဆောက်တည်၊ နှလုံးသွင်း၊ ဆင်ခြင်တဲ့ အင်အားပေါ်မှာ မူတည်ပြီးတော့ တိုးတက်လာခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဗုဒ္ဓဘာသာဟာ စိတ်ကူးယဉ်ပုံပြင်တွေနဲ့ တည်ဆောက်ထားခြင်း မဟုတ်ဘဲနဲ့ အဟုတ်ကျင့်ရင် အဟုတ်အသိပညာတိုးတက်ပြီး မဂ်ဉာဏ် ဖိုလ်ဉာဏ်

အထိ ပေါက်မြောက်နိုင်တဲ့ ဘာသာဖြစ်ကြောင်းကို ဗုဒ္ဓ ဘာသာအားလုံးက တစ်သံတည်းထွက်အောင် ကြိုးစားဖို့ ဆိုတာ ဗုဒ္ဓဘာသာအားလုံးရဲ့ တာဝန်ပဲ ဖြစ်လိမ့်မယ်လို့ ယူဆမိကြောင်း ပြောကြားလိုပါတယ်။

အပိုင်း (၃၄)

သစ္စာဝါဒီတွေကို စိတ်ဝင်စားဖွယ်ရာ အထူးအဆန်း အမှန်အကန်တစ်ခု ပြောပါ့မယ်။

တရားအားထုတ်ပြီးလို့ အဆင့်တော်တော်မြင့်ရင်၊ အကြောင်းအကျိုး တိုက်ဆိုင်ညီညွတ်ရင် ရောင်ခြည်တော်တွေကို ဖူးရတယ်။ (အံ့ဩစရာ ကောင်းတယ်နော်)

ကျင့်တဲ့ ပုဂ္ဂိုလ်တွေက သိပ်နည်းလာတဲ့အခါ ဒီစကားက သိပ်ကျယ်ကျယ်လောင်လောင် မပြောကြလို့ မပြောဖြစ်တာပါ။ တကယ်တော့ ရောင်ခြည်တော်တွေ ဖူးရတယ်၊ မြတ်စွာဘုရား ရောင်ခြည်တော်၊ ရဟန္တာများရဲ့ ရောင်ခြည်တော် အခါအားလျော်စွာ အကြောင်း အကျိုး

ညီညွတ်တဲ့အခါ ဖူးရပါတယ်။ ဒီထက် တိတိကျကျ ပြောကြစို့ ကျွန်တော် ဖူးဖူးတယ်။ မြတ်စွာဘုရားရဲ့ ရောင်ခြည်တော်လည်း ဖူးဖူးတယ်၊ ရဟန္တာ ကိုယ်တော်မြတ်ကြီးတွေရဲ့ ရောင်ခြည်တော်လည်း ဖူးဖူးပါတယ်။

ဒီတော့ အံ့မယ်ဆိုရင်လည်း အံ့စရာပါ။ ဒါကတော့ အရိယာဉာဏ်တွေနဲ့ ယှဉ်တဲ့ကိစ္စတွေလို့ပဲ ပြောရမှာပဲ။ ထူးထူးဆန်းဆန်းလည်း အမှန်တရားလေးကို ဗဟုသုတအဖြစ်နဲ့ စိတ်ဝင်စားဖွယ်ရာ ပြောပြတာပါ။ ကိုယ်ကိုယ်တိုင်လည်း အရိယာဖြစ်လို့ တိုက်ဆိုင်ရင်ပေါ့လေ (အလွန်တိုက်ဆိုင်ရင်) ဖူးခွင့်ရနိုင်ပါတယ်။ ရောင်ခြည်တော် ကွန်မြူးတဲ့အခါ ဖူးရင်ရပါတယ်။ ကိုယ်ကတော့ မပိုင်ဘူးပေါ့နော်။ ရောင်ခြည်တော်တွေက ကွန်မြူးမှ ကိုယ်က ဖူးရတာပေါ့ အဲဒါ တစ်ခုပါပဲ။

ဒါပေမယ့် ဖူးကိုဖူးနိုင်တယ်၊ ကျွန်တော် ဖူးဖူးတာပေါ့။ အမှန်အကန်ပဲ။ ရောင်ခြည်တော် ဆိုတာကတော့ သိပ်တောက်ပတဲ့ ဝန်းဝိုင်းတဲ့ သဘောလည်း ရှိတယ်။ ရောင်ခြည်တော်ပဲ အေးမြ ကြည်လင်နေတာပေါ့။ ဖူးရတာ သိပ်ပြီးတော့ ချမ်းမြေ့စရာ ကောင်းတာပေါ့။ ဒါအခွင့်ထူးကြီး တစ်ရပ်ကို ရလိုက်သလိုပါပဲ။ ရောင်ခြည်တော်ကို ဖူးခွင့်ရှိတယ်ဆိုတာ ဗုဒ္ဓဘာသာမှာ ရှိပါတယ်။ ပုဂ္ဂိုလ်တွေက မကျင့်ကြလိုပါ။

အခုလည်း ကျင့်ပြီးတဲ့နောက်မှ ပညာရပါတယ်လို့ ပြောနိုင်သည်အထိ ကမ္ဘာကိုတင်ပြနိုင်ရင် ကျွန်တော်တို့ ဗုဒ္ဓဘာသာဟာ ထိုက်တန်တဲ့ ဂုဏ်တွေကို ထိုက်ထိုက်တန်တန် ရမှာပါ။ အခုတော့ **'ဗုဒ္ဓဘာသာဟာ ကျင့်တာဘာအသိပညာ ရလို့လဲ'** လို့ ဒီလို စစ်တမ်း ထုတ်ချင်ကြတယ်။

အမှန်က အသိပညာ ရတာပေါ့ ဒီ(အသိပညာ) သီလ၊ သမာဓိ၊ ပညာ ပြည့်စုံလာတဲ့အခါ အလွန်ရတာပဲ။ ရတဲ့အခါကျတော့ **ထိုးထွင်း ဆင်ခြင်မှုတွေလည်း ရလာတယ်။ ဆင်ခြင်ဉာဏ်အားလည်း သိပ်ကောင်းလာတယ်။ ပြောရမယ်ဆိုရင် သူများက အကုသိုလ်ကို တပ်မက်ပေမယ့် ကိုယ်က မတပ်မက်တော့ဘူးပေါ့။ ဒါတွေကို တပ်မက်မှုကို ပါးလျှစေတယ်၊ လျှော့နည်းစေတယ်၊ ကုန်ဆုံးစေတယ်** ဆိုတဲ့သဘောပေါ့။ စွမ်းလာတာပေါ့။

ဒီတော့ တရားအားထုတ်ခြင်းဟာ ကောင်းခြင်းမျိုးစုံ ရနိုင်ပါတယ်၊ ကြိုးစားပါ။ ကျွန်တော်ကတော့ ဗဟုသုတ တော်တော်လေးကို ကြုံခဲ့ပါတယ်။ ဆရာကောင်း သမားကောင်းလည်း ဖူးတွေ့ခွင့်ရတော့ အတော်ကို ဗဟုသုတ ရခဲ့ပါတယ်။ ပဋ္ဌိပတ္ထိနယ်ပယ်မှာတော့ တော်တော်လေး ကြွယ်ဝတဲ့ (ကျွန်တော့် အတိုင်းအတာနဲ့

ကျွန်တော်ပေါ့နော်) တော်တော်လေး ကြွယ်ဝတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖြစ်နဲ့ ရပ်တည်နိုင်ပါတယ်။ ကျွန်တော် ပြောလည်းပြောတတ်တယ်၊ သိလည်းသိတယ်၊ ကျွန်တော် မှန်တာပြောမှာပဲ။ ပြောတတ်ပါတယ်၊ အခါ အားလျော်စွာ ပြောပြပေးပါ့မယ်။

သစ္စာဝါဒီမျိုး စိတ်ဝင်စားတဲ့ အပိုင်းတွေလည်း ပါလိမ့်မယ်၊ မကြားဖူး မသိဖူးတာတွေလည်း ပါလိမ့်မယ်။ နိဗ္ဗာန်ကြီးက ဝင်စားလို့ရတာပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရှိရင် ဝင်စားလို့ရတာပဲ။ စာလည်း အခိုင်အမာတော့ ထောက်ပါတယ်။ 'မဂ္ဂဖလာဏ မာရမ္မန ဘူတော အသခ်ိတ ဓမ္မော' ဆိုတာ ဒါ ပါဠိလို အခိုင်အမာ ရှိပါတယ်။ (ကျွန်တော် စာတွေတော့ သိပ်တော့ ရွတ်မပြလိုပါဘူး) သို့သော်လည်း အခါအားလျော်စွာ အထောက်အထားလေးကို ကျွန်တော် ပြောတာ ဖြစ်ပါတယ်။

ကျွန်တော်ပြောတဲ့ စကားတွေက နက်ရှိုင်းတဲ့ အတွက် အထောက်အထားလေးနဲ့ ရောပြောတော့ ပိုကောင်းမယ်ဆိုပြီး ကျွန်တော်ပြောတာ ဖြစ်ပါတယ်။ ပါဠိကို ကျွန်တော် အရမ်းမသုံးပါဘူး။ Plane Burmese နဲ့ပဲ ရှင်းရှင်းလေး ရိုးရိုးလေး တင်ပြလိုပါတယ်။

အပိုင်း (၃၅)

သစ္စာဝါဒီများက တရားလိုက်တော့ သာသနာအကြောင်း နည်းနည်းလေး ပြောပြမယ် မိမိသိသလောက်ပေါ့။

သာသနာက မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်တုန်းကတော့ လျှမ်းလျှမ်းတောက်ပေါ့။ သစ္စာဝါဒီများရယ်. . . သာသနာတော်က လျှမ်းလျှမ်းတောက်ပေါ့။ ထိတ်ထိတ်ကြပေါ့။ သာသနာ့ အကျိုးပြုတဲ့ ပုဂ္ဂိုလ်တွေကလည်း ထိတ်ထိတ်ကြပေါ့။ ရှင်သာရိပုတ္တရာတို့၊ ရှင်မဟာမောဂ္ဂလန်တို့၊ ညီတော် အာနန္ဒာတို့၊ ရှင်မဟာကဿပတို့၊ ရှင်အနုရုဒ္ဓါတို့ အကုန် ထိတ်ထိတ်ကြတွေပဲ။

မြတ်စွာဘုရား သာသနာအတွက် လျှမ်းလျှမ်းတောက် လုပ်ကြတာ အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ၊ လက်ယာတော်ရံ၊ လက်ဝဲတော်ရံတွေ၊ နောက်ဇောဒဂ်တွေ၊ တအားကြည်ညိုစရာ ကောင်းတာပေါ့နော်။

နောက်ပိုင်းမှာ တဖြည်းဖြည်းနဲ့ အကျင့်ပိုင်းတွေက လျော့လျော့လာတဲ့ သဘော။ ဒီနောက်ပိုင်းမှာ ခါးပြတ်သွားတဲ့ သဘောပေါ့နော်၊ စိတ်မကောင်းစရာပါပဲ။ ဒီအခါကျမှ **'သာသနာတစ်ဝက် မင်းကောင်းတစ်ဆက်'** ဆိုတာ သိတဲ့အတိုင်း၊ သာသနာ (၅၀၀၀) တစ်ဝက်ကျိုး (၂၅၀၀)ရောက်တဲ့အခါမှာ မင်းကောင်းဆိုတာ (သစ္စာဝါဒီမျှားကို ပြောရဦးမယ်) **အစိုးရ'မင်း'ကို ပြောတဲ့သဘော မဟုတ်ဘူး။ အာရုံခြောက်ပါး တံခါးခြောက်ပေါက်ကို အုပ်စိုးတဲ့၊ အနိုင်ရတဲ့၊ ကျွန်မခံတဲ့ 'မင်း'ကို ပြောလိုတာပါ။**

အဲဒီအချိန်မှာ ဆရာမြတ်ကြီးတို့ မိုးကုတ်ဆရာတော် ဘုရားကြီးတို့ ပေါ်လာပြီးနောက် တကယ့် ပဋိပတ္တိသာသနာကို လျှမ်းလျှမ်းတောက် ဆောင်ရွက်တော်မူကြတာ။ ဒီလို လျှမ်းလျှမ်းတောက် ဆောင်ရွက်တော်မူကြတော့ အသေစိတ်ချရပြီးတော့ ပေါက်မြောက်ကုန်ရော။ ဖြစ်ပျက် မြင်၊ မုန်း၊ ဆုံးရော၊ အကုန်လုံးကို သဘောပေါက်လို့ ခန္ဓာဉာဏ်ရောက်တို့ကို ဆုံးမတော်မူကြတယ်။

အဲဒီအခါမှာ ဆရာမြတ်ကြီးကလည်း ဒီသာသနာအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ရင်းနဲ့ မိမိကလည်း ဆရာမြတ်ကြီးဆီမှာ တပည့်ဖြစ်သွားရော။ မိမိကလည်း ငယ်စဉ်ကပင် ဘာသာ သာသနာကို တအားကြည်ညိုလေးစားတော့ ဆရာမြတ်ကြီးနဲ့တွေ့တော့ ခြေသလုံးဖက်ပြီးတော့ 'ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး' ပါပဲ။ တစ်ခါတည်း တစ်သက်တာလုံးပဲ ရုပ်နာမ်ခန္ဓာကို အပ်ပြီးတော့ နေလိုက်တာ (၁၀)နှစ်တိတိ ဆရာမြတ်ကြီးက ပညာတွေ သင်ပါတယ်။

ဒီအခါမှာ မိမိလည်း သာသနာအကြောင်းကို ကောင်းကောင်း သိသွားတာကိုး၊ အကျင့်ကျင့်တဲ့ သာသနာကို ကောင်းကောင်း သိသွားတဲ့အခါကျတော့ ကိုယ်က အတော့်ကို ထူးခြားနေတာ။

ပတ်ဝန်းကျင်မှာလည်း သိပ်မကျင့်တော့ အကျင့်က ရေပန်းသိပ်မစားဘူး။ ဒီတော့ ကိုယ်က လျှော့လျှော့ပြောပေမယ့်လည်း လျှော့ပြောတာကိုက အလွန်အကျွံတွေ ဖြစ်ရော။

ဥပမာဆိုပါတော့ မိမိကိုယ်တိုင်က ရောဂါ ဝေဒနာတွေ ပြင်နိုင်တယ်၊ မိမိက မေတ္တာပို့ရင် ရောဂါ တော်တော်ပျောက်ကြတယ်။ စွမ်းတဲ့သဘောပေါ့နော်။ မိမိအကြောင်း သိတဲ့ပုဂ္ဂိုလ်တွေလည်း တော်တော်များများသိကြပါတယ်။

အဲဒီတော့ မလိုတဲ့ ပုဂ္ဂိုလ်တွေက အထင်လွဲအောင် ကုန်းတိုက်ကြတယ်။ သူတို့က တခြားဟာ မလုပ်တော့ ကုန်းတိုက်တဲ့ အလုပ်ပဲလုပ်ကြတယ်။ အုံ့ဩစရာတော့ တော်တော်ကောင်းတယ်။ ကိုယ့်ဘာသာတော့ တိုးတက်အောင် မလုပ်ဘဲ သူများကျဆင်းအောင် ကုန်းပဲတိုက်ချင်နေကြတယ်။ တကယ်ဆို ကိုယ့်ဘာသာ တိုးတက်အောင် လုပ်ကြပါလား? ဒီလိုမဟုတ်ဘဲ ကုန်းတိုက်ဖို့အကွက်ပဲ ရှာနေကြတာပဲ။ ဒီတော့ သူတို့ စည်းရုံးရေးက ကျကျလာတာပေါ့။

မိမိက ကိုယ့်ဘာသာ တိုးတက်အောင်လုပ်တော့ တိုးတက်တာပေါ့။ တော်တော်ကို တိုးတက်တယ်၊ မိမိဘုန်းကြီးဝတ်တုန်းကလည်း လျှမ်းလျှမ်းတောက်ပါပဲ။ တိုးတက်လွန်းအားကြီးတော့ လူဝတ်ကြောင်နဲ့လည်း အခုလျှမ်းလျှမ်းတောက်ပါပဲ။ အခုလို ဖြစ်တော့ မိမိကပြန်ပြီး သာသနာကို ကြည်ညိုသဖြင့် မိမိတာဝန်ကျသလို မသေခင်မှာ သစ္စာမြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေကို အခုပြောသလို ပြောပြနေတာပါ။

မိမိအနေနဲ့ ငါသိ ငါတတ် ငါမြတ်လည်း မဟုတ်ပါဘူး။ မိမိကို ဆရာမြတ်ကြီးက (၁၀)နှစ်တိတိ From here to Nibbana Course ကို သွန်သင်တော်မူခဲ့တာ၊ ဒီတော့ ကောင်းကောင်းလေး ပြောတတ်ပါတယ်။

သစ္စာမြတ်နှီးတဲ့ ပုဂ္ဂိုလ်တွေကိုလည်း မိမိပြောနိုင်သလောက် ပြောပြပေးပါ့မယ်။

သစ္စာမြတ်နှီးတဲ့ ပုဂ္ဂိုလ်များ အမှန်တော့လည်း ဖြစ်ပျက် မြင်အောင်ကြည့်၊ ဖြစ်ပျက် မှုန်းအောင်ကြည့်၊ ဖြစ်ပျက် ဆုံးအောင်ကြည့်ပါပဲ။

သို့သော်လည်း တကယ်ကျင့်တဲ့အခါ မြင်တယ်ဆိုတာ အမြင်ခံတရားရှိတယ် မြင်တဲ့တရား ရှိတယ်၊ ဖြစ်ပျက်ကို မှုန်းတယ်ဆိုတာက အမှုန်းခံတရား ရှိတယ်၊ မှုန်းတဲ့ဓာတ်ရှိတယ်။ ဖြစ်ပျက် ဆုံးသွားတယ်ဆိုတာ ဆုံးသွားတဲ့ ဖြစ်ပျက်က ရှိတယ်။ ဆုံးအောင်**လို့ ရှုတဲ့ဉာဏ်ကလည်း ရှိတယ်**။ ခန္ဓာဉာဏ်ရောက် ဆိုတာကလည်း ခန္ဓာလည်းရှိတယ်၊ ဉာဏ်ကလည်း ရောက်ရတယ် ဒီလိုပါ။

ဒါကို တချို့ သစ္စာဝါဒီများကလည်း တရားတော့ လိုက်ပါရဲ့ ဒါပေမယ့် ဂယနဏတော့ မသိကြဘူး။ ဆရာကောင်း သမားကောင်းနဲ့လည်း မတွေ့ရရှာတော့ မသိတဲ့အခါ၊ မရေလည်ဘူး ဖြစ်နေကြတယ်။

တကယ်တော့ ခန္ဓာဉာဏ်ရောက်ဆိုတာ ခန္ဓာ**အပေါ်မှာ ဉာဏ်ရောက်တာ၊ ဉာဏ်ဆိုတာ အရိယာတွေ မြင်တာမျိုး မြင်တဲ့ အသိဉာဏ် ရောက်တာပါပဲ**။ မိမိအခု သစ္စာဝါဒီများကို တည်ပေးနေသလိုပါပဲ အရိယာ

တွေ့ ဘယ်လိုမြင်တယ်၊ ဘယ်လိုသုံးသပ်တယ်၊ ဘယ်လို နှလုံးသွင်းတယ်၊ ဘယ်လို ကျင့်သုံးဆောက်တည်တယ် ဆိုတာကို ပြောရင်း ပြောရင်းနဲ့ ကိုယ်ကလည်း အရိယာ တွေမြင်သလို မြင်လာမယ်။

မြင်လာတဲ့အခါ အရိယာဉာဏ် ရလာတဲ့အခါ နောက်ဆုံး ဖြစ်ပျက်ဆုံးအောင်ရှု၊ ဖြစ်ပျက်ဆုံးတဲ့အခါ ဆုံးအောင်ရှုနိုင်တဲ့ဉာဏ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်သွား၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်တော့ ဖိုလ်ဉာဏ်က နိဗ္ဗာန်ကြီးကို ထိုးထွင်းဆင်ခြင်တဲ့အခါ ဖလသမာပတ် ဝင်စားတာ။

ဒီအခါမှာ နိဗ္ဗာန်အကြောင်းတွေ ချမ်းသာတာ တွေ၊ နှုးညံ့သိမ်မွေ့တာတွေ၊ အသိခက်တာတွေ စတာတွေ သိတော့ ဘာနဲ့မှ မလဲနိုင်တော့ဘူး ဖြစ်လာမယ်။ တရားရဲ့ အရသာဟာ အားလုံးသော အရသာတွေကို အောင်မြင် တယ်ဆိုတာ ကိုယ်တွေ့ တွေ့သွားတယ်။

ဒီတော့မှ 'သြော်. . . အဟောဝတ ချမ်းသာလေစွ တကား'လို့ မြတ်စွာဘုရားကိုလည်း ကျေးဇူးတင် သာ သနာတော်မြတ်ကြီးကိုလည်း ကျေးဇူးတင်ပြီး တရားကို လည်း ကြိုးစားတော့တာပဲ။

ဒီတော့ သစ္စာဝါဒီများ ကြိုးစားပါ အောင်မြင် မှာပါ။ မိမိကလည်း ကူညီမှာပါ။ မိမိအနေနဲ့ အထိုက် အလျောက်လည်း ကူညီနိုင်ပါတယ်။

ဘာကြောင့်လဲ ဆိုတော့ ဆရာက သေသေချာချာ သင်ပေးထားတာကိုး။ မိမိက တတ်ပါတယ်။ ဆရာ့တပည့် တွေထဲမှာတော့ မိမိက ဗိုလ်ပါ။ မိမိက အမွေရပါတယ်၊ နောက်တော့ အကျိုးအကြောင်း ပြောပြပါ့မယ်။

မိမိက သေသေချာချာ ဂဃနဏ ပြောတတ် ဆိုတတ်ပါတယ်။ သစ္စာဝါဒီတွေကို အားပေးစကား ပြော ကြားပါတယ်။

အပိုင်း (၃၆)

အပွင့်ဓာတ်ထစ်ခု ဖွင့်ခြင်း

သစ္စာဝါဒီများ တရားကျင့်နေပြီ၊ ဒီတော့ အပွင့်ဓာတ် တစ်ခုကို ပြောလိုတယ်။ အဲဒီ အပွင့်ဓာတ်က ဘာလဲဆိုတော့ သစ္စာဝါဒီများ အိမ်မက်ကို ဂရုစိုက်ပါ။

သစ္စာဝါဒီများ တရားရှုတယ်ဆိုတာ လောဘ၊ ဒေါသ၊ မောဟ ပါးသွားအောင် ရှုတဲ့သဘောပါပဲ။ တိုက်ဆိုက်လို့ ပါးသွားပြီး အိပ်မက်မက်တဲ့အခါမှာ အိပ်မက်ဟာ ကိုယ့်အတွက် အဓိပ္ပာယ်ရှိတာတွေ ဖြစ်တတ်တယ်။

ဒေါက်တာချစ်ငယ် (ဒဿန)

ဒါကြောင့် သစ္စာဝါဒီများ အိပ်မက်ကို ဂရုစိုက်ပါတော့။

စာရေးသူ အနေနဲ့ကတော့ အိပ်မက်တင် မကတော့ဘူး၊ နိုးစဉ်တောင်မှ အာရုံတချို့ရှိပါတယ်။ သစ္စာဝါဒီများလည်း အိပ်မက်တော့ ရနိုင်ပါတယ်။ ဒီတော့ မိမိတို့ အိပ်သောအခါမှာ နှလုံးသွင်းပြီးအိပ်ပါ။ ဒီအခါ အိမ်မက်ထဲမှာ အာရုံတချို့ ရနိုင်ပါတယ်။

ဘာလို့လဲဆိုတော့ အိပ်တဲ့အခါမှာ ဘဝင်ကျပြီးတဲ့နောက် မိမိမှာ အာရုံလေးတွေ အဓိပ္ပာယ်ရှိရှိ အိပ်မက်ကလေးတွေ ရနိုင်ပါတယ်။ ကိုယ့်ဘဝရဲ့ အခြေအနေလေးတွေကို အိပ်မက်နဲ့ ပြတတ်ပါတယ်။

လောကကြီးမှာ အမှန်တရားက ပေါ်နေတာပါ။ စာရေးသူ ဟိုတုန်းက စလောင်း (Satellite) တွေ မပေါ်ခင်တုန်းကလည်း ပြောခဲ့ဖူးပါတယ်။ အမှန်တရားဟာ ပေါ်တတ်ပါတယ်လို့ ပြောခဲ့တယ်။ တချို့ကလည်း နားထောင်တယ်၊ တချို့ကတော့ မယုံဘူးပေါ့။

နောက်တော့ စလောင်းတွေ ပေါ်လာတော့ ကမ္ဘာမှာ ရုပ်သံတွေ လွှင့်နိုင်သွားတာပေါ့။ ဒီအတိုင်းပါပဲ လောကကြီးက ထုတ်လွှင့်နေတာပါ။ ဒီလို အမျိုးမျိုးထုတ်လွှင့်တဲ့ အထဲမှာ မိမိတို့က တရားရှင်ဆိုတော့ ဖမ်းတဲ့အခါမှာ အိပ်မက်နဲ့ ဖမ်းလို့ ပထမအဆင့် ရပါတယ်။

ဒါကြောင့် အိပ်မက်မက်တာကို ဂရုစိုက်ပေးပါလို့ မေတ္တာရပ်ခံလိုပါတယ်။

အိပ်မက်မှာ ထူးခြားနိုင်ပါတယ်၊ အိပ်မက်မှာ ထူးခြားပြီးတဲ့နောက် အာရုံကောင်းပြီး မိမိ စိတ်ကြည်၊ ဉာဏ်ကြည် ဖြစ်တဲ့အခါမှာလည်း အာရုံတွေ လာနိုင်ပါတယ်။ ဒီအကြောင်းကို ဖြည်းဖြည်းချင်း ဆွေးနွေးပေးပါ့မယ်။

အပိုင်း (၃၇)

အဝင့်ဓာတ်ထစ်ခဲ ဖွင့်ခြင်းအဆက်

ကမ္ဘာအရပ်ရပ်ကနေ ကမ္ဘာအရပ်အရပ်ဆီသို့ ကမ္ဘာ့ရွာဆိုသလို အင်တာနက်ကနေ လွှင့်တာဟာ စကြဝဠာကြီး တစ်ခုလုံးက တစ်ခုနဲ့တစ်ခု ဆက်စပ်လို့ရတယ်ဆိုတဲ့ သဘောကို သက်သေခံခဲ့တာပါ။

ဒီအကြောင်းကို ဗုဒ္ဓဘာသာမှာ ဗုဒ္ဓဘာသာကကြိုတင်ပြီးတော့ သိပြီးသား၊ နားလည်ပြီးသား။ သို့သော် ဗုဒ္ဓဘာသာကတော့ သီလ၊ သမာधိ၊ ပညာနဲ့ ဖမ်းတာကိုး၊ ဒီအခါကျတော့ သီလ၊ သမာधိ၊ ပညာ လက်နက်က

လူတိုင်းမှာ မရှိဘူး၊ အိမ်တိုင်းမှာ မရှိတော့ လူတိုင်းမဖမ်းနိုင်ဘူး၊ အိမ်တိုင်းမှာ မဖမ်းနိုင်ဘူး၊ သီလ၊ သမာဓိ၊ ပညာရှိတဲ့ ပုဂ္ဂိုလ်မှ ဖမ်းနိုင်တာ။ ဒါပေမယ့် လောကကြီးက ထုတ်လွှင့်နေတာပါပဲ။

ကျွန်တော်လည်း တရားကျင့်တဲ့အခါကျတော့ အခါအားလျော်စွာ အမြင်တွေ ဘာတွေ ရပါတယ်။ ဒါပေမယ့် စပ်မိလို့ ပြောဦးမယ်၊ သစ္စာဝါဒီများ အမြင်တို့ ဘာတို့ကိုတော့ အထူးမလိုက်ပါနဲ့။ မြင်ရင်တော့ မြင်ပါစေ၊ မြင်တာကို လိုက်မနေပါနဲ့။ အဲဒါလေးတစ်ခုကို တိုက်ဆိုင်တုန်း ပြောပါရစေ။

အမြင်ကို မလိုက်ပါနဲ့၊ တရားကိုသာ လိုက်ပါ။ မြင်ချင်ရင် မြင်မှာပဲ၊ မမြင်ချင်ရင်လည်း မမြင်ဘူး။ မမြင်လို့လည်း အားငယ်စရာ မရှိသလို၊ မြင်လို့လည်း အထူးရင်ကော့စရာ မလိုပါဘူး။ ဒါဟာ သဘာဝပါပဲ၊ ကြည့်ရင်တော့ မြင်မှာပဲ။ ကိုယ်တိုင်လည်း မြင်ဖူးပါတယ် (ဒီအကြောင်းတွေကိုတော့ အလျဉ်းသင့်သလို ပြောပြထားပါတယ်)။

တရားကျင့်လို့ မြင်တဲ့အခါကျတော့ တရားနဲ့ပတ်သက်တာပဲ မြင်တယ်။ လောကီကြောင့် မြင်တာမဟုတ်ဘူး၊ လောကုတ္တရာကြောင့် မြင်တာမို့ လောကုတ္တရာအမြင်ကိုပဲ အထူးပြောလိုပါတယ်။

ဥပမာ - အခုသစ္စာဝါဒီများ တရားကျင့်တယ်၊ ကျွန်တော် ဒီကနေ ခြုံပြီးတော့ ကြည့်လိုက်လို့ရှိရင် သစ္စာဝါဒီများ ထူးခြားတယ်၊ တိုးတက်တယ်၊ ကြည်လင်တယ်၊ ပေါ့ပါးတယ်ဆိုတာ ကျွန်တော်ကြည့်လို့ အထူးတိုက်ဆိုင်မှုရှိရင် ရပါတယ်။ ကြည်ရင် ကြည်တယ်၊ ပေါ့ရင် ပေါ့တယ်ပေါ့နော်၊ ဒါကတော့ တရားနဲ့ပတ်သက်ရင် ရပါတယ်။

ဒီလိုကိစ္စတွေကျတော့ တည်ဆောက်ပုံကိုက တရားနဲ့ တည်ဆောက်တာကြောင့်မို့လို့ တရားနဲ့ပဲ ရတာပါပဲ။ ကျွန်တော် သိသလောက်ပေါ့လေ။ ကျွန်တော်က ဒီအကြားအမြင်တွေကို ကျမ်းပါတယ်။ ဒါပေမယ့် ဒါတွေကို ခဏထားပါဦး၊ တရားရင့်ဖို့ပဲ အရေးကြီးပါတယ်။ အခုလောလောဆယ်တော့ အိပ်မက်လေးတွေကို သတိထားပါ။

တရားက ကြည်လင်နေတဲ့အခါ အိပ်မက်မှာ လာပြီးတဲ့နောက် မိမိရဲ့ အခြေအနေကလေးတွေ ထင်ဟပ်တတ်ပါတယ်၊ ထင်ဟပ်လေ့လည်း ရှိပါတယ်။ အဲဒီတော့ ထင်ဟပ်တဲ့အခါမှာ သတိရှိစေဖို့နဲ့ အဓိပ္ပာယ်ရှိကြောင်းကို ကြိုတင်ပြီးတော့ ပြောထားခြင်း ဖြစ်ပါတယ်။ နောက် ဘယ်အခါမှာ ဘယ်လိုလေး ဆိုတာကိုလည်း ပြောပြပါ့မယ်။

ဥပမာ - ရေထဲမှာ လှေနဲ့ကူးတာ လှေနစ်သွားတယ်။ ဒါပေမယ့် လှေတော့မြုပ်သွားတယ် လူကတော့ ကမ်းရောက်တယ်။ ဒါမျိုးဆိုရင် ကိုယ့်အဓိပ္ပာယ်ကို ကိုယ်တွက်လို့ ရပါတယ်။

တစ်ခါတစ်ခါတော့ ရွက်လှေကလေးနဲ့ လွှင့်သွားတာ ကိုယ်က ဘာမှကို လုပ်စရာမလိုဘူး၊ သူ့ဘာသာသူ ရွက်ကလေးက လွှင့်ပြီးတဲ့နောက် အထက်ကို ဆန်တက်သွားတယ်လို့လည်း မက်တတ်ပါတယ်။ (ဥပမာ ပြောတာပါ)

တစ်ခါတစ်ခါတော့လည်း ရေက နစ်ပြီးတော့ ခဲရာခဲဆစ် ကျောက်တောင်တွေ၊ ကျောက်ဆောင်တွေ၊ လှိုင်းတံပိုးတွေ တွေ့တယ်လို့ ဒါမျိုးလည်း မက်နိုင်ပါတယ်၊ စသည်ဖြင့်ပါပဲ။ ဒီလို တိုက်ရိုက်မက်မှ မဟုတ်ပါဘူး အလားတူလေးတွေ ရှိတယ်။

ကျွန်တော်ကတော့ အခါအားလျော်စွာ ကံကောင်းတယ်ဆိုလို့ရှိရင် အမြင့်တက်တယ်တို့၊ အမြင့်မှာ ရောက်ပြီး ပျံနေရတယ်တို့၊ ရေထဲမှာ ရွက်လှေကလေးနဲ့ လှုရင်းကို မလှော်မခတဘဲ ရောက်တယ်တူ့တွေ မက်ဖူးပါတယ်။ စသည်ဖြင့်ပေါ့လေ။

နောက်တော့ ကျွန်တော်ပြောပြပါ့မယ် အကြားအမြင်နဲ့ ပတ်သက်လို့။ အခုသစ္စာဝါဒီတွေက အကြား

အမြင် လိုက်ဖို့မဟုတ်ဘူး။ ကြားတဲ့ မြင်တဲ့အခါမှာ နည်း နည်း သတိလေးထားပေးပါလို့ ပြောလိုပါတယ်။

မိမိတို့ရဲ့ ဟဒယဟာ တရားမရှုတဲ့ ပုဂ္ဂိုလ်နဲ့မတူ တစ်မူထူးခြားနေတာမို့ ထူးခြားတဲ့အခါများ ရှိနိုင်ပါတယ်။ စလောင်းတွေက လွှင့်သလို ရပါတယ်။ စလောင်းလွှင့် တာက ဌာနပေါ့နော်၊ ကျွန်တော်တို့ 'ကာလ'အထိတောင် ဖြစ်နိုင်ပါတယ်။ ဒါပေမယ့် အခုအချိန်မှာ သိပ်ပံက 'ကာလ' ကတော့ မရသေးဘူး။ ဌာနတော့ ရသင့်သလောက် ရသွားပြီ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကာလရော ဌာန ရော စုံရပါတယ်။ ကာလကိုပါ ရတဲ့အကြောင်းကို သတင်း ကောင်းလေး ပေးလိုပါတယ်။ အမှန်အကန်လိုက်တော့ အမှန်အကန် ဖြစ်ပါတယ်။

ဒီခေတ်ဟာ ကျင့်ရင် ကျင့်သလို ရတဲ့ခေတ်ပါ။ ကျွန်တော်တို့ဟာ တခြားတော့ နားမလည်ပါဘူး။ ဒါပေ မယ့် ဝိပဿနာတော့ နားလည်ပါတယ်။ ဝိပဿနာ ကျင့်ခြင်းအားဖြင့် ရရှိတဲ့ အကျိုးအမြတ်တွေကို အခါအား လျော်စွာ ဆွေးနွေးပေးမယ့်အကြောင်း သတင်းကောင်း လေး ပေးလိုပါတယ်။

အပိုင်း (၃၈)

'တရားကိုစောင့်တဲ့ ပုဂ္ဂိုလ်ကို တရားက ပြန်စောင့်တယ်' ဆိုတာ သစ္စာဝါဒီများလည်း သိပါတယ်။

'ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ' တရားကို တကယ်ကျင့်ရင် တရားက စောင့်ပါတယ်။ အခုလည်း သစ္စာဝါဒီများ ဝိပဿနာကျင့်နေပြီ။

ဥပမာဆိုရင် - ကျွန်တော့်ကို ကြည့်ပါ။ ကျွန်တော် ရှေ့ ခပ်လှမ်းလှမ်းကို ရောက်နှင့်နေတာပေါ့။ ကျွန်တော် ဆိုရင် တရားက တအားစောင့်ရှောက်ပါတယ်။ ကျွန်တော် ဒီလောက်အောင်မြင်တယ်၊ ကျွန်တော် ကျော်ကြားတယ်၊ ကျွန်တော် အသိဉာဏ်ရှိတယ်။

ကျွန်တော် အောင်မြင်ကျော်ကြားတာတော့ ထားပါတော့။ အသိညာဏ်ရှိတာကတော့ ကျွန်တော့်ဘဝမှာ အရေးကြီးဆုံး တန်ဖိုးအရှိဆုံးပါ။ ဒါက အသိညာဏ်ရှိတဲ့ နောက်ပိုင်းမှာ အောင်မြင်တာတို့၊ ကျော်ကြားတာတို့က လာမှာပါ။

ဒါကြောင့်လည်း ကျော်ကြားလွန်းလို့ ကျွန်တော့်ကို တော်တော် တိုက်ခိုက်ကြတယ်၊ မနာလိုတာလည်း ပါပါတယ်။ တိုက်ရင် သူတို့ မဂ်တားဖိုလ်တားတွေ ဖြစ်ကြမှာပဲ။ တချို့တိုက်တဲ့ ပုဂ္ဂိုလ်လေးတွေဆိုရင် ဗုဒ္ဓဘာသာ အခြေခံရှိတယ်၊ ဒါပေမယ့် ဆရာကောင်းနဲ့မတွေ့လို့။ အခြေခံရှိပေမယ့် ကျွန်တော့်ကို တိုက်တဲ့အခါကျ သူတို့ မဂ်တားဖိုလ်တားတွေ ဖြစ်ကုန်မှာပေါ့လေ၊ စိတ်မကောင်းစရာပေါ့။ ဒါပေမယ့်လေ မတတ်နိုင်ဘူး၊ သူတို့က တိုက်တာကိုး။

ကျွန်တော်ကတော့ ကျွန်တော့်ဘာသာ သေချာတယ်၊ ဆရာကောင်း သမားကောင်းနဲ့ ကျွန်တော်က နိဗ္ဗာန်ဆိုတာကို ဂယနဏ သိခဲ့တာကိုး။ ကျွန်တော်ကတော့ သစ္စာဝါဒီတွေကို နိဗ္ဗာန်အကြောင်း ဂယနဏပြောမှာ။ ကျွန်တော်က ပြောတတ်တယ်၊ ဗဟုသုတလည်းရှိတယ်၊ သစ္စာဝါဒီတွေ တဖြည်းဖြည်းနဲ့ လက်ခံနားလည်လာအောင် သိပ်အဝေးကြီးကို လှမ်းမပြောဘဲနဲ့၊ လက်တစ်ကမ်းလေးပဲ။

ကျွန်တော် ပြောချင်လို့ ပြောနေတာ၊ တကယ်ဆို ကျွန်တော့်မှာ ပြောစရာတွေ အများကြီး ရှိသေးတယ်။ သာသနာက ကျွန်တော့်ကို တအားစောင့်ရှောက်တာ တအားအဆင်ပြေပါတယ်။ ကျွန်တော်ကလည်း လောဘ မရှိဘူးလေ။

ကျွန်တော့်တရားကို ကျွန်တော် လုပ်တာပါပဲ။ အခုထက်ထိလည်း ကျွန်တော်က တရားကို လုပ်တုန်းပါပဲ။ တရားပဲ ကျွမ်းတယ်၊ တရားပဲ ပြောတယ်။ တခြားဟာတော့ မကျွမ်းဘူး၊ တရားပဲကျွမ်းပြီး တရားပဲ လုပ်ပါတယ်။ ကျွန်တော်က တရားပဲ နှလုံးသွင်းပြီး ရှင်သန်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးပါ။

အခုသစ္စာဝါဒီတွေနဲ့ အင်မတန် အကြောင်းအကျိုး တိုက်ဆိုင်လွန်းလို့ ပြောဖြစ်နေပြီ၊ ဆက်ပြောမယ်။ တစ်နေ့ကျရင် ကျွန်တော် ဒီကနေ လှမ်းပြီး မေတ္တာပို့မယ်။ သစ္စာဝါဒီတွေ တရားကျင့်နေတဲ့ အခါကျရင် ပိုပြီးပေါက်မြောက် အောင်မြင်အောင် ကူညီမှာပါ။ (ဒီကဏ္ဍတွေ ကျွန်တော် မပြောချင်သေးလို့) ကျွန်တော့်ရဲ့ လုပ်ဆောင်ချက်တွေ မပင်ပန်းပါဘူး၊ စေတနာလည်း ရှိပါတယ်၊ ထုတ်လွှင့်သလိုပါပဲ ဉာဏ်ပညာရပြီဆိုတော့ အရိယာ ဉာဏ်နဲ့ ဖြန့်ကြက်လိုက်မယ်ဆိုရင် မေတ္တာက ပို့လို့ရပါတယ်။

ဒေါက်တာချစ်ငယ် (ဒဿန)

သစ္စာဝါဒီများကို အားပေးပါတယ်၊ ဘာမှုမပူပါနဲ့၊ ကျင့်နေဖို့ပဲ အရေးကြီးတယ်၊ နှလုံးသွင်းပါ၊ ဆင်ခြင်ပါ၊ သာသနာတော်ကို အားကိုးပါ၊ သာသနာတော်က စောင့်ရှောက်ပါတယ်၊ အခါအားလျော်စွာ စောင့်ရှောက်ပါတယ်၊ ရုပ်နာမ်ဟာ (၃၁)ဘုံသား ခရီးသွားတွေဆိုတော့ လောကမှာ အခက်အခဲတော့ ရှိမှာအမှန်ပဲ။

သို့သော်လည်း သာသနာတော်ကြီးက စောင့်ရှောက်ကြောင်းကို ထပ်ခါတလဲလဲ ပြောကြားလိုပါတယ်။

အပိုင်း (၃၉)

သစ္စာဝါဒီများလည်း ဗုဒ္ဓဘာသာဆိုတော့ မြတ်စွာဘုရားကို ကြည်ညိုတာပဲ။ မြတ်စွာဘုရားကတော့ လူသုံးပါးတို့ရဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးဆိုတော့ ကြည်ညိုစရာပါပဲ။ မြတ်စွာဘုရားက သတ္တဝါတွေအပေါ် မဟာဂရုဏာတော် ထားတယ်၊ ရင်ဝယ်သားလို ချစ်တယ်ဆိုတာ ကြည်ညိုစရာပဲ။

ဒါကြောင့်လည်း နိဗ္ဗာန်ကို သိပ်စံစေချင်တာ။ မြတ်စွာဘုရားက နိဗ္ဗာန်စံရအောင် မိန့်တော်မူခဲ့တာပဲ။ နိဗ္ဗာန်စံရမှ ချမ်းသာမယ်ဆိုတာ အမှန်ပဲ။ ဒါကြောင့် မြတ်စွာဘုရားရဲ့ ဂရုဏာတော်ဟာ တအားကြီးမားတာ၊

မြတ်စွာဘုရားကို ကိုယ်က ဘာပဲလုပ်လုပ် ဦးထိပ်မှာ ပန်ဆင်ရမယ်။ ဒါ တကယ့်ကို သတ္တဝါအားလုံး၊ (၃၁) ဘုံရှိ ရုပ်နာမ်တွေ အားလုံးအပေါ်မှာကို မိမိ ရင်ဝယ်သားလို ချစ်လို့၊ သစ္စာသိတဲ့အခါ မိမိသိသလို သိပါစေ၊ သတ္တဝါတွေ (၃၁)ဘုံက လွန်မြောက်ပြီး နိဗ္ဗာန်ကို စံနိုင်ပါစေ၊ သံသရာဝံဋ္ဋယက လွန်မြောက်ပါစေလို့ စေတနာထားတော်မူခဲ့တာ။ ဒါကြောင့် မဟာကရုဏာ ခေါ်ပါတယ်။

ကျန်တဲ့ ရဟန္တာ ကိုယ်တော်မြတ်ကြီးတွေက ကရုဏာ၊ မြတ်စွာဘုရားကျတော့ မဟာကရုဏာ (အင်မတန် ကြီးမားတဲ့ ကရုဏာ) ဒီလိုဆိုပါတယ်။ ဒီတော့ မြတ်စွာဘုရားကို ကြည်ညိုရင် တရားရလွယ်တယ်၊ မြတ်စွာဘုရားကို ပြစ်မှားရင် မဂ်တားဖိုလ်တားဖြစ်တယ်။ ဒီသဘောပါပဲ။ ဒါကြောင့် မြတ်စွာဘုရားကို ကြည်ညိုပြီးတော့ တရားကျင့်တဲ့အခါ လိုက်လျောညီထွေ ရှိတာပေါ့။

အခုခေတ်မှာ သစ္စာဝါဒီတွေလည်း သိမှာပါ၊ တရား အပုဒ် (၁၀၀၀) လောက်ကို အနည်းငယ်မျှသော Memory Stick ထဲမှာ ထည့်သွင်းလိုက်ရင် ရသလို မြတ်စွာဘုရားကလည်း မုန်ညင်းစေ့ထဲမှာ သီတင်းသုံးပြတော်မူခဲ့တယ်ဆိုတာ။ ဒီလို ကျဉ်းလို့၊ ချဲ့လို့ ရတယ်

ဆိုတာ မြတ်စွာဘုရားက နမူနာပြ ဟောတော်မူခဲ့တာ အင်မတန်ကို ခေတ်ရှေ့ပြေးတာ။

သိပ္ပံက ဗုဒ္ဓဘာသာရဲ့ ခြေဖျားတောင် ခုထိမလိုက်နိုင်သေးဘူး။ ဒါပေမယ့် သူလည်း လိုက်တော့လိုက်နေပါတယ်။ အလှမ်းတော့ ဝေးပါသေးတယ်၊ သူတို့က နိဗ္ဗာန်တံခါးပိတ်ထားတော့ တော်တော်ကို ဂွကျတယ်။ (ရှိပါစေတော့)

ဒီတော့ နိဗ္ဗာန်တံခါး ဖွင့်ထားတဲ့ ဗုဒ္ဓဘာသာသူတော်စင်များက မြတ်စွာဘုရား ဦးထိပ်ထားပြီး တရားကြိုးစားကြပါစို့ တိုက်တွန်း အားပေးလိုပါတယ်။

အပိုင်း (၄၀)

နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့

သစ္စာဝါဒီများ 'နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့' ဆိုတဲ့ စကားရှိတယ်။

ဒီတော့ လောကကြီးက သဘာဝတရားအားဖြင့်တော့ ပရမ်းပတာလောကကြီးဆိုတော့ နှိုင်းနှိုင်းချိန်ချိန်တော့ လုပ်ရမှာပါ။

ဥပမာ - ငွေရေးကြေးရေး ဆိုပါစို့၊ ကိုယ်က ဘယ်လောက်သုံးသုံး မကုန်ဘူးဆိုတဲ့ သူဌေးပုံစံမျိုးလောက် ဖြစ်ရင်တော့ အကြောင်းမဟုတ်ဘူးပေါ့။ သို့မဟုတ် သုံးရင်

လည်း ကုန်တာပဲ၊ စုရင်လည်းရတာပဲဆိုတဲ့ အခြေအနေမှာတော့ နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ဆိုတာ လုပ်ရမှာပဲ။ ဒီအထဲမှာ ကုသိုလ်ကောင်းမှုတွေလည်း လုပ်ရမှာပဲ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဆိုတော့ တစ်ခါတစ်ခါမှာ အတိတ်ကလေးတွေ နိမိတ်ကလေးတွေ ပြတတ်ပါတယ်။ (ရှေ့မှာလည်း အိပ်မက်အကြောင်း ပြောပြီးပြီပဲ) အခု လူလောက ဖြစ်ရပ်ဖြစ်စဉ်က ကိုယ့်ကို အတိတ်လိုလို နိမိတ်လိုလို ပြတတ်ပါတယ်၊ ဒါကိုလည်း သတိထားပါ။

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် တရားကို စောင့်ရှောက်ရင် တရားက ဆောင်တဲ့အခါ အတိတ်ကလေးတွေ နိမိတ်ကလေးတွေ ပြတတ်ပါတယ်။ ဒီအတိတ် နိမိတ်ကလေးတွေကိုလည်း ကိုယ်က သတိညာဏ်ရှင်သန်ပြီးတဲ့နောက် နှိုင်းနှိုင်းချိန်ချိန် သုခမိန်သို့ လျှောက်လှမ်းရမယ့် သဘောတွေလည်းရှိတယ်။

ဒီလောကကြီးက သိတဲ့အတိုင်းပဲ ပရမ်းပတာ လောကကြီးလို့ပဲ ယူလို့ရတယ်။ သူဖြစ်ချင်ရာဖြစ်၊ ပျက်ချင်ရာပျက်တဲ့ လောကကြီး။ ဒီတော့ (၃၁) ဘုံဆိုတာ ဘာမှ စိတ်မချရတဲ့အတွက် အရိယာညာဏ်ကတော့ စိတ်ချရတယ်၊ နိဗ္ဗာန်က စိတ်ချရတယ်၊ လောကုတ္တရာက စိတ်ချရတယ်၊ ဒီလောကီကတော့ စိတ်မချရတဲ့ လောကီဖြစ်နေတဲ့အတွက်ကြောင့် ကိုယ်က နှိုင်းနှိုင်းချိန်ချိန်

သုခမိန်ပေါ့နော် **'ပညာအစွန်း ချွန်းကဲ့သို့အုပ်'** ဆိုသကဲ့သို့ ဉာဏ်ပညာ ချွန်းကလေးနဲ့ အုပ်ပြီး အစစအရာရာ ဆောင်ရွက်ရမယ်လို့ သဘောရကြောင်း တင်ပြလိုပါတယ်။

အပိုင်း (၄၁)

'ကျွမ်းကျင်ရာလိမ္မာ' ဆိုတာ သစ္စာဝါဒီများ အသိပါ။ ဒီခေတ်က ကျင့်တဲ့လူ စွမ်းတာပဲ၊ ကျင့်တဲ့လိုင်း စွမ်းတာပါပဲ။

ကျွန်တော်လည်း မကြာခဏတော့ ပြောပေးနေပါတယ်။ ဒါပေမယ့် လူတွေက သူတို့ကျင့်တာက သူတို့စွမ်းတာကို နားလည်ကြတာပေါ့။ တရားကျင့်တာကျတော့ သူတို့က နားမလည်ဘူး။ ဉာဏ်မျိုးစုံကလည်းမရှိ တိုင်းလည်း မတိုင်းတာတတ်ဘူး။

တကယ်ကျင့်ရင် စွမ်းတာပါပဲ။ တရားကျင့်တဲ့လူဟာ တရားစွမ်းတာပါပဲ။ ကျွန်တော်ကတော့လည်း

ဝိပဿနာကို ကိုယ့်အသက် တစ်ဝက်ထက် ပိုလုပ်ခဲ့တာကိုး။ ဒီတော့ ကျွန်တော်လည်း ဝိပဿနာ စွမ်းတာပဲ။

စွမ်းတယ်ဆိုတာကို တချို့ကတော့ Super-natural Power လို့ ပြောတာပေါ့။ အမှန်ကတော့ Power ကတော့ Power ပါပဲ။ ကျင့်လိုက်လို့ ဖြစ်သွားတာ။ သာမာန်လူတွေမှာ မရှိတော့ Supernatural Power လို့ ဒီလိုယူဆကြတာပေါ့။ စွမ်းပါတယ်။ ဒါကို အထူး သံသယဖြစ်စရာ မလိုပါဘူး။

အရိယာဉာဏ်ဆိုတာ တော်တော် ထက်မြက်တာပဲ။ အလင်းအလျင်ဟာ တစ်စက္ကန့် ကီလိုသုံးသိန်းဆိုကြပါစို့။ အရိယာတွေရဲ့ အလင်းရောင်ခြည်တော် ဟာဆိုရင် ကီလိုသုံးသိန်းထက် အများကြီးမြန်တာပေါ့။ ဒီတော့ ကျင့်ရင် စွမ်းပါတယ်။

ဗုဒ္ဓဘာသာတွေ အနေနဲ့ ဝိပဿနာကျင့်ရင် ဝိပဿနာစွမ်းတော့ အကောင်းဆုံးသော ဆုလာဘ်ကို ရတာပါပဲ။

သူသူကိုယ်ကိုယ် ကျင့်ရင်တော့ စွမ်းကြတာပါပဲ။ Practice makes perfect ပါပဲ။

လူတွေက သူတို့ကျင့်တာကျ စွမ်းတယ်၊ ကိုယ်တို့ ကျင့်တာကျတော့ မစွမ်းဘူး ဒီလို ပြောချင်ကြတယ်။ ဒါကတော့ မတရားပါဘူး။ တရားသဖြင့် မစဉ်းစား

မတွေးခေါ်ဘဲ တစ်ကိုယ်ကောင်းဆန်၊ ငါသိ၊ ငါတတ်၊ ငါမြတ် လုပ်ချင်ကြတယ်။

တကယ်တမ်းကျ မျှမျှတတ စဉ်းစားတတ်တဲ့ ပုဂ္ဂိုလ်တွေကတော့ ကျင့်ရင်စွမ်းတယ်ဆိုတာကို လက်ခံကြတယ်။

အခုဆိုရင် သစ္စာဝါဒီတွေဟာ ကျင့်ခါစနဲ့မတူ သမာဓိတိုးတက်လာမယ်။ ဒါဟာ သမာဓိရဲ့ စွမ်းအင်ပါပဲ။ ဒါ ကျွန်တော်တို့ ဗုဒ္ဓဘာသာတွေအတွက်ကတော့ တရားတော်မြတ်ရဲ့ ဂုဏ်ကျေးဇူးထဲ ပါသွားတယ်၊ ဒီဘော့ ပိုပြီး အဓိပ္ပာယ်ရှိပါတယ်။ တရားကို စောင့်ရှောက်ရင် တရားက ပြန်စောင့်တယ်။ စွမ်းတယ် အဲဒါပါပဲ။

ကျွန်တော်ဆိုရင် ဇော်ဂျီဖိုလ်ဝင်သားရဲ့ ပါဝါ စွမ်းရည်ကို မြင်ဖူးတယ်။ (ကဲ ဘယ့်နှယ်လုပ်မလဲ) ဒါ မဆန်းပါဘူး။

အရိယာမျက်လုံးဟာ ရိုးရိုးမံသစက္ခုနဲ့ မမြင်နိုင်တာတွေ မြင်နိုင်တယ်ဆိုတော့ အရိယာဉာဏ်တွေဟာ မြင်ချင်မြင်မှာပဲလေ။ ဒီတော့ မဆန်းပါဘူး။ နိဗ္ဗာန်စံဝင်တာတောင် မြင်ရသေးတာပဲ ဇော်ဂျီဖိုလ်ဝင်သားလောက်တော့ အပျော့ပေါ့။

ကျွန်တော် နောက်တော့ ပြောပြမယ် ဇော်ဂျီဖိုလ်ဝင်သား သူ့ရဲ့ပါဝါကို ကျွန်တော်သိပါတယ်၊ နားလည်း

ဒေါက်တာချစ်ငယ် (ဒဿန)

လည်ပါတယ်၊ သဘောလည်း ပေါက်ပါတယ်၊ မြင်လည်း မြင်ဖူးပါတယ်၊ ခံလည်း ခံစားဖူးပါတယ်။ တစ်ချိန်ချိန် ကျတော့ ကျွန်တော် ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးပါ့မယ်။

အပိုင်း (၄၂)

ဇော်ဂျီဖိုလ်ဝင်သား စွမ်းရည်

ရှေ့ပိုင်းမှာ ဇော်ဂျီဖိုလ်ဝင်သားရဲ့ စွမ်းရည်ကို ကျွန်တော် မြင်ဖူးကြောင်း ပြောခဲ့ပါတယ်။

ဇော်ဂျီဖိုလ်ဝင်သား မြင်တယ်ဆို ကျွန်တော်က အကြားအမြင် ရတာကိုး။ ဇော်ဂျီဖိုလ်ဝင်သားထက် ပိုမို နူးညံ့တဲ့ ရောင်ခြည်တော်တောင် ဖူးဖူးနေတာပါပဲ။

တကယ်တော့ နိဗ္ဗာန မြတ်သောတရား ဆိုတာ လည်း တအားကို နူးညံ့တာ အနုတ္တရဓာတ်ကြီးကိုလည်း ဖူးဖူးနေတာ၊ ဝင်စားဖူးနေတာဆိုတော့ ဇော်ဂျီဖိုလ်ဝင်

သားလောက်တော့ ကြမ်းတောင် ကြမ်းပါသေးတယ်။ သူ့ရဲ့ပါဝါတွေကို ရိုးရိုးမံသစက္ခုနဲ့တော့ မမြင်နိုင်ဘူးဆိုတာ မိမိသိပါတယ်။

အကြားအမြင်ဆိုလို့လည်း ကျွန်တော်က 'အကုန်မြင်တယ်' ဒါမျိုးပြောတာ မဟုတ်ပါဘူး။ ကျွန်တော်က တရားကျင့်ရင်းနဲ့ ပေါက်မြောက်တဲ့ အမြင်ဆိုတော့ တရားနဲ့ ပတ်သက်တာပဲ (On the line of Duty) တရားနဲ့ ပတ်သက်ရင်တော့ မြင်ပါတယ်။

ဥပမာ - သစ္စာဝါဒီများ ဘယ်သူ ဘယ်ဝါဆိုတာ မိမိမသိပေမယ့် တရားကျင့်နေတုန်းဆိုရင် လှမ်းကြည့်ပြီး မေတ္တာပို့လို့ ရပါတယ်။

တစ်စုံတစ်ဦးဟာ သာသနာ အရိပ်အောက်မှာ ခိုကိုးနေရင် ဓမ္မဓိဋ္ဌာန်ကျကျ မေတ္တာပို့လို့ ရပါတယ်၊ သစ္စာပြုလို့ ရပါတယ်။ (ဒါ သိပ်ခက်တဲ့ကိစ္စ မဟုတ်ပါဘူး)

ဒါပေမယ့် အလွယ်တကူပဲ **'အကြားအမြင်ရတယ် ဆိုပြီး ပေါက်တတ်ကရ အကုန်ရတယ်'** လို့ ဒီလိုအထင်မျိုး အပြင်က ထင်တတ်လွန်းလို့၊ ဒီလိုမျိုးလည်း မဟုတ်ပါဘူး။

သူက သာသနာ၊ သစ္စာနဲ့ ပတ်သက်တဲ့ လိုင်းကနေ မြင်တာမျိုးပါပဲ။ မြင်ပါတယ် ကျွန်တော် ဇော်ဂျီ ဖိုလ်ဝင်သားကို ကျွန်တော် မြင်ပါတယ်။ (နောက်တော့

ဇော်ဂျီဖိုလ်ဝင်သားရဲ့ အစွမ်းသတ္တိတွေ ပြောပြပေးပါ့မယ်)

ဒီဇော်ဂျီဖိုလ်ဝင်သားကို ကျွန်တော် တီထွင်တာ မဟုတ်ပါဘူး။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ဇော်ဂျီဖိုလ်ဝင်သားကို တစ်ချိန်ကလည်း စားဖူးကြတာပဲ၊ သူ့ရဲ့ ပါဝါတွေ ရဖူးကြတာပဲ။ ကျွန်တော်လည်း မြင်ဖူးပါတယ်၊ ပါဝါတွေပါ။

တကယ်တော့ အမြင်ဓာတ်က သိပ်ကြည်လင်လာရင် နောက်ဆုံးပေါ် The Most Fundamental Substantial Elements တွေကတောင် ကြမ်းနေပါသေးတယ်။ ဒီအမှုန်တွေထက်ကို အမျှားကြီးနုနိုင်ပါသေးတယ်။

ဒီတော့ သီလ၊ သမာဓိ၊ ပညာနဲ့ မြင်တဲ့ ဉာဏ် မျက်လုံးဟာ အဖိုးတန်ပါတယ်။ သစ္စာဝါဒီတို့ ကြိုးစားကြပါလို့ အားပေးလိုပါတယ်။

ကျွန်တော်က နောက်လည်း မဆုတ်ဘူး၊ ရှောင်လည်း မပြေးဘူး၊ ထိပ်တိုက် ဖြေရှင်းပေးမယ်။ အခုတော့ စောတဲ့အပိုင်းက စောနေသေးလို့ သိပ်မပြောတာတွေ ရှိပါတယ်။ နောက်ပိုင်း ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောပါမယ်။

ကျွန်တော်က ပိုင်ပါတယ်။ ကျင့်ရင် ပိုင်မှာပဲ၊ ရဟန္တာတွေ အရိယာတွေ (၃၁)ဘုံကို ခြေကန်ပြီးတော့

ဒေါက်တာချစ်ငယ် (ဒဿန)

စံမြန်းသွားတော်မူကြသေးတာပဲ။ သာမည အမြင်လောက်ကတော့ မဆန်းပါဘူး။ ဒါပေမယ့် ဘယ်သူမှ သေသေချာချာ မကျင့်ဘူး ဒီတော့ မမြင်ကြဘူး ဒီသဘောပါ။

အပိုင်း (၄၃)

ဇော်ဂျီဖိုလ်ဝင်သား စွမ်းရည်အဆက်

ဇော်ဂျီဖိုလ်ဝင်သား ဆိုတာ မြန်မာ့သမိုင်းမှာ အထင်အရှား ရှိခဲ့တာပါ။

ကျွန်တော်လည်း အကြောင်းအကျိုး တိုက်ဆိုင်လို့ တွေ့တာပါပဲ။

ဒါပေမယ့် ကျွန်တော် စောစောက ဝန်ခံခဲ့သလို 'တရားကျင့်ရင်းနဲ့ မြင်တဲ့ အမြင်ဓာတ်ဟာ တရားလိုင်းမှာပဲ ကျက်စားတယ်၊ အဲဒီဘက်ကိုပဲ ဝင်စားတယ်'။ ဒီတစ်ခုပဲ ခြွင်းချက် ရှိနေပါတယ်။ ဒီတော့

တရားလိုင်းဆိုရင် ရပါတယ်၊ တခြားလိုင်း ဆိုရင်တော့ အပ်စပ်တာ မအပ်စပ်တာ ရှိပါသေးတယ်။

ရိုးရိုးလေးကြားလိုက်ရင် ဇော်ဂျီဖိုလ်ဝင်သား စွမ်းရည်ကို တွေ့တယ်ဆိုတော့ အံ့ဩစရာသိပ်ကောင်းတာ။ ဒါပေမယ့် အရိယာတွေရဲ့ ဉာဏ်တော်တွေက နိဗ္ဗာန်ကြီးတောင် တွေ့တာ၊ နိဗ္ဗာန်က အနှုးညံ့ဆုံးဓာတ်ပဲ။ နိဗ္ဗာန်ကို တွေ့တဲ့အခါ အနှုးညံ့ဆုံးသော ဓာတ်ဆိုတော့ နိဗ္ဗာန်ကို တွေ့တဲ့ အရိယာဉာဏ်ဟာ ကျန်တာတွေကို တွေ့ဖို့ဆိုတာ မခက်ပါဘူး။ နိဗ္ဗာန်က အနုဆုံးဓာတ်ပဲ။ ဒီတော့ နိဗ္ဗာန်ဝင်စားပြီးတော့ ပြန်သက်ရောက်လာလို့ရှိရင် အဲဒီအရိယာက 'သမ္မေ့တယ်'။

နိဗ္ဗာန်ကပြန်လာပြီး 'ကြမ်းလိုက်တာကွာ၊ လောဘ၊ ဒေါသ၊ မောဟကလည်း သောင်းကျန်း လိုက်တာကွာ' ဆိုရင် ဒါ မဟုတ်တော့ဘူး။ ယဉ်ကျေးသိမ်မွေ့တဲ့ သူတော်ကောင်း အဆိုအဆုံးအမမှာ တည်ပြီးတော့ နှုးညံ့တယ် ဒါ သဘာဝပါ။ ဒီအကြောင်းတွေကို ကျွန်တော်က တော်တော် သိပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်က ဆရာနဲ့ (၁၀) နှစ်နေခဲ့တော့ တအားသိတာပဲ။

မြန်မာနိုင်ငံမှာ သူတော်ကောင်းကြီးတွေ၊ အရိယာကြီးတွေ၊ ရဟန္တာကြီးတွေ ပေါ်ထွန်းခဲ့တော့ ကျွန်တော်ကလည်း ပူဇော်ခွင့်၊ ချဉ်းကပ်ခွင့်၊ တပည့်ခံခွင့်၊ လုပ်ကျွေး

ပြုစုခွင့်တွေ ရတဲ့အခါ အတွေ့အကြုံတွေက တဝကြီးပါပဲ။ အင်မတန် အံ့ဩစရာ ကောင်းပါတယ်။

ကျွန်တော်ကလည်း မတိုက်ဆိုင်ရင်တော့ မပြောပါဘူး၊ အခုတော့ တိုက်ဆိုင်နေတယ်။ ကမ္ဘာကလည်း သိပ္ပံပညာရဲ့ စွမ်းရည် တန်ခိုးတွေကိုပဲ သိနေပြီးတော့ ဗုဒ္ဓဘာသာရဲ့ စွမ်းရည်တွေကို မသိကြဘူး။ ကျွန်တော့်လိုလည်း ပြောတဲ့လူက မရှိကြဘူး။ တကယ်အမှန်အကန်တွေ့ဖူးတဲ့ ပုဂ္ဂိုလ်ကလည်း သိပ်ရှားသွားတာကိုး။

မြတ်စွာဘုရား သာသနာကလည်း သာသနာတစ်ဝက်ကျော်လာတော့ ကျွန်တော့်လို သိတဲ့ပုဂ္ဂိုလ်ကရေရေလည်လည် တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့်တော့ ပြောပေးနေပါတယ်။

အားလုံးကလည်း ပြောကြပါတယ်၊ ဒီခေတ်ဟာလက် တွေ့ခေတ်၊ သတင်းအမှန်အကန်ခေတ်၊ အမှန်တရား ကြီးစိုးတဲ့ခေတ်ဆိုတော့ အမှန်တရားတွေ ပေါ်ရမယ်။

အမှန်တရား မဖော်နိုင်ရင် ဝတ္ထုရား မကျေရာ ကျမှာ မြင်လာရင်းနဲ့ လူသားတွေအတွက် သစ္စာရှိရှိ အမှန်တရားကို ဖော်ပါတယ်။

နိဗ္ဗာန်ဆိုတာ ရှိပါတယ်။ ကျွန်တော် တွေ့ဖူးပါတယ်။ အင်မတန်မှ နူးညံ့သိမ်မွေ့ နက်ရှိုင်းပြီးတော့

လွတ်မြောက်မှုနဲ့ ယှဉ်ပါတယ်။ ချမ်းသာခြင်း အတိပြီးပါတယ်၊ အကောင်းတကာ့ အကောင်းဆုံးပါပဲ။

ဒါကြောင့် မြတ်စွာဘုရားကလည်း မဟာကရုဏာတော် ထားပြီး ရင်ဝယ်သားလို ချစ်လို့ နိဗ္ဗာန်စံကြဖို့ ဆုံးမတော် မူတာဟာ အင်မတန်မှကို ဦးထိပ်ပန်ဆင်စရာ ကောင်းကြောင်း ပြောပြလိုပါတယ်။

အပိုင်း (၄၄)

ဇော်ဂျီဖိုလ်ဝင်သားစွမ်းရည် အဆက်

သစ္စာဝါဒီများလည်း သိပါတယ်၊ ဒီခေတ်က သတင်းပေးတဲ့ ခေတ်ပဲ။ အမှန်အကန်တွေ့ရင် သတင်းပေးရမှာပဲ။ The most fundamental substantial elements တွေ့တဲ့ သိပ္ပံပညာရှင်ကလည်း သတင်းပေးရတာပဲ။ ဘလက်ဟိုး(လ်)တို့၊ ဘာမြူဒါထရိုင်အဲန်ဂဲလ် (Bermuda triangle) တို့ တွေ့ရင်လည်း သတင်းပေးရမှာပဲ။ ဒီလိုပဲ ဂြိုဟ်သားတွေတွေ့လည်း သတင်းပေးရမှာပဲ။

သတင်းပေးတဲ့ခေတ် ဖြစ်နေတော့ အမှန်အကန် သတင်းပေးရတယ်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာကို လက်တွေ့အကျင့် ကနေ သတင်းမပေးနိုင်ဘူးဆိုပြီး စိတ်ကူးယဉ်ဝါဒလို့ တချို့က သတ်မှတ်နေတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ ကလည်း တကယ်တွေ့ရင် တကယ်သတင်းပေးရမှာပဲ။

ကျွန်တော် နိဗ္ဗာန်တွေ့တယ်၊ **နိဗ္ဗာန်အကြောင်း ကို ကျွန်တော် သတင်းပေးတယ်။ စမ်းသပ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ သိပ္ပံနည်းကျ စမ်းသပ်နိုင်တယ်။ ဒါပေမယ့် စမ်းသပ်နိုင်လောက်တဲ့ အရည်အချင်း သူ့မှာရှိရမယ်။ ဒါ သိပ္ပံနည်းကျပဲ။**

ဟော့ကင်း (Stephen Hawking) ကိုယ်တိုင်က ဒီလိုပဲ တောင်းဆိုခဲ့တယ်။

စမ်းသပ်တဲ့ ပုဂ္ဂိုလ်ဟာ စမ်းသပ်နိုင်လောက်တဲ့ အရည်အချင်းနဲ့ အခြေအနေ ပြည့်စုံရမယ်လို့ ဟော့ကင်း တောင်းဆိုခဲ့တယ်။

ကျွန်တော်လည်း စမ်းသပ်တဲ့ ပုဂ္ဂိုလ်များကို မစမ်းသပ်ရဘူးလို့ မပြောပါဘူး။ သို့သော်လည်း စမ်း သပ်တဲ့ ပုဂ္ဂိုလ်ဟာ အရည်အချင်း ပြည့်မီဖို့တော့လို တယ်။ ကျွန်တော်တို့က သီလ၊ သမာဓိ၊ ပညာ တည် ဆောက်ရတာကိုး။

ကျွန်တော်လည်း ဂယနဏ ကျကျနန သေသေချာချာ စနစ်တကျနဲ့ အကုန်လုံး ပညာရှိတွေ လက်ခံနိုင်အောင် ပြောပြ၊ တင်ပြနေတာပဲ။

ဒီတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဟာ လက်တွေနဲ့ ယှဉ်ပြီးတဲ့နောက် အမှန်တရားဆိုတာကို ပြောရမယ်။ ကျွန်တော်တွေ့တာ ကျွန်တော်ပြောရမယ်၊ တွေ့တာမှန်ဖို့က ကျွန်တော့်တာဝန်ပဲ၊ ပြောဖို့က ကျွန်တော့် တာဝန်ပဲ၊ ယုံတာ၊ မယုံတာကတော့ ပရိသတ်ကြီး အပေါ်မှာ မူတည်တာပေါ့လေ။

အခု ဒီတရားလိုက်စားတဲ့ သစ္စာဝါဒီတွေကို ပြောတာ မဟုတ်ပါဘူး၊ ကျန်တဲ့ ပုဂ္ဂိုလ်တွေကို ပြောတာပါ။ သစ္စာဝါဒီတွေကတော့ သဘောပေါက်ပါတယ်။ ကျွန်တော်က မလိမ်ဘူး၊ မညာဘူး၊ ကျွန်တော်က လိမ်ဖို့ညာဖို့အတွက် အချိန်လည်း မပေးနိုင်ဘူး။

ဒါပေမယ့် သစ္စာဝါဒီတွေ အမှန်အကန်သတင်းတွေ ရမယ်။ နိဗ္ဗာန်ဆိုတာ ရှိပါတယ်၊ ကျွန်တော် တွေ့ဖူးတယ် နူးညံ့တယ်၊ သိမ်မွေ့တယ်၊ တကယ့်ဓာတ်ကြီးပဲ။ နိဗ္ဗာန်ကို ဝင်စားရင် အသိရှိတယ်။ တချို့က အိပ်ပျော်သလိုလို၊ (Black Hole) ဘလက်ဟိုးလ်ထဲ ဝင်သွားသလိုလို၊ မေ့ဆေးပေးသလိုလို ထင်နေကြတာ။ ဒါက အထင်နဲ့ လျှောက်ပြောနေကြတာ။

သူတို့ တကယ် နိဗ္ဗာန်ထဲ မသွားလို့။ နိဗ္ဗာန်ထဲ သွားရင် နိဗ္ဗာန်မှာ နိစ္စ၊ ဓုဝ၊ နိပ္ပုဏ္ဏ၊ အနိဒဿန၊ အစ္စရိယ၊ အဗ္ဘုတ၊ အနုတ္တရဆိုတာ ရှိတာပဲ။ ကျွန်တော်က သစ္စာဝါဒီတွေကို အားနာလို့ ဒီလိုဂုဏ်ရည်တွေ အများကြီး ရှိတယ်၊ နိဗ္ဗာန်မှာ အများကြီး ရှိပါတယ်။ နူးညံ့တယ်၊ သိမ်မွေ့တယ်၊ အသိဉာဏ်တယ်၊ နက်ရှိုင်းတယ်၊ အမှန် ရှိတယ်၊ ဉာဏ်နဲ့ပဲ မြင်နိုင်တယ်ဆိုတာတွေ အများကြီး ရှိပါတယ်။

ဒီလို ချမ်းသာခြင်းမျိုးစုံ စုပုံနေတဲ့ နိဗ္ဗာန်ကို မြတ်စွာဘုရားက ရောက်စေချင်လွန်းလို့ သတ္တဝါတွေ အပေါ် ရင်ဝယ်သားလို ချစ်လို့ မဟာကရုဏာတော်နဲ့ ရောက်စေချင်တာ။ ဒါကို ဗုဒ္ဓဘာသာတွေ အားလုံး သိပါတယ်။ ကျွန်တော်တို့က ဒီလို ဖြစ်ရပ်အမှန်ကြီး ကို အနစ်နာမခံနိုင်ဘူး။ ဗုဒ္ဓဘာသာဟာ တကယ့် ဖြစ်ရပ်မှန်ကြီးဆိုတာ ကျွန်တော် ရဲရဲရင့်ရင့်၊ ခိုင်ခိုင်မာမာ တင်ပြပါတယ်။

သစ္စာဝါဒီများကလည်း စိတ်ရှည်လက်ရှည်နဲ့ ဝင်စားနေတဲ့အတွက် ကျွန်တော် သဘာဝယုတ္တိ၊ အာဂမ ယုတ္တိ၊ ဇာဂမယုတ္တိနဲ့ ကျွန်တော် ပြောရမှာပေါ့။

နိဗ္ဗာန်တွေ့ပြီးတဲ့ နောက်ပိုင်းမှာတော့ ဇော်ဂျီဖိုလ် ဝင်သားလိုမျိုးက သိပ်တော့ မဆန်းပါဘူး။ ကျွန်တော်

တွေ့ပါတယ်၊ ဇော်ဂျီလည်း မြင်ဖူးတယ်၊ ကျွန်တော် အကြားအမြင်ရတယ်လို့ ဝန်ခံပြီးပြီပဲ။ ဇော်ဂျီကို မြင်ဖူးတာပေါ့။

ဒါပေမယ့် တစ်ခုရှိတာက (On The Line of Duty) ဆိုတာမျိုး သစ္စာနယ်က အမှုန်တရား ရှာဖွေတဲ့ အခါမှာ တွေ့တာမို့ ကျွန်တော့်ကို 'လောကီ - ဘာညာ ဘာညာနဲ့တော့' ဒီလိုစပ်စုလို့တော့ မရဘူး။ ဒါမျိုးပြောတာက ဆန့်ကျင်ဘက် သမားတွေ ကွန်မြူနစ်လိုလို၊ ဘာလိုလို၊ ဗုဒ္ဓဘာသာ ဆန့်ကျင်ဘက်သမားတွေက ပြောတာပါ။

မြတ်စွာဘုရားရဲ့ တရားတော်ဟာ ကျင့်ရင်ကျင့်သလို ဖြစ်ပါတယ်။ မြတ်စွာဘုရား လက်ထက်တော် တုန်းကလည်း ရှင်အနုရုဒ္ဓါဆိုတာ အဘိညာဉ်ရတာပဲ၊ အကုန်မြင်တာပဲ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံသေးဘူး၊ မြတ်စွာဘုရား နိရောဓ သမာပတ်ဝင်စားတယ် စသည်ဖြင့် အကုန်သိတာပါပဲ။ ဒီတော့ သိနိုင်ပါတယ်၊ ကျင့်ဖို့ပဲ လိုတာပါ။ ကျွန်တော် တစ်ယောက်ကတော့ ဆရာသမားရဲ့ ကျေးဇူးတော်ကြောင့် ကောင်းကောင်းမွန်မွန် ကျင့်ခဲ့ရတော့ ရသင့်တာ ရခဲ့တဲ့အတွက်၊ ပြောသင့်တာကို ပြောနိုင်ပြီဆိုတဲ့အကြောင်း သစ္စာဝါဒီများကို သတင်းပေးပါတယ်။

ကျွန်တော် ပြောနိုင်တာတွေ သစ္စာဝါဒီတွေကို အပြည့်အဝ ပြောမှာပါ။ သစ္စာဝါဒီများကို ခင်လည်းခင်တယ်၊ စေတနာလည်းရှိတယ်၊ စိတ်ချပါ။ ကျွန်တော်က မလိမ်ဘူး မညာဘူး၊ တကယ်ဆို ကျွန်တော့်အသက် အရွယ်နဲ့ ဘာမှလည်း မဟုတ်တာ ပြောစရာ မလိုပါဘူး။ မှန်တာကို ပြောလို့ကို မကုန်ဘူးဖြစ်နေတယ်။

ကျွန်တော် ပြောပါတယ်၊ ဇော်ဂျီဖိုလ်ဝင်သားကို ကျွန်တော် မြင်ဖူးပါတယ်။ ဒီထက် စွမ်းရည်သတ္တိနဲ့ အခြေအနေတွေကိုလည်း ကျွန်တော် နောက်ပိုင်းကို ပြောပြပါ့မယ်။ စောစောပိုင်းကတော့ ဇော်ဂျီဖိုလ်ဝင်သားရဲ့ စွမ်းရည်ကို သာသနာလက်ဆင့်ကမ်းတဲ့ ပဋ္ဌိပတ္တိ၊ ပဋ္ဌိဝေလိုင်းမှာ မြှုပ်နှံထားလိုက်တယ်။ ဘာလို့လဲဆိုတော့ သာသနာချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တွေ ရချင်ရပါစေဆိုပြီး အဲဒီလိုင်းထဲမှာ သိမ်းထားလိုက်တဲ့ သဘောပါပဲ။

ကျွန်တော် ဇော်ဂျီဖိုလ်ဝင်သား စွမ်းရည်ကို တွေ့တာ ကြာပါပြီ။ နည်းနည်းပါးပါး စာတစ်စောင် ပေတစ်ဖွဲ့အဖြစ် ရေးဖူးပါတယ်။ သစ္စာဝါဒီများကို စေတနာ အထူးရှိကြောင်း၊ အမှန်အကန်ကို တင်ပြကြောင်းနဲ့ ကျွန်တော် သိတာကို ကျွန်တော်က မလိမ်ဘူး မညာဘူး၊ အပိုမပြောဘဲ သတင်းအမှန်ကိုသာ ပေးခြင်းဖြစ်ကြောင်းကို တင်ပြအပ်ပါတယ်။

အပိုင်း (၄၅)

စွမ်းရည် သတ္တိထူး

သစ္စာဝါဒီများလည်း သိပါတယ် ဗုဒ္ဓဘာသာဟာ မှန်ကန်တယ်ဆိုတာ။ ဒါပေမယ့် လက်တွေ့ကျင့်ခန်းနဲ့ လက်တွေ့ကျင့်လို့ ရရှိတဲ့ အကျိုးအမြတ် အခန်းကဏ္ဍတွေဟာ ပျောက်ကွယ်နေတဲ့ အခါကျတော့ ဗုဒ္ဓဘာသာကို ပုံပြင်လောက်၊ ယဉ်ကျေးလိမ္မာအောင်ပြောတဲ့ လုပ်ကြံဇာတ်လမ်း စိတ်ကူးယဉ်မျှသာ ဖြစ်တယ်လို့ ကမ္ဘာပေါ်မှာ ဒီလို ယူဆခံရတာ သိပ်နစ်နာပါတယ်။

သာသနာပြုတဲ့ ပုဂ္ဂိုလ်တွေကလည်း သာသနာပြုတယ် ဆိုပြီးတဲ့နောက် သာသနာစကားကို မပြောနိုင်ဘူး၊ အခြားစကားတွေပဲ ပြောနေတာကလည်း ဗုဒ္ဓဘာသာကို ပိုနစ်နာစေတယ်။ ဥပမာ - နိဗ္ဗာန်အကြောင်း ပြောနိုင်ရမှာပေါ့။ ကိုယ့်ရည်မှန်းချက် ပန်းတိုင်ပဲ။ ဒါ Aim & Object ပါပဲ။

နောက် Methodology ပိုင်းကလည်း ဝိပဿနာအရိယာဖြစ်ခန်း၊ ဖြစ်နိုင်တဲ့ ပုံစံတွေကို ပြောနိုင်ရမှာပေါ့။ ဒါ Method ပိုင်း Technology ပိုင်းတွေပဲ။ Information လည်း ပေးနိုင်ရမှာပေါ့။ ဘယ်လိုကျင့်လို့ ဘယ်လိုဖြစ်တယ်၊ ဘာတွေ တွေ့ရတယ်၊ ဘယ်လိုဖြစ်တယ် ဆိုတာ သတင်းပေးနိုင်ရမှာပေါ့။

ဒါတွေတော့ မပေးနိုင်ဘူး၊ သာသနာသာ ပြောနေတယ်။ သူတို့ဟာ ရဟန္တာအကြောင်းလည်း မပြောဘူး၊ နိဗ္ဗာန်အကြောင်းလည်း မပြောဘူး၊ ဝိပဿနာအကြောင်းလည်း မပြောဘူး၊ အရိယာအကြောင်းလည်း မပြောဘူး၊ ကျင့်စဉ်အကြောင်းလည်း မပြောဘူးဆိုတော့ သွားပြီပေါ့။ ဒီလိုမျိုးသာသနာပြုတဲ့ ပုဂ္ဂိုလ်တွေဆီကလည်း အထင်ကြီးစရာ မထွက်တဲ့အခါကျတော့ ကမ္ဘာကနေပြီးတော့ ဗုဒ္ဓဘာသာကို စိတ်ကူးယဉ်ဝါဒအဖြစ်နဲ့ သတ်မှတ်တာ လုံးဝကို ရင်နာစရာကောင်းတယ်။

ဒါကြောင့် မိမိကိုယ်တိုင်ကတော့ ကိုယ်တတ်နိုင်တဲ့ဘက်ကနေ ကိုယ်ကိုယ်တိုင် တကယ်ကျင့်၊ တကယ်ကျင့်ကြံ၊ တကယ်အားထုတ်၊ တကယ်ရှာဖွေဆည်းပူးပြီး၊ တကယ်အလုပ်လုပ်ပြီး၊ တကယ်တွေ့တာတွေကို ကြိုးစားပြီးတော့ ပြောနေတာပါ။

ဒီတော့ လောကကြီးမှာ အမြင်မှားတာဆိုတာ ရှိတာပါပဲ။ ဖမ်းလို့ရတယ်ပေါ့နော်။ အထူးသဖြင့် Internet မှာ ဖမ်းလို့ရတယ်၊ ဘောလုံးပွဲတွေ ဖမ်းလို့ရတယ်၊ ဒီလိုပါပဲ။ သီလ၊ သမာဓိ၊ ပညာရင့်ကျက်တဲ့အခါ ထုတ်လွှင့်တာတွေကို ဖမ်းလို့ရတာပါပဲ။

ဗုဒ္ဓဘာသာ တာသွားတာက အနာဂတ် ထုတ်လွှင့်မှုတွေကိုပါ ကြိုတင်ပြီး ဖြစ်တန်ရာခြေ အဖြစ်နဲ့ တော်တော်လေးကို ဖမ်းလို့ရတာကိုပါ တွေ့ရပါတယ်။ ဖြစ်တန်ရာခြေနဲ့ တကယ့်အမှန်တရားနဲ့ လူရဲ့ အသိပညာ ဉာဏ်အကြောင်းကို ဆွေးနွေးပေးပါ့မယ်။ နည်းနည်းနက်ရှိုင်းလို့ ခဏစောင့်နေတာပါ။

သစ္စာဝါဒီများ အခြေခံ ဗဟုသုတ ကျင့်ရင်းကျင့်ရင်းနဲ့ တဖြည်းဖြည်း ရင်းနှီးလာတဲ့အခါ ဗုဒ္ဓဘာသာရဲ့ အနာဂတ် ကြိုတင်ပြော ဟောကိန်းထုတ်နိုင်တဲ့ အပိုင်းတွေမှာ ဘယ်လို ဟောကိန်း ထုတ်နိုင်တယ်၊ ဘယ်လို အကြောင်းအကျိုးကို မြင်တယ်၊ ဘယ်လို မြင်တယ်

ဒါတွေကို ကျွန်တော် ပြောမှာပါ။ ကျွန်တော် လေ့လာထားသလောက် တတ်သိသလောက် ပြောနိုင်ပါတယ်။

အရိယာဥာဏ် ရပြီးပြီဆိုတော့လည်း ကျန်တာတွေက မခက်ပါဘူး၊ ကူးလို့လွယ်ပါတယ်။ နိဗ္ဗာနဓာတ် မြတ်သောတရား ဆိုတာ အင်မတန်မှ နူးညံ့သိမ်မွေ့အသိခက် နက်ရှိုင်းတဲ့ ဓာတ်ကြီးကို တွေ့တဲ့နောက်ပိုင်းမှာတော့ အရိယာဖြစ်နည်းတို့၊ ရဟန္တာတို့ရဲ့ အခြေအနေတို့၊ ဝိပဿနာ နည်းပညာတွေဆိုတာ ဆွေးနွေးလို့ အင်မတန်ကောင်းတဲ့ အခြေအနေမှာ ရှိပါတယ်။

ဒါကြောင့် သစ္စာဝါဒီများ အားလည်းတက်ပါ။ ဝမ်းလည်းသာတယ်၊ ဂုဏ်လည်းယူတယ်၊ အရေးကြီးတဲ့ အပိုင်းတွေကို တဖြည်းဖြည်းနဲ့ ပြောပြတော့မှာ ဖြစ်ပါတယ်။

မိမိအနေနဲ့ကလည်း ပြောပြဖို့ရာ အချိန်လည်းတန်ပြီ။ ကိုယ်လည်း အသက်အရွယ်အားဖြင့် နည်းနည်းရလာပြီ ဆိုတော့ မပြောလို့လည်း မဖြစ်တော့ဘူးဆိုပြီး ကိုယ်ကလည်း ပြောတတ်ဆိုတတ် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နေတဲ့အခါကျတော့ ပြောတော့မှာ ဖြစ်ပါတယ်။ သစ္စာဝါဒီများ စောင့်မျှော်ပြီး နားဆင်ပါ။

ဇော်ဂျီဖိုလ်ဝင်သား စွမ်းပကားနဲ့ ပတ်သက်လို့ ကလည်း ပြောလို့ရပါတယ်။ ကိုယ်က မပြောချင်သေးလို့ပါ

ဝိပဿနာကို ဦးစားပေးပြီး သစ္စာဝါဒီများကို ကျင့်စေချင်လွန်းလို့ပါ။

ဇော်ဂျီဖိုလ်ဝင်သားတို့ဆိုတာက ကိုယ်က တွေ့တာ ကြာပါပြီ။ သူကတော့ Energy Level အချို့ရှိတယ်။ Energy Level ဆိုတော့ ဆွေးနွေးရ နည်းနည်းခက်တာပေါ့။

အရာရာမှာ လျှို့ဝှက်ပုန်းကွယ် ကိန်းအောင်းနေတဲ့ ဖြစ်တန်ရာခြေ အလားအလာ လှိုင်းဂယက်ဆိုတာ ရှိပါတယ်။ အဲဒီ လှိုင်းဂယက်ကနေ ဖြစ်တန်ရာခြေ Potentiality၊ ဖြစ်တန်ရာခြေကနေပြီး Actuality ဖြစ်လာ၊ Actuality ကနေ Materialization ဖြစ်လာတဲ့အခါ Reality ဖြစ်လာတဲ့ သဘောတွေဟာ စွမ်းရည်ရဲ့ သဘာဝတွေ အများကြီး ပါပါတယ်။ အေးအေးဆေးဆေး စိတ်ဝင်စားဖွယ်ရာ ဆွေးနွေးပေးပါဦးမည်။

အပိုင်း (၄၆)

သုံးဆယ့်တစ်ဘုံအတွင်းမှ သံသရာခရီးသည်

သစ္စာဝါဒီများလည်း သုံးဆယ့်တစ်ဘုံအတွင်းမှ သံသရာခရီးသည်တွေဆိုတော့ နိမ့်တုံမြင့်တုံ စုန်လိုက်ဆန်လိုက်တွေကတော့ ရှိမှာပဲ။ ဘဝဆိုတာ နာရီချိန်သီးဟိုဘက်ဒီဘက် ရိုက်ခတ်သလို ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းတွေကတော့ ရှိနေမှာပဲ၊ ဒါတွေကတော့ ဒီလိုပဲ ဖြတ်သန်းရမှာပဲ။ နောက်ဆုံးတော့ နိဗ္ဗာန်စံရမှလည်း အေးငြိမ်းမှာပဲ။

ဒေါက်တာချစ်ငယ် (ဒဿန)

နိဗ္ဗာန်စံတဲ့အခါကျ တော်တော်တော့ အံ့ဩစရာတွေ တွေ့ရမယ်၊ ဘယ်သူမှလည်း ပုထုဇဉ်ဘဝနဲ့ မတွေ့ဖူးခဲ့ကြဘူး။ ပုထုဇဉ်ဘဝနဲ့ ဘယ်လိုမှ မပတ်သက်တဲ့ နိဗ္ဗာန်ကြီးကို စံမြန်းတယ်၊ ဝင်စားတယ်၊ မျက်မှောက်ပြုတယ်ဆိုတာ အရမ်းအံ့ဩစရာကောင်းတယ်၊ အမြင့်မြတ်ဆုံး နိဗ္ဗာန်ပါပဲ။

ဒါကြောင့်လည်း နိဗ္ဗာန်ကို အမြတ်ဆုံးဓာတ် အနုတ္တရဓာတ်လို့ခေါ်တာပါ။ အမြတ်ဆုံးဓာတ်ကို ဘယ်ကိရိယာနဲ့မှ ရှာလို့မရဘူး၊ အရိယာဉာဏ်ပညာနဲ့မှ ရှာလို့ရတယ်။ မြတ်စွာဘုရားတစ်ပါးပဲ ကိုယ်တိုင်ရှာပြီးတော့ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ မြတ်စွာဘုရား သာသနာ့အရိပ်မှာ အကူအညီခံပြီးတော့ ဆရာသမားရဲ့ လက်တွဲမှုနဲ့ ရောက်ကြရတာ ဒါထုံးစံပါ။

မြတ်စွာဘုရား တစ်ပါးကတော့ ဆရာမကူဘဲ အောင်မြင်တော်မူခဲ့ပါတယ်။ မြတ်စွာဘုရားမှအပ အခြားသော (သာဝက ခေါ်တာပေါ့နော်) သာဝကတွေကတော့ တစ်နည်းမဟုတ်တစ်နည်းနဲ့ ဆရာသမားရဲ့ အကူအညီခံပြီးတော့ သာသနာ့ အကူအညီခံပြီးတော့ အရိယာဖြစ်ရတာပါ။ အရိယာ ဖြစ်ကြောင်းတွေကိုလည်း ပြောပြတတ်ပါတယ်။ တကယ်တော့ အရိယာဖြစ်တယ်ဆိုတော့ လည်း နားလည်သွားတာပါပဲ။

JJJ

မတွေ့ဖူးသေးတဲ့ နိဗ္ဗာန်ကို တွေ့ဖူးသွားတဲ့အခါ ကျတော့ နိဗ္ဗာန်ဟာ ကောင်းတော့ (၃၁) ဘုံရဲ့ ဖြစ်ရပ်တွေအပေါ်မှာ မမှီခို မလဲလျောင်းတော့ (၃၁) ဘုံမှာ ဝမ်းနည်း ဝမ်းသာတွေကိုလည်း သိပ်ပြီး အကြောင်းမပြုတော့ဘူးပေါ့။

ဒီအခါမှာ သာသနာ့အကျိုး၊ သတ္တဝါအကျိုးနဲ့ မိမိအကျိုးကိုပဲ ကောင်းစွာ စွမ်းဆောင်ရင်းနဲ့ နိဗ္ဗာန်စံရတဲ့ သဘောပါပဲ။

နိဗ္ဗာန်ကြီးက ကောင်းလွန်းတဲ့အခါကျတော့ ကျန်တာတွေကို ဥပေက္ခာပြုနိုင်တဲ့ သဘောရှိပါတယ်။ နိဗ္ဗာန်အကြောင်းတွေကိုလည်း သစ္စာဝါဒီတွေကို ထပ်ကာထပ်ကာ ပြောပေးမယ်၊ ဒါမှ သစ္စာဝါဒီများ အနုမာနမျက်မှန်းဆပြီးတော့ ဝင်စားနိုင်အောင်ပေါ့နော်။

နိဗ္ဗာန်ဆိုတာကတော့ တကယ်ရှိတဲ့ဓာတ်ဆိုတာယုံပြီးသားပါပဲ။ ကိုယ်က မတွေ့သေးလို့သာပါ။မြတ်စွာဘုရား ခိုင်းတဲ့အတိုင်း ကျင့်ရင် တွေ့ပါတယ်။

မိမိရဲ့ ဆရာမြတ်ကြီးကလည်း **'အနိစ္စတစ်လုံးသာရှုရင် အနိစ္စကနေ မင်းတို့ကို နိဗ္ဗာန် ခေါ်သွားလိမ့်မယ်'** တဲ့။ အနိစ္စဆုံးသွားရင် နိဗ္ဗာန်ရောက်တာပါပဲ၊ အမှန်အကန်ပါပဲ။ ကိုယ်တိုင်ကျင့်တော့လည်း အနိစ္စဆုံးတဲ့အခါ နိဗ္ဗာန်ထဲ ဝင်ပြီးသား ဖြစ်သွားတာပါပဲ။

နိဗ္ဗာန်စံဝင်တဲ့အခါ ချမ်းသာတဲ့အကြောင်းကို သိသေးတယ်။ (ဒါလေးကို သတင်းပေးဖူးပါတယ်) တချို့က နိဗ္ဗာန်ထဲဝင်တဲ့အခါ မေ့ဆေးပေးသလိုပဲ ထင်နေတာ မဟုတ်ပါဘူး။ နိဗ္ဗာန်မှာ ကောင်းတဲ့ဂုဏ်ရည်တွေကို အရိယာဉာဏ်က ရှိသေးတော့ ကိုယ်က သိသေးတာပေါ့။ အရိယာဉာဏ်က ရှင်သန်တယ်လေ။ လူ့ရုပ်နာမ်နဲ့ပတ်သက်လို့ စိတ်ကတော့ အကုသိုလ်တွေနဲ့တွဲနေတော့ ညစ်ထေးတာပေါ့။ အရိယာဉာဏ်ကတော့ ကြည်လင် သန့်ရှင်း တောက်ပ ဝင်းလက်ပြီးတဲ့နောက် အမှန်ကို အမှန်အတိုင်းမြင်ပြီး ဝမ္မမိဌာန်ကျကျ နှလုံးသွင်းနိုင်တာပဲ။

ပြီးတော့ မိမိဉာဏ်ပညာ အဝန်းအဝိုင်း ပါရမီကြီးရင်ကြီးသလောက် ကြီးကြီးမြင်ပါတယ်။ ဒါတော့ ပါရမီအပေါ် မူတည်ပါတယ်။

နိဗ္ဗာန်ဝင်ခန်းနဲ့ နိဗ္ဗာန်စံခန်းတွေကို တဖြည်းဖြည်းနဲ့ ဗဟုသုတရအောင် ပြောပြလိုပါတယ်၊ ပြောလည်းပြောပြပေးချင်ပါတယ်။ သစ္စာဝါဒီမျှား ကြိုးစားဖို့ပဲ အရေးကြီးပါတယ်။ ကြိုးစားပါ၊ အဖျက်တရားတွေကိုတော့ အကြောင်းမပြုဖို့ရာအတွက် အထူးသတိပေး ဆင်ခြင်စေချင်ပါတယ်။

အပိုင်း (၄၇)

အချို့သော သစ္စာဝါဒီများသည် အရိယာ မည်သို့ မည်ပုံ ဖြစ်သွားသည်ကို သိလိုကြသည်။ ယင်းကိစ္စမှာ မိမိအဖို့တော့ အထူးအဆန်း မဟုတ်ပါ။ မိမိက ဖြစ်ခဲ့ဖူးသောကြောင့် ဖြစ်သည်။ တရားရှုရင်း ရှုရင်း အရိယာဖြစ်သွားခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်တော့ အနိစ္စကို ရှုရင်း ရှုရင်း အနိစ္စများသည် နှုးညံ့သိမ်မွေ့လာပြီး နောက်ဆုံး ဓမ္မသဘာဝမှ ချုပ်ပျောက်သွားသည်။ ဓမ္မသဘာဝကို ရှုနိုင်သော ဉာဏ်သည် တော်တော်လေး အဆင့်မြင့်လာသည်ဟု သတ်မှတ်နိုင်သည်။ ဓမ္မသဘာဝသည် နှုးညံ့သိမ်မွေ့သည်။

ဤခေတ် ဤအခါ၌ စိတ္တနုပဿနာရှုခြင်းသည် အကောင်းဆုံးဟု မိမိမြင်သည်။ **စိတ္တနုပဿနာရှုလျှင် ဓမ္မာနုပဿနာတက်၍ ဓမ္မာနုပဿနာအဆုံးမှာနိဗ္ဗာန်ဖြစ်သည်။**

'ဖြစ်ပျက်ကို မြင်ခြင်း' ဟူသည်မှာ ဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်ရာမှ ဖြစ်ပြီး ပျက်တာပါပဲဟု သဘောပေါက်ကာ တဖြည်းဖြည်း စွန့်ပယ်ရင်း၊ မမှီခိုရင်း၊ အသိအမှတ် မပြုရင်း၊ ဖယ်ရှားရင်းနှင့် အရှုခံတရားများသည် လျှော့နည်းလာတတ်သည်၊ ပါးလျလာတတ်သည်၊တဖြည်းဖြည်း ဖြူစင်သန့်ရှင်း ကုန်ဆုံးချုပ်ငြိမ်းကာ ကုန်ဆုံးချုပ်ငြိမ်းအောင် ရှုနိုင်သော ဉာဏ်သည် နိဗ္ဗာန်ဘက်သို့ ထိုးဖောက်သွားခြင်း ဖြစ်သည်။

အရိယာဖြစ်သောအခါ နိဗ္ဗာန်ကို သိမြင်ဖူးသည်ဖြစ်၍ ဝမ်းသာသည်၊ ဝမ်းမြောက်သည်၊ တရားကို ဆက်ကြိုးစားချင်သည်၊ တရားတော်နှင့် ပတ်သက်လာလျှင် စွန့်လွှတ်နိုင်သည်၊ ထောင်မြင်ရာစွန့်ဆိုသော စကားကဲ့သို့ လောကုတ္တရာချမ်းသာ ရရှိသောအခါ အချို့သော လောကနှင့် ပတ်သက်သည်များကို စွန့်လွှတ်နိုင်သည့် သတ္တိထူးများ ဝင်လာသည်။

မြတ်စွာဘုရား၏ အဆို အဆုံးအမကို တည်ရန် ကြိုးစားနိုင်သဖြင့် မိမိကိုယ်ကိုယ်လည်း အားရသည်။

မိမိကိုယ်ကိုယ်လည်း သာဓုခေါ်သည်။ အားလုံးသော သူတော်ကောင်းများကိုလည်း ဦးညွှတ်၍ သာဓု ခေါ်သည်။ မြတ်စွာဘုရားကို အထူးကြည်ညို၊ မြတ်နိုးကာ တရားတော်ကိုလည်း လေးစားတန်ဖိုးထား ဖြစ်လာသည်။ ယင်းတို့မှာ အရိယာဖြစ်သောအခါ ဖြစ်လေ့ဖြစ်ထရှိသော သဘာဝများပေတည်း။

မည်သည့် လောကီက မြို့ဆွယ်သည်ဖြစ်စေ လောကုတ္တရာ ချမ်းသာလောက် မချမ်းသာဘူးဟု နောင်သော် သိလာသည်။ ထိုအသိမှာ ဉာဏ်ပညာဖြင့် သိခြင်းဖြစ်၍ ရုပ်နာမ်ကို ပိုင်းခြား ပယ်စွန့်ကာ ချမ်းသာမှု ပကတိကို ဉာဏ်ဖြင့် ထိုးဖောက်သိမြင် ဝင်စားနိုင်ခြင်းဖြစ်သဖြင့် ချမ်းသာခြင်းတို့တွင် အအောင်မြင်ဆုံးသော ချမ်းသာမှုဟု နားလည်နိုင်သည်။

'သဗ္ဗ ရတိ ဓမ္မရတိ ဇိနာတိ' ဟူသော စကားလည်း ရှိသည်။ မွေ့လျော်ဖွယ်ရာမှာ တရားနှင့် မွေ့လျော်ခြင်းက အကောင်းဆုံး၊ အမြတ်ဆုံး၊ အသာလွန်ဆုံးဟူသော အဆို အဆုံးအမရှိရာ ထိုစကားကို နိဗ္ဗာန်မျက်မှောက်ပြုဖူးသူသည် လက်တွေ့ ခံစားသွားရခြင်းဖြစ်သည်။

နိဗ္ဗာန်၌ ချမ်းသာခြင်းမျိုးစုံရှိသည်၊ လွတ်မြောက်သည်မှာ ပြောဖွယ်ရာ မရှိပေ။ ရုပ်နာမ်မရှိဘဲ ဉာဏ်ပညာ

ဒေါက်တာချစ်ယေ (ဒဿန)

အသိဖြင့်သာ တည်ရှိနိုင်သည်ဖြစ်ရာ ထူးကဲလှစွာသော သာသနာ့အရိပ်ကို ခိုဝင်ခြင်း၏ အကျိုးကျေးဇူးပင် ဖြစ်ကြောင်း သတင်းပေးလိုပါသည်။

အပိုင်း (၄၈)

အသိဝဋ္ဌာရပ်များ၏ အဆင့်ဆင့်တိုးတတ်ကောင်

သစ္စာဝါဒီများ သိပါသည်။ သိပ္ပံပညာသည် အဆင့်ဆင့် တိုးတက်လာရသည်။ သိပ္ပံညာရှင် တိုလ်မီ လက်ထက်က ကမ္ဘာဗဟိုပြုဝါဒ ပေါ်ခဲ့သည်။ ထို့နောက် ဂယ်လီလီယို၊ ကော့ပါးနီးကတ်(စ်) တို့ လက်ထက်၌ နေဗဟိုပြုဝါဒ ပေါ်လာသည်။

အဆင့်ဆင့် တိုးတက် ပြောင်းလဲလာရာ ယခုအခါ မည်သည့်အရာမျှ ဗဟိုမဟုတ်တော့ချေ။ အရာရာသည် အရာရာ၏ ဗဟိုဖြစ်နေကြောင်း စကြဝဠာဗေဒဆိုင်ရာ

ပညာရပ်များက ထုတ်ဖော်နိုင်ခဲ့သည်။ သိပ္ပံပညာရပ်သည် အဆင့်ဆင့် တိုးတက်လာခဲ့ရသည်သာ ဖြစ်သည်။ မော်လီကျူးမှ အက်တမ်ကို သိလာသည်။ အက်တမ်မှ နျူကလီးယား(စ်) နှင့် အီလက်ထရွန်တို့ကို သိလာသည်။ အီလက်ထရွန်မှတစ်ဆင့် ကွာ့(ဒ်)များကို သိလာသည်။

The most fundamental substantial elements ခေါ်သော အခြေခံအမှုန်များကို ဆက်၍ ဆက်၍ ရှာဖွေရာ ဆက်၍ဆက်၍ နူးညံ့သည်၊ အသေးစိတ်သည်တို့ကို တွေ့လာရသည်။

ထိုနည်းအတိုင်းပင် မြတ်စွာဘုရား၏ တရားတော်၌ ကျင့်ရင်းကျင့်ရင်း နူးညံ့သိမ်မွေ့လာသည်။ စိတ်ဆိုသည်မှာ အညစ်အကြေးမရှိလျှင် ကြည်လင်တောက်ပသည်ဖြစ်ရာ လောကဓာတ်၏ အခြေအနေများသည် အရိပ်သဏ္ဌာန်ပေါ်လာသည်။

ဉာဏ်သည် ထို့ထက်ပို၍ ကောင်းသည်။ ဉာဏ်သည် စိတ်ထက် ပို၍ကောင်းသည်ဖြစ်ရာ ဉာဏ်ရှိသော ပုဂ္ဂိုလ်အဖို့မှာမူ စိတ်မမြင်ရနိုင်သည်များကိုပင် ဉာဏ်က မြင်ရနိုင်သည်။ ဤကား ဗုဒ္ဓဘာသာ၏ အဆင့်မြင့်သော အခြေအနေများပင်တည်း။

ဉာဏ်အမြင် ကြည်လင်လာပြီဆိုလျှင် လောကဓာတ်ကြီး တစ်ခုလုံးအား ဉာဏ်မီသလောက် ထွင်းဖောက်

၍ အတိုင်းအတာ အကန့်အသတ်နှင့် သိမြင်နိုင်သည်။ ဤကား ဗုဒ္ဓဘာသာ၏ လက်တွေ့ကျင့်စဉ် လုပ်ငန်းခွင်မှ ရရှိနိုင်သော အမြတ်အစွန်းပင် ဖြစ်လေသည်။

လောကကြီးသည် ထာဝရ ထုတ်လွှင့်လျက်ရှိရာ ဖမ်းနိုင်လျှင် ရသည်သာဖြစ်သည်။ ထို့အတူ စိတ္တသန္တာန်ရှိ တို့သည်လည်း ဖြစ်ပေါ်ခြင်းနှင့်အတူ ထုတ်လွှင့်လျက်ရှိရာ စိတ်၏ လှိုင်းအင်္ဂေါ့များကို ဖမ်းနိုင်လျှင်ရသည်။

သို့သော် လွန်စွာ နူးညံ့သိမ်မွေ့သဖြင့် စိတ်၏ လှိုင်းကိုမူ ကိရိယာနှင့်ဖမ်းရန် လွန်စွာခက်ခဲပေလိမ့်မည်။ စိတ်ထက်နူးညံ့သော ဉာဏ်ဖြင့် ဖမ်းမှသာလျှင် ထိုစိတ်၏ လှိုင်းဂယက်များအား ဖမ်းနိုင်သည်။ ထို့ကြောင့် ဉာဏ်သည် အရာရာကို ဖမ်းနိုင်သည်ဖြစ်ရာ ဉာဏ်သည် ဤလောကဌ် အဖိုးအတန်ဆုံး၊ အစွမ်းအထက်ဆုံး၊ အအောင်မြင်ဆုံး၊ အဆင့်အမြင့်ဆုံးသော စွမ်းရည် သတ္တိထူးနှင့် ယှဉ်သည့် ဓာတ်သဘာဝ ဖြစ်သည်။

သိပ္ပံသည် ကိရိယာနှင့်ရှာရာ ဉာဏ်ပညာကို မရနိုင်ချေ။ ဗုဒ္ဓဘာသာသည် သီလ၊ သမာဓိ၊ ပညာနှင့် ရှာသော် ဉာဏ်ပညာကို ရနိုင်လေသည်။ ဉာဏ်ပညာသည် အရာရာကို ထွင်းဖောက်နိုင်ပေလိမ့်မည်။ အတိုင်းအတာ အကန့်အသတ်နှင့် အကျယ်အဝန်း၊ အနက်အရှိုင်းမှာသာ ကွာနိုင်သည်။

ဒေါက်တာချစ်ငယ် (ဒဿန)

ဉာဏ်ပညာ၏ စွမ်းရည် တန်ခိုးကား လွန်စွာမှ ကြီးမားလှပေသည်။ ဤဉာဏ်ပညာကို ဗုဒ္ဓဘာသာ ဝိပဿနာ ကျင့်ခြင်းဖြင့် ရရှိနိုင်ကြောင်း ကောင်းစွာ သတင်းပေးအပ်ပါသည်။

JRJ

အပိုင်း (၄၉)

သစ္စာဝါဒီများကို တန်ဖိုးထားပါသည်။

သစ္စာဝါဒီများ တရားလိုက်စားတော့ တန်ဖိုးထားပါတယ်။

ဘာကြောင့်လဲဆိုတော့ စီးပွားရေး လိုက်တယ်၊ ကြီးပွားရေး လိုက်တယ်၊ လောကီအတတ်ပညာ လိုက်တယ်ဆိုတာ မြင်သာ ထင်သာတယ်။ လောကုတ္တရာ လိုက်တယ်ဆိုတော့ တချို့က တန်ဖိုးမထားတတ်ကြဘူး။ တန်ဖိုးမထားတတ်ကြတဲ့ လောကုတ္တရာပိုင်းကို ကိုယ်က လိုက်စားနေတော့ မိမိအနေနဲ့ သာဓုမခေါ်ဘဲ နေလို့ကို မရပါဘူး။ သာဓု ခေါ်ပါတယ်။

အမှန်ကတော့ လောကုတ္တရာ လိုက်စားတာက အဆင့်မြင့်တာပါ။ လောကုတ္တရာ လိုက်စားတော့ အတွင်းကနေ တိုးတက်လာတယ်။ ဒါပေမယ့် လူတွေက အတွင်းတိုးတက်တာကို မမြင်လွယ်ကြဘူး။ အပြင်တိုးတက်တာကိုပဲ မြင်လွယ်ကြတယ်။

လူမှာ အတွင်းတိုးတက်မှု အပြင်တိုးတက်မှု ဆိုတာ နှစ်မျိုးရှိပါတယ်။

အတွင်းတိုးတက်မှု ဆိုတာ ဥပမာ - စိတ်ဆိုတာ အညစ်အကြေးတွေများတော့ အညစ်အကြေးတွေ ဆေးတယ်ဆိုရင် အညစ်အကြေးတွေ စင်ကြယ်ရင်လည်း အတွင်းက တိုးတက်တာပါပဲ။

တချို့ကလည်း အညစ်အကြေးကို သိပ်မစင်ကြယ်ဖူးတော့ အညစ်အကြေး စင်ကြယ်ခြင်းရဲ့ဂုဏ်ကို မသိကြဘူးပေါ့။ ဒီတော့ တရားကိုလည်း တန်ဖိုးမထားကြဘူး၊ မလိုက်စားကြဘူးပေါ့။

လူတွေက လောဘကို သိပ်မှန်းကြတယ်။ မိမိအနေနဲ့ လောဘနဲ့ လောကုတ္တရာကို မျှပြီးတော့ ပြောပေးပါတယ်။ လောဘကိုလည်း တန်ဖိုးထားပါတယ်။ လောဘတိုးတက်မှုတွေကိုလည်း အသိအမှတ်လည်း ပြုတယ်၊ တတ်နိုင်သမျှ လိုက်လည်း လိုက်စားတယ်။ သာဓုလည်း ခေါ်ပါတယ်။

ဒါပေမယ့် လောကုတ္တရာကလည်း တန်ဖိုးရှိတာပဲ။ ဒါလေးကို သိစေချင်တယ်၊ တော်တော် များများကတော့ မသိပါဘူး။ လောကုတ္တရာတန်ဖိုးကို မသိဘူး။ လောကုတ္တရာ ရှိတယ်လို့ကို မသိဘူး။ အဲဒါကတော့ တော်တော်ကို ဝမ်းနည်းစရာကောင်းတာပါပဲ။

ဗုဒ္ဓဘာသာတွေလောက်ပဲ နိဗ္ဗာန် ဆိုတာ ရှိတယ်လို့ သိကြတာ၊ လက်ခံကြတာ၊ အသိအမှတ်ပြုကြတာ၊ အနည်းဆုံး ကိုယ်မရောက်ဖူးပေမယ့် အနုမာန မျက်မှန်းဆကြပါတယ်။

သိပ္ပံလောကမှာတော့ နိဗ္ဗာန်ဆိုတာ လက်မခံဘူး၊ သူတို့က သူတို့တွေ့တဲ့ အခြေခံအမှုန်လေးတွေကိုပဲ သူတို့က ဆက်လက်လေ့လာရင်းနဲ့ ဒီအပေါ်မှာ အမှီပြုပြီးတော့ တိုးတက်မှု အောင်မြင်မှုတွေကို လူ့အသုံးအဆောင်နဲ့ စစ်လက်နက်ပစ္စည်းတွေ တီထွင်ကြတာ။ ဒီတော့ သူတို့က သူတို့တွေ့တာနဲ့ သူတို့ဆက်လုပ်နေကြတာပဲ။ တွေ့လည်း တွေ့ကြတယ်၊ ဆက်လည်း လုပ်ကြတယ်။ လူတွေကလည်း လေးစားပါတယ်။

ဒါပေမယ့် ဗုဒ္ဓဘာသာက တကယ်လည်း တန်ဖိုးရှိရက်သားနဲ့ ပစ်ပယ်ခံရသလို ဖြစ်နေတာ များစွာ ဝမ်းနည်းဖွယ်ရာ ကောင်းတယ်။ ဒီလို အခြေအနေတွေကြားက အခုလို ကျင့်သုံးဆောက်တည် ဆင်ခြင်ပြီး

လေ့လာလိုက်စားနေတဲ့ သစ္စာဝါဒီတွေကို သာဓုခေါ်တယ်ဆိုတာ ဒီအဓိပ္ပာယ်ပါ။ တကယ်လည်း လှိုက်လှိုက်လှဲလှဲ သာဓုခေါ်ပါတယ်။

မြတ်စွာဘုရားရဲ့ မဟာကရုဏာတော်ကို ကိုယ်တတန်ဖုံးထား ဥးထပ်ပန်ဆင်တဲ့သဘောမျိုးနဲ့ တရားကျင့်တာဟာ အင်မတန်မှကို အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ ကျင့်ထိုက်တဲ့၊ ကျင့်သုံးဆောက်တည်ကောင်းတဲ့၊ ကျင့်လည်းကျင့်သုံး ဆောက်တည်ဖြစ်သွားတယ်လို့ သဘောထားတဲ့အတွက် သာဓုခေါ်ကြောင်းပြောပြလိုပါတယ်။

အပိုင်း (၅၀)

ပုထုဇဉ်နှင့် အရိယာတွဲပြားခြားနားပုံ

မိမိကိုယ်တိုင်က နိဗ္ဗာန်မြင်ဖူးထားတယ် ပြောတော့ နိဗ္ဗာန်မြင်ဖူးနိုင်တဲ့ ပုဂ္ဂိုလ်နဲ့ မမြင်ဖူးသေးတဲ့ ပုဂ္ဂိုလ်ရဲ့ ကွဲပြားခြားနားချက်ကို မိမိကိုယ်တိုင်ပဲ ပြောပြပေးပါမယ်။

ပုထုဇဉ်မှာ ရူပနာမရှိတယ်။ ရူပဆိုတာက အသိမရှိတဲ့ အခြေခံဓာတ်ကြီး၊ နာမ်ဆိုတာ အသိရှိတယ်။ ပုထုဇဉ်မှာ ရူပ်နာမ်ရှိတယ် ဒါပဲ။

အရိယာကျတော့ ရုပ်နာမ်တင်မကဘူး အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပါရှိတယ်၊ အဲဒါကွာသွားတယ်။ ဒီတော့ နိဗ္ဗာန်ကို မျက်မှောက်ပြုတဲ့အခါ ဒီရုပ်နာမ်ကို ထားခဲ့ပြီး အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ဖိုလ်ဉာဏ်နဲ့ ဖလသမာပတ် နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။

အဲဒီ အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်က ကိုယ့်ရုပ်နာမ်ကို အနတ္တလို့ မြင်တယ်။ အခု တော်တော်များများကာ အရိယာမဖြစ်သေးဘဲနဲ့ ကိုယ့်ရုပ်နာမ်ကို အနတ္တလို့ မြင်အောင် ကြိုးစားနေတာ၊ ကြိုးစားတာတော့ ကောင်းပါတယ်။ ဒါပေမယ့် မမြင်နိုင်ဘူး။ အရိယာဖြစ်မှ ကိုယ့်ခန္ဓာကိုယ်ကို ကိုယ့်ဟာ မဟုတ်ဘူးလို့ ရာနှုန်းပြည့်မြင်တာ။

ပုထုဇဉ်အဖြစ်နဲ့ကတော့ ကိုယ့်ရုပ်နာမ်ကို ကိုယ့်ဟာ မဟုတ်ပါဘူးလို့ လုပ်ကြံပြီးတော့သာ ရှုနေရတာတကယ်တော့ မမြင်သေးဘူး၊ အရိယာဖြစ်သွားရင်တော့ မြင်ပြီ။ ဒီခန္ဓာကိုယ်ကြီးဟာ သူစိမ်းပြင်ပြင်ပဲ၊ သူဟာ သဘာဝရဲ့ အစိတ်အပိုင်းတစ်ခုလို့ မြင်ပြီး အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်က နိဗ္ဗာန်စံတာ။

ဒီအခါမှာ နိဗ္ဗာန်ရဲ့ ဂုဏ်ရည်တွေကို အဲဒီဉာဏ်က သိတာ။ သိတဲ့အခါ နိဗ္ဗာန်ဂုဏ်ရည်တွေက အများကြီးပဲ။ ချမ်းသာခြင်းမျိုးစုံ စုပုံနေတာကို အဲဒီဉာဏ်က သိတာ။

တစ်ခါ ဒီဉာဏ်က ကိုယ့်ခန္ဓာကို ပြန်ရှင်သန်တဲ့အခါ ခန္ဓာကနေ ပြောပြလို့တော့ရတယ်။ ဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟာ စိတ်မဟုတ်တာ တစ်ခုပဲ၊ စိတ်နဲ့ နည်းနည်းတူတယ်၊ သူက အသိပါ ပါသွားတယ်။ အသိက ဉာဏ်ထဲမှာကပ်ပြီး ဖိုလ်ဉာဏ်က နိဗ္ဗာန်စံတဲ့ သဘောပဲ။ ရုပ်နာမ်ကို ငုတ်တုတ်ထားခဲ့တာ၊ အပြင်မှာ သက်စောင့်လောက်ပဲ ကျန်တဲ့သဘောပဲ။

ဟိုမှာတော့ နိဗ္ဗာန်စံသွားတော့ နိဗ္ဗာန်ရဲ့ သဘောသဘာဝတွေကို အကုန်သိတယ်။ နိဗ္ဗာန်မှာ ဂုဏ်ရည်တွေ အများကြီးရှိတယ်။

ကျွန်တော်လည်း လေ့လာဖူးတယ်၊ နိဗ္ဗာန်ကတော့ ချမ်းသာခြင်းမျိုးစုံ စုပုံနေတယ်လို့ပဲ ပြောရမှာပေါ့။ ဒီ(၃၁)ဘုံမှာတော့ အကုန်လုံးက ဆင်းရဲနှိုင်စရာတွေချည်းပါပဲ။

ဒီတော **အရိယာနဲ့ ပုထုဇဉ်ကွာတာက အရိယာမှာ အရိယာတို့ရဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရှိတယ်**၊ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်က အရမ်းအားကောင်းတယ်။

ကိုယ်က သေသွားတဲ့အခါ ရုပ်နာမ်ကြီးက သေသွားတာ။ အဲဒီ မဂ်ဉာဏ် ဖိုလ်ဉာဏ်က သွားတာ။

ကိုယ်က ရဟန်းကိစ္စပြီးရင်တော့ နိဗ္ဗာန်အထိ တိုက်ရိုက်သွားတာပေါ့။ ရဟန်းကိစ္စ မပြီးရင်လည်း

ကောင်းရာမွန်ရာကို သွားတဲ့သဘောပါပဲ။ နောက်ဘဝတွေကျတော့ အပြီးအပိုင်စံသွားတဲ့ သဘောပါပဲ။

အရိယာမှာလည်း အဆင့်လေးဆင့် ရှိသေးတာကိုး။ ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်၊ စတုတ္ထအဆင့်။ စတုတ္ထအဆင့် အောင်သွားပြီ ဆိုရင်တော့ဖြင့် (၃၁) ဘုံကို ပြန်မလှည့်တော့ဘဲ နိဗ္ဗာန်ကို အပြီးအပိုင် စံတာ။ ဒါကို ရုပ်နာမ်မရှိတော့တဲ့ နိဗ္ဗာန် အနုပါဒိသေသ နိဗ္ဗာန်လို့ ခေါ်ပါတယ်။ အဲဒီ နိဗ္ဗာန်ကတော့ နက်ရှိုင်းတာပေါ့ (ပြောပြတတ်ပါတယ် ဒါပေမယ့် နက်ရှိုင်းတော့ ဖြည်းဖြည်းချင်း ပြောပြပေးပါ့မယ်)။

နိဗ္ဗာန်က အမျိုးမျိုး ရှိတယ်ဆိုတာက အသက်ရှင်လျက်နဲ့ ဝင်စားတဲ့ နိဗ္ဗာန်လည်း ရှိသေးတယ်။ အသက်မရှိတော့တဲ့ သဘောမှာ ပုံ့လွန်တော်မူပြီးပြီ၊ ခန္ဓာဝန်စွန့်ပြီးပြီ၊ အနိစ္စရောက်ပြီဆိုပြီးမှ ဝင်တဲ့နိဗ္ဗာန်က အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ပါတယ်။

ဒီတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရသွားရင် နိဗ္ဗာန်စံ၊ နိဗ္ဗာန်စံရင် ရုပ်နာမ်နဲ့ ပတ်သက်လို့ ဘာမှ မရှိတော့ဘူး။ ဉာဏ်ပညာ ချမ်းသာပြီး နောက်ဆုံးတော့ အနုပါဒိသေသ နိဗ္ဗာန်မှာ စံဝင်ချုပ်ငြိမ်းသွားတဲ့ သဘောပါပဲ။ ဒီတော့ အရိယာတွေမှာ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေ ရှိကြောင်းလေးကို တင်ပြပါတယ်။

အဲဒီ အရိယာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဟာ အလွန်ကို အားကိုးရပါတယ်။ သေခါနီးမှာ သူက အသိနဲ့ဆောင်ပြီး သူ့ကံကြမ္မာအတိုင်း ထွက်သွားမှာပဲ။ ကိစ္စပြီးရင် နိဗ္ဗာန် တိုက်ရိုက်သွားမှာပဲ။ ရုပ်နာမ်ကြီးကို ထားပစ်ခဲ့မှာ။

ဒီတော့ အရိယာဆိုတာ ကိုယ့်ရုပ်နာမ်ကို ကိုယ် ပိုင်းခြားနိုင်ပါတယ်။ ဒီတော့ **အနတ္တမြင်တယ်၊ အနတ္တ ပေါက်တယ် ဆိုတာ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့မှ ပေါက်ကြောင်းကို တင်ပြလိုပါတယ်။**

အပိုင်း (၅၁)

သစ္စာဝါဒီများနှင့် ဘဝအာမခံချက်

သစ္စာဝါဒီများမှာ တရားလုပ်ထားတဲ့အတွက် ဘဝအာမခံချက် အထိုက်အလျောက်တော့ ရတယ်။ ရိုးရိုးလူတွေမှာ တကယ်တော့ ဘဝအာမခံချက် ရာနှုန်းပြည့် မရဘူး။ လောကမှာ အမျိုးမျိုးကြောင့် ဘဝအာမခံချက် မရဘူး၊ စီးပွားရေး ကြီးပွားရေးကြောင့်၊ လူမှုရေးကြောင့်၊ ရောဂါအန္တရာယ်ကြောင့်၊ လက်နက် ခဲယမ်းမီးကျောက် အမျိုးမျိုးတွေကြောင့် စသည်ဖြင့်ပေါ့။ ဘဝမှာ အာမခံချက် မရကြဘူး၊ ဒီလိုနဲ့ပဲ ဖြစ်သလိုလေး နေနေကြတာ။

သစ္စာရှာမှီးတဲ့ ပုဂ္ဂိုလ်တွေကျတော့ သစ္စာကိုလိုက်သလောက် ဘဝအာမခံချက်ရှိတယ်။ အရိယာများ ဖြစ်တဲ့နောက် ပြီးသွားတာပဲ။ ကိုယ်က အရိယာဉာဏ်ထဲမှာ နေပြီးတဲ့နောက် နိဗ္ဗာန်ဝင်စားနေလို့ရှိရင် ဘာမှ မလိုတော့ဘူး။ အကုန်လုံး ပြီးပြည့်စုံသွားမယ်။ ဒါကြောင့်လည်း အရိယာဖြစ်ဖို့ တိုက်တွန်းနေရတာ၊ နှိုးဆော်နေရတာ ဖြစ်ပါတယ်။

ဝိပဿနာဆိုတာ အမျိုးကောင်းသား အမျိုးကောင်းသမီးတိုင်း ကျင့်သုံးဆောက်တည်အပ်တဲ့ တရားဖြစ်ပါတယ်။ သံသရာက ထွက်မြောက်တဲ့ တရားဖြစ်တယ်။ မြတ်စွာဘုရား ချီးမြှင့်တဲ့တရား ဖြစ်ပါတယ်။

ဒီတော့ 'အရာရာ အပျက်ရှုခြင်းဟာ အမှန် အကန် ကျင့်စဉ်' ပဲ ဖြစ်ပါတယ်။

ဘဝအာမခံချက်အတွက် တရားရှုနိုင်လေလေ အင်အားကောင်းလေလေ ဆိုတာ မြေကြီးလက်ခတ်မလွဲ ယုံကြည်အပ်ပါတယ်။

ဒါကြောင့် သစ္စာရှာမှီးတဲ့ပုဂ္ဂိုလ်တိုင်း. . .

ဘဝအာမခံချက်ရှိဖို့ အရိယာဖြစ်ရမယ်။

ဘဝအာမခံချက်ရှိဖို့ နိဗ္ဗာန်တွေ့ဖူးရမယ်။

ဘဝအာမခံချက်ရှိဖို့ ကိုယ်က နိဗ္ဗာန်ထဲမှာ ဝင်စားနိုင်ရမယ်။

ဒါတွေကတော့ သာသနာတော်တွင်းကြီးဆိုတော့ ကြိုးစားရင် ရတာပါပဲ။ ဒီနည်းကို မိမိကိုယ်တိုင်ကတော့ မိမိရဲ့ ဆရာဆီက ရပါတယ်။ ဆရာမြတ်ကြီးက မြတ်စွာဘုရား အလိုတော်ကျ မိမိကို (၁၀)နှစ် သွန်သင်ပါတယ်။ မိမိ တတ်မြောက် အောင်မြင်သွားပြီးတဲ့နောက် ဆရာမြတ်ကြီးက မိမိကို လွှဲသွားတော်မူပါတယ်။

မိမိလည်း သာသနာ့အကျိုး တတ်နိုင်သမျှ သယ်ပိုးရင်း၊ မိမိကိုယ်တိုင်လည်း တရားအားထုတ်ရင်းနဲ့ ဉာဏ်ပညာများ ရင့်ကျက် တိုးတက်လာတာ ဖြစ်ပါတယ်။

ဘဝအာမခံချက်ဆိုတာ သစ္စာသိမှ၊ အရိယာဖြစ်မှ၊ နိဗ္ဗာန်စံမြန်းမှ၊ နိဗ္ဗာန်ထဲနေမှ၊ အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သီတင်းသုံးနိုင်မှသာလျှင် ပြီးပြည့်စုံစွာ ချမ်းသာနိုင်မယ် ဖြစ်ကြောင်း သတင်းကောင်း ပေးလိုပါတယ်။

ရိုးရိုးပုဂ္ဂိုလ်တွေဟာ ဘဝအာမခံချက် ရှိသလိုလိုနဲ့ ဖြစ်တန်ရာခြေလောက်ပဲ ရှိကြပါတယ်။ ခြွင်းချက်ကြီးနဲ့ နေရတာ ဖြစ်ပါတယ်။

လက်နက် ခဲယမ်းမီးကျောက် အမျိုးမျိုး၊ ရောဂါအမျိုးမျိုး၊ လောကဓံအမျိုးမျိုး၊ ပေါင်းသင်းဆက်ဆံရေး လူမှုရေးလှိုင်းဂယက်တွေ အမျိုးမျိုးတွေကတော့ တွေကြုံဆုံစည်းနေရတာ ဖြစ်ပါတယ်။ ဒီအရာတွေကို ကျော်လွှားနိုင်ဖို့ဆိုတာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှ ခိုင်မာပါတယ်၊

ဒေါက်တာချစ်ငယ် (ဒဿန)

ပြတ်သားပါတယ်၊ ရဲရင့်ပါတယ်၊ တည်ငြိမ်ပါတယ်။ နောက် ဆုံး လွတ်မြောက်ပြီး ချမ်းသာသွားတာ ဖြစ်ပါတယ်။

ဒါကြောင့် **အရိယာဖြစ်အောင်သာ ဝိပဿနာ** ရှုကြစို့လို့ အနိစ္စတစ်လုံးကို လက်ကိုင်သုံးပြီး ဆင်ခြင်ကြစို့လို့ တိုက်တွန်းရခြင်း ဖြစ်ပါတယ်။

အပိုင်း (၅၂)

အရိယာ သိသာနိုင်ပါ့မလား

အရိယာ သိသာနိုင်ပါ့မလား။ ဟုတ်ပါတယ် အရိယာဆိုတာ အခြားအသွင်သဏ္ဌာန်အားဖြင့် ဘာမှ သိပ်ထူးထူးခြားခြား ဖြစ်နေတာ မဟုတ်တော့ သိသာနိုင်တယ် ပြောဖို့ ခက်ပါတယ်။

ဥပမာ - အသားဖြူသွားရင် အသားတွေ ဖြူသွားတယ်၊ ကောင်းကင်ပျံနိုင်ရင်လည်း ကောင်းကင်ပျံနိုင်တယ် စသည်ဖြင့်ပေါ့။ အရိယာတွေဟာ မျက်လှည့်ပြမှာလည်း မဟုတ်ဘူး။

ဒီတော့ အရိယာ သိသာနိုင်ပါ့မလား။ ။ ဆိုတဲ့ မေးခွန်းကတော့ ပေါ်သင့်ပါတယ်။ ဒါပေမယ့် အရိယာတွေကတော့ အရိယာစကား ပြောလေ့ရှိတယ်၊ အဲဒါလေးတစ်ခု ထူးခြားပါတယ်။ ပုထုဇဉ်စကားကို သူတို့က သိပ်မပြောဘူး။ အရိယာစကား ပြောတယ်။ သူတို့ (၃၁) ဘုံပေါ်မှာ မြင်တဲ့အမြင်၊ တကယ့်အမြင်၊ တကယ့်ခံစားချက်၊ တကယ့်တရားအမှန်ကို ပြောတဲ့အခါဖြစ်စေ (ရယ်သလို မောသလိုဖြစ်စေ၊ ရာဇပရိယာယ် အသွယ်သွယ်ကို ကျယ်ကျယ်ပြန့်ပြန့် ဟန်ရေးပြတာမျိုးဖြစ်စေ အဲဒါတော့ မပြောလိုဘူးပေါ့) တကယ့် အမှန်တရားကို ဆွေးနွေးတဲ့ အခါ အရိယာတွေက အရိယာလေသံ ထွက်ပါတယ်။

(၃၁)ဘုံအပေါ်မှာ ထားရှိတဲ့သဘောထား။ (၃၁) ဘုံမှာ ကျင်လည်လို့ အလဟာသဖြစ်ပုံ၊ ရူပ်နမ်တွေအပေါ်မှာထားရှိတဲ့ သဘောထား၊ ရူပ်နာမ် မမှီခိုအပ်ပုံ အချည်းနှီးဖြစ်ပုံ၊ နိဗ္ဗာန်ဝင်စားသောအခါ ချမ်းသာပုံ၊ ဒီလို အရိယာသံတွေကတော့ တော်တော်လေးကို နာလို့ကောင်းပါတယ်။ လှုပတာပေါ့နော်။

နိဗ္ဗာန်ရဲ့ ကောင်းခြင်း၊ နိဗ္ဗာန်ရဲ့ အခြေအနေ၊ ရဟန္တာရဲ့ ကြည်ညိုဖွယ်ရာ ကောင်းခြင်း၊ ဝိပဿနာရဲ့ အနေအထားနဲ့၊ အရိယာဖြစ်ဖို့အတွက် ကျင့်စဉ်တွေကတော့ သူတို့က မြိုင်မြိုင်ဆိုင်ဆိုင်လည်း ပြောတတ်တယ်၊

ဖြာဖြာဝေဝေလည်း ပြောတတ်တယ်၊ အတွေ့အကြုံနဲ့ ယှဉ်ပြီးလည်း ပြောတတ်တယ်ဆိုတော့ **အရိယာက သိသာမလားဆိုရင် ဉာဏ်ပညာလေးနဲ့ ဝင်စားပြီး နာကြည့်ရင်တော့ သိနိုင်တဲ့အကြောင်းအရာတွေ မရှိဘူးလို့ ပြောလို့တော့ မရပါဘူး။**

ဒါပေမယ့် **အရိယာဆိုတာကလည်း** စောစောတုန်းက ပြောသလို **အတောင်ပံရှိတာလည်း** မဟုတ်၊ **လူကိုယ်နဲ့ကနေ ရေမွှေးတွေ** ထွက်နေတာလည်း **မဟုတ်** တော့ **အကဲခတ်ရတော့** ခက်ပါတယ်။

ဒါပေမယ့် **အပွေးမြင် အပင်သိဆိုသလို ကြာရိုးကြာစွယ်ကို ကြည့်ပြီး ရေအတိမ်အနက် မှန်းရသလို မျိုး မှန်းကြည့်ရင်တော့ သူ့ရဲ့ သဘောထား ခံယူချက်၊ ယုံကြည်ချက်၊ ဖွင့်ဆိုချက်တွေပေါ်မှာ မူတည်ပြီးတဲ့ နောက် အကဲဖြတ်မယ်၊ အကဲခတ်မယ် ဆိုရင်တော့ အနီးစပ်ဆုံး ဖြစ်နိုင်တဲ့အကြောင်းတော့ ပြောလိုပါတယ်။** ကြာရှည်ပေါင်းရင်တော့ **အတော်တော့ သိသာ**ပါတယ်။ **သူ့ရဲ့**လေသံ၊ **သူ**ကျင့်ကြံ**အား**ထုတ်ခဲ့တဲ့ **နည်း**လမ်း၊ **သူ**သိတာတွေ၊ **သူ**ယုံ**ကြည်**တာတွေ၊ **သူ**ပြောကွက်ဟောကွက်တွေ၊ **သူ**ရဲ့**ခံ**ယူ**ချ**က် **သ**ဘောထားတွေကို **လေ့**လာ**ရ**င် **အ**ရိ**ယ**ာ**တ**ွေ**က** **အ**ရိ**ယ**ာ**လို**ပဲ **ခ**ံ**စ**ား**ကြ**ပါ**တ**ယ်။

နောက် ကျွန်တော် ဘွဲ့ရပြီး အလုပ်လုပ်ပြီးတော့ ဆရာမြတ်ကြီးနဲ့ တွေ့တဲ့အခါကျတော့ ဆရာမြတ်ကြီးက

'တရားအားထုတ်ဖူးပါသလား?'

လို့ မေးခွန်းတစ်ခု မေးပါတယ်။ ကျွန်တော်က . . .

'အားထုတ်ဖူးပါတယ်၊ အားထုတ်ပြပါမယ်'

ဆိုပြီး ရှေ့တင်ပဲ တရားထိုင်ပြတယ်။ (ကျွန်တော် တတ်သလောက်ပေါ့)

အဲဒီအခါမှာ ဆရာမြတ်ကြီးက . . .

'အင်း. . . အဲဒါ ကြည့်နေတာပဲ၊ ရှုနေတာ မဟုတ်ဘူး၊ တရားဆိုတာ ရှုရတယ်'

နောင်သောအခါမှ ကျွန်တော် ရှုတာနဲ့ ကြည့်တာ အဓိပ္ပာယ် ကွာဟကြောင်း သိလာပါတယ်။

ကျွန်တော်က . . .

'တရား ရှုတတ်ချင်ပါတယ်'

လို့ တောင်းဆိုတဲ့ အခါမှာ ဆရာမြတ်ကြီးက . .

'ကဲ ကဲ ထိုင်၊ ရုပ်နာမ် နှစ်ပါး ခန္ဓာ ငါးပါး ဘုရားလှူ၊ ဟဒယကိုကြည့်၊ ဖြစ်ပေါ်လာတဲ့ တရား ဟာ ပျက်တာပဲ၊ ပျက်ရမယ်'

ဆိုပြီး အပျက်ကို ဖုံးလွှမ်းနေတဲ့ အဝိဇ္ဇာကို ထိုးဖောက်ဖို့အတွက် အရိယာဉာဏ်မျက်လုံးသဘော အသိပညာ ဉာဏ်မျက်လုံးကို ပေးပါတယ်။

ကျွန်တော် အဲဒီလို အသိပညာ ဉာဏ်မျက်လုံး ရတဲ့အခါကျ သြော်. . . ပျက်နေတဲ့ တရားတွေကို ဖုံးနေတဲ့ သဘာဝကို ရှုရမှာပါလားဆိုပြီး ကျွန်တော် အနိစ္စ ရှုလိုက်တော့ တဖြည်းဖြည်းနဲ့ ရှုရင်းရှုရင်းက ပိုကောင်းလာတယ်၊ လူကလည်း ပိုကြည်လင်လာတယ်၊ ပိုပေါ့ပါးလာတယ်။ အရှုခံတရားတွေကလည်း တဖြည်းဖြည်းနဲ့ ပိုပြီးလျော့လာပါတယ်။ (ဒီလိုသာပြောရတာ ကျွန်တော် နေ့ချင်းညချင်းတော့ မဟုတ်ပါဘူး။ တစ်ပတ်စ၊ နှစ်ပတ်စ၊ တစ်လစ၊ နှစ်လစပေါ့) နောက်ပိုင်းကျ တရားရှုရင် ကောင်းတယ် ဆိုတာ သိလာတယ်။

နောက်တစ်နေ့ကျ ဆရာမြတ်ကြီးက ရိုးသားကြိုးစားစွာ ရှုရင်း၊ ကျွန်တော်ကလည်း အခြေအနေကရင့်ကျက်လာတဲ့အခါကျ ရှုဆိုပြီး စိတ္တာနုပဿနာအကူးမှာ ဓမ္မာနုပဿနာပါ ဆက်ပြီးတော့ ဓမ္မသဘာဝလေးတွေ၊ နှုးညံ့တာလေးတွေကိုပါ ဆက်ရှုလိုက်တော့ ဆုံးသွားတဲ့ အခါ အဲဒါ နိဗ္ဗာန်ပဲဆိုပြီး မိန့်ပါတယ်။

'သြော် တရားရဲ့ အရသာဟာ ဘာနဲ့မှ မလဲနိုင်ဘူးဆိုတာ ဒါကိုး . . .'

ကျွန်တော်လည်း ဝမ်းသာသွားတာပေါ့။ တရားရှုလို့ အလွန်ကို ကောင်းသွားပြီဆိုတာ သိသွားတာ။ အဲဒီနေ့ကစပြီး ယနေ့ထက်တိုင် တရားအရသာကို ဘာ

နဲ့မှ မလဲခဲ့ပါဘူး။ တရားအရသာကို နေ့တိုင်းလိုပဲ ရှုနေတာ၊ ရင့်ကျက်လာတဲ့ အခါကျ ရှုရတာလွယ်ပြီးတော့ နိဗ္ဗာန်သွားရတာ မြန်လာပါတယ်။ အဲဒီလို ဖြစ်ရင်းနဲ့ အရိယာ ဖြစ်သွားခဲ့တာပါ။

ဆရာ့ရဲ့ စောင့်ရှောက်ကူညီမှုကြောင့် ဆရာခိုးမြင့်လို့ အရိယာ ဖြစ်သွားတာပါ။ (ဒါက ကျွန်တော် အတိုချုပ် ပြောတာပါ။ အရှည်လည်း ပြောတတ်ပါတယ်၊ အရှည်ပြောရင် သစ္စာဝါဒီတွေ စာလေးသွားမှာစိုးလို့) အရိယာ ဖြစ်တယ်ဆိုတာ အဲဒီလိုနည်းနဲ့ ဖြစ်သွားတာပါ။

တချို့က မဖြစ်သေးလို့ပါ၊ ဖြစ်တဲ့အခါကျရင် ကိုယ်တိုင် မငြင်းသာ မတတ်သာအောင် ထင်ရှားပြီးတော့ ချမ်းသာလွတ်မြောက်ပြီး နိဗ္ဗာန်ကြီးကို ကိုယ်တိုင်ကိုယ်ကျ တဝကြီးတွေ့ရတဲ့ သဘောရှိပါတယ်။ ဒါကြောင့် ကြိုးစားပါလို့ တိုက်တွန်းပါတယ်။

အပိုင်း (၅၄)

တရားအားထုတ်ခြင်းနှင့် အကြားအမြင်ပြဿနာ

တရားအားထုတ်တဲ့အခါ အကြားအမြင်က ပေါ်တတ်ပါတယ်၊ ပေါ်လည်း ပေါ်နိုင်တယ်။ စိတ်ဆိုတာက လောဘ၊ ဒေါသ၊ မောဟ (သို့) တဏှာ၊ မာန၊ ဒိဋ္ဌနဲ့ ယှဉ်တော့ နောက်ကျုတာပေါ့။ ရှုတဲ့အခါတော့ ကြည်တာပေါ့။ ကြည်တဲ့အခါ စိတ်မှာလည်း ရောင်ပြန် ပြန်ဟပ်တယ်။ ဒါက အဆင့်သိပ်မမြင့်ဘူး။ နောက် စိတ်ကို ရှုတဲ့ဉာဏ်မှာ အကြည်ဓာတ်ရတော့ အဲဒီအကြည်ဓာတ်နဲ့ ပေါ်လို့ရှိရင် ဒါက အဆင့်မြင့်ပါတယ်။

မြတ်စွာဘုရား လက်ထက်တော်တုန်းက အရှင် အနုရုဒ္ဓါ ဆိုတာ အကုန်မြင်တာပဲ။

'မြတ်စွာဘုရား ပရိနိဗ္ဗာန် မစံသေးဘူး၊ နိရောဓ သမာပတ် ဝင်စားတော်မူနေတယ်' စသည်ဖြင့် နောက်ဆုံး 'စတုတ္ထစျာန်မှာ ဝင်စားပြီးတော့ စိတ္တသခ်ါရ ဒုက္ခသစ္စာ အသခ်ါရိကနဲ့ ပရိနိဗ္ဗာန် ပြုတော်မူတယ်' ဒါ အရှင် အနုရုဒ္ဓါက အကုန်မြင်လို့ ညီတော်အာနန္ဒာကို မိန့်ဖူးတယ်လေ။

ဒီတော့ မြင်ပါတယ်။ အခု စလောင်းတွေ လွှင့်သလိုပါပဲ။ ဒါပေမယ့် တရားအားထုတ်တဲ့အခါ အမြင်ကုန်တော့ မလုံကအပဘူးလို့ သူတောကောင်းတွေက ဆုံးမတော်မူလို့ အမြင်ကို သိပ်လိုက်ဖို့တော့ အားမပေးပေမယ့် မြင်တတ်တဲ့သဘော ရှိပါတယ်။

မိမိလည်း မြင်ခဲ့တာပဲ။ အခုလည်း မြင်တာတွေကျ မြင်နေတာပဲ။ ဒါပေမယ့် တစ်ခုရှိတာက တကယ် လက်တွေ့ ကျင့်ကြည့်တဲ့အခါကျ တရားနဲ့ရှုရင်း မြင်တာမို့ တရားနဲ့ ပတ်သက်တာပဲ မြင်ပါတယ်။ ဒါတော့ ဝန်ခံပါတယ်။ တရားနဲ့ မပတ်သက်တာကတော့ သိပ်မအပ်စပ်ဘူးပေါ့နော်၊ ဒီသဘောတွေ ရှိပါတယ်။ ဒါလေး တစ်ခုကတော့ ထူးခြားနေတာပါ။ ဒါက ဗုဒ္ဓဘာသာရဲ့ အနှစ်သာရ တစ်ခုဆိုရင်လည်း မမှားဘူးပေါ့။

ဗုဒ္ဓဘာသာမှာ ဒီအဆင့်ဆိုရင်လည်း ကြွားချင်ဝါချင်တဲ့ သဘောသက်သက်တော့ မရှိတော့ဘူး။ အကြောင်းအကျိုးရှိလို့သာ မြင်ချင်မြင်မယ်၊ ကြည့်ချင်ကြည့်မယ်၊ ဆွေးနွေးချင်ဆွေးနွေးမယ်၊ ဒါ အကြောင်းအကျိုး ရှိလို့ပါ။ သစ္စာဝါဒီဆိုတာ ကြွားချင် ဝါချင်တဲ့ စိတ်ကတော့ ခပ်စောစောကပင် ပယ်သတ်ကြတာပါ။

ဘာလို့ ကြွားမှာလဲ။ ကြွားတယ်ဆိုတာ မရှိတာကို အရှိလုပ်ကြွားတာ၊ ဒါက မှားပါတယ်။ ရှိတာကိုပဲ ရှိတယ်လို့ ပြောရမှာပေါ့။ ဒီခေတ်ကြီးက ရှိတာကိုပြောမှ ခိုင်တာ၊ ဒါမှလည်း တကယ်ရှေ့လျှောက် ဆွေးနွေးတဲ့အခါ ခိုင်ခိုင်မာမာ သဘာဝယုတ္တိနဲ့ အကြောင်းအကျိုး ပြောနိုင်တာပေါ့။

ဒီတော့ ရှိတာကို ရှိတဲ့အတိုင်းပဲ ပြောကြပါတယ်။ သစ္စာဝါဒီလိုင်းမှာ၊ သစ္စာလိုင်းမှာ၊ မရှိတာကြီးကို အရှိလုပ်ပြီးတော့ ပြောရိုးထုံးစံတော့ မတွေ့ဖူးပါဘူး။

ကြားတာတော့ ကြားပါတယ်၊ မြင်လည်း မြင်ပါတယ် ကိုယ်တိုင်မြင်ခဲ့တာပဲ။ မြင်ဖူးနေတာ၊ မြင်ပါတယ်။

ဇော်ဂျီဖိုလ်ဝင်သားဆိုရင် ဇော်ဂျီဖိုလ်ဝင်သားကို ထိန်းသိမ်းနေတဲ့ ဇော်ဂျီတွေကို မြင်တွေ့တာနဲ့ မိမိကသိမ်းထား လိုက်တာပါ။ (သာသနာ လက်ဆင့်ကမ်းတဲ့ ရေစီးကြောင်းထဲပဲ သိမ်းထားလိုက်တာပါ) အခုလည်း

ရှိနေပါတယ်။ မကြည့်တာတော့ ကြာပြီပေါ့လေ။ ဒါပေမယ့် သိမ်းထားတာ ရှိနေပါတယ်။ တကယ် သာသနာအတွက် ကြိုးစားတဲ့ ပုဂ္ဂိုလ်တွေ မျှဝေခံစားခွင့် ရှိမှာပါ။

အပိုင်း (၁၁)

ထရားအားထုတ်ခြင်းနှင့် အကြားအမြင်ပြဿနာအဆက်

ဇော်ကျီဖိုလ်ဝင်သားနဲ့ ပတ်သက်လို့ မြင်ဖူးတာရယ်၊ စောင့်ရှောက်ရတာရယ်၊ စားသုံးတာ မှီဝဲတာရယ်တော့ အဆင့်ဆင့်တော့ ရှိမှာပေါ့လေ။ နောက် ဒီခေတ်က စွမ်းအင် (Energy Level) မှာဆိုတော့ ဒြပ်အနေနဲ့ ကြည့်လို့တော့ မရဘူးပေါ့။

ဥပမာ - သိပ်ထက်တဲ့ ဆေးဝါးတွေက ဒြပ်ကလေးနဲ့ ဖွဲ့ပြီးမှ စွမ်းအင်က အထဲထဲမှာ ပါတာကို။ ဇော်ကျီဖိုလ်ဝင်သား ကျတော့ ဒြပ်ကို မရှိတော့ဘူး။

စွမ်းအင်သက်သက်ဆိုတော့ နတ်သုဒ္ဓါတို့ ဘာတို့ စားသလို စိတ်နဲ့ ညွှတ်ပြီးတော့ မျိုချလိုက်တာနဲ့ အာဟာရဖြစ်သွားတာ။ (မိမိ ပြောဖူးပါတယ်၊ နတ်သုဒ္ဓါ ဆိုတာ ပါးစပ်နဲ့ စားရတာလည်းမဟုတ်၊ လက်နဲ့ ယူရတာလည်းမဟုတ်၊ စိတ်နဲ့ညွှတ်လိုက်တာနဲ့ အထဲမှာ အင်အား ဖြစ်သွားတာပါ။)

ဒါတွေကတော့ အင်မတန် နူးညံ့သိမ်မွေ့ နက်ရှိုင်းတဲ့ အပိုင်းတွေပါ။ ခံစားရတတ်ပါတယ်။ ဒါတွေက အရိယာတွေရဲ့ ဉာဏ်ပညာလောကမှာ အများကြီးရှိပါတယ်။ ကိုယ်တိုင်လည်း တွေ့ဖူးပါတယ်။

အခု စလောင်းတွေ ဘာတွေနဲ့ ကမ္ဘာရွာလေးတည်ဆောက်နေတာလည်း ရှိလို့ဖြစ်တာပေါ့။ အဲဒီလိုပါပဲ ဒြပ်တွေကတော့ ထုတ်လွှင့်လို့လည်း ရပါတယ်၊ ဖမ်းလို့လည်း ရပါတယ်။

ကာလနဲ့ ဌာနကတော့ တွဲနေတာပေါ့လေ။ အခုကတော့ ဌာနပဲ ရသေးတာ၊ ကာလကတော့ ကောင်းကောင်း မရကြသေးဘူး။ တကယ်တော့ တွဲနေပါတယ်။ အိုင်းစတိုင်း သီအိုရီမှာလည်း ကာလနဲ့ဌာန တွဲကြောင်းကို လေ့လာမိကြမှာပါ။

မြန်မာမှာလည်း 'ထန်းတစ်ဖျားလောက် နေရောက်ပြီတို့၊ တောင်စွယ် နေကွယ်တို့' ဆိုတာတွေဟာ

ကာလနဲ့ ဌာနကို ပေါင်းထားတဲ့ သဘောတွေပါပဲ (ဒါလွယ်ကူအောင် ပြောတာပါ)။

ဒီတော့ အကြားအမြင်ဆိုတာ ရှိပါတယ်၊ မြင်လည်း မြင်ဖူးပါတယ်။ သို့သော်လည်း ကြွားဝါဖို့တော့ မဟုတ်တဲ့အတွက် ဒီအရာတွေက မအပ်စပ်တဲ့ ကိစ္စတွေမှာတော့ သိပ်ဝင်စားလေ့မရှိကြတာ တစ်ခုပဲ ထူးဆန်းတဲ့ သဘောလို့ မိမိ နားလည်ခဲ့ပါတယ်။

ဒီတော့ စွမ်းအင်တွေ၊ ပါဝါတွေ ဆိုတာ ရှိတာပါပဲ၊ မမြင်ကြသေးလို့ပါ။

ဒီလိုပါပဲ ကိရိယာနဲ့ ကြည့်တော့လည်း တဖြည်းဖြည်းနဲ့ ပိုပြီးတော့ နူးညံ့တဲ့ အခြေခံဓာတ်တွေ မြင်သလို ဝိပဿနာ ကျင့်တဲ့အခါကျတော့လည်း အားကောင်းရင်ကောင်းသလို ပိုပြီးတော့ အံ့သြဖွယ်ရာ ကောင်းတာတွေနဲ့ နုစဉ်က မတွေ့ဖူးတာတွေ အများကြီး တွေ့နိုင်ပါတယ်။

အရာရာမှာ အခြေခံအမှုန်ဆိုတာတော့ ရှိတာပါပဲ။ အဲဒါ The Most Fundamental Substantial Elements ပါ။ ဒီအခြေခံအမှုန် ဖြစ်ဖို့အတွက် နောက်ခံကား လှိုင်းဂယက်ရှိသေးတယ်။

သူကတော့ Functional Wave of Background နောက်ခံကား လှိုင်းဂယက်ကို စုစည်းထားတာက *Potentia* လို့ ခေါ်တာပေါ့။

သူက ဖြစ်တန်ရာခြေ အလားအလာရှိမှုပဲ။ သူက ဖြစ်နေတာ မဟုတ်သေးဘူး။ ဖြစ်တန်ရာခြေ ရှိဖို့အတွက် အလားအလာ ရှိတာကို *Potentia* လို့ ခေါ်တာပေါ့။

ဒီတော့ သိပ္ပံမှာလည်း Dark Matter ဆိုတာ ရှိတယ်။ သူက အလွယ်တကူ မမြင်နိုင်ဘူး။ ဗုဒ္ဓဘာသာ မှာလည်း ကံပုန်းဆိုတာ ရှိတယ်။ ပုန်းအောင်းနေတဲ့ ကံတွေ မလာသေးဘူး၊ ပုန်းနေတာ တိုက်ဆိုင်ရင် လာတာပေါ့။ တိုက်ဆိုင်တိုင်း တိုက်ဆိုင်တိုင်း ဖြစ်ပေါ်လာတာ။

ဖြစ်ပေါ်လာတဲ့အခါ ဖြစ်တန်ရာခြေ အမျိုးမျိုးရဲ့ အကြောင်းအကျိုး တိုက်ဆိုင်မှုပေါ်မှာ မူတည်တယ်။ အဲဒါကို Action by Contact ခေါ်တာပေါ့။ သူတို့ အကြောင်းအကျိုး တိုက်ဆိုင်တော့ ဖြစ်လာတာ။ စကြဝဠာကြီးဟာ ဒီအတိုင်းပဲ ဖြစ်နေတာပါပဲ။ ရုပ်နာမ်တွေလည်း ဒီအတိုင်းဖြစ်နေတာ။

ဒီတော့ ဖြစ်ခြင်းအားလုံးရဲ့ နောက်ခံကား လှိုင်းဂယက် ခေါ်တဲ့ Functional wave of background ရဲ့ စုစည်းမှု *Potentia* ကို ရိုးရိုးက မမြင်နိုင်ဘူး။ ဒီအရိယာ ဉာဏ်မျက်လုံးနဲ့မှ မြင်နိုင်တယ်။

အဲဒီလို မြင်တဲ့အခါကျတော့ အရာရာရဲ့ ဖြစ်မယ့် သဘော အလားအလာလေးတွေကို တွေ့လာတဲ့အခါကျ

တော့ အနာဂတ်ကာလကို နည်းနည်းဖတ်နိုင်တာပေါ့။ အဲဒီကမ္မ နောက် ဖြစ်တန်ရာခြေရှိတဲ့အထဲကမ္မ အဖြစ်နိုင်ဆုံး အရာလေးတွေကို ပြန်ပြီး စုစည်းနိုင်တဲ့ စွမ်းရည်က တန်ခိုးပါပဲ။ အဲဒီ level ကျမှ စွမ်းအင်တွေနဲ့ စွမ်းရည်တွေက သိသာထင်ရှားလာတယ်။

ဒါကြောင့် ရိုးရိုးမံသစက္ခုနဲ့ မမြင်ရတဲ့ နောက်ခံကားတွေဟာ အများကြီးရှိပါတယ်။ နောက်ခံကားတွေကို မြင်ရင်းမြင်ရင်းနဲ့မှ ဌာန၊ ကာလတွေကို နည်းနည်းမြင်လာတာပါ။ အခု ကိရိယာကတော့ ဌာနကိုတော့ မြင်နိုင်တယ်၊ ကာလကိုတော့ မမြင်နိုင်ဘူး။ ကာလမြင်ဖို့အတွက်ကတော့ အရိယာဉာဏ်နဲ့ကျမှ ပိုပြီးတော့ စိတ်ချရကြောင်းသတင်းကောင်းပေးပါတယ်။

တကယ်တော့ ဗုဒ္ဓဘာသာဟာ အမှန်တရားရှာဖွေတဲ့ နေရာမှာ လွန်စွာအဆင့်မြင့်ပြီး၊ လွန်စွာနူးညံ့သိမ်မွေ့တဲ့ သဘောဖြစ်ပြီး၊ တကယ့် အနှစ်သာရ အတွင်းသဘောသစ္စာကို ထိုးဖောက်မြင်နိုင်တာကတော့ ဗုဒ္ဓဘာသာနည်းနဲ့ပဲဖြစ်တဲ့ အရိယာဉာဏ်တွေရဲ့ သတ္တိထူးပဲဖြစ်ကြောင်း ပြောကြားလိုပါတယ်။

အဲဒီသတ္တိထူးရှိရင် ဇော်ဂျီဖိုလ်ဝင်သားတို့ ဘာတို့ဆိုတာဟာ သိပ်ခက်ခဲနက်နဲတဲ့ အကြောင်းဆိုင်ရာတွေ မဟုတ်တော့ပါဘူး။ မြင်နိုင် သိနိုင်တဲ့ အရာတွေပဲဖြစ်

ဒေါက်တာချစ်ငယ် (ဒဿန)

ကြောင်း သတင်းကောင်းလေး ပါးလိုပါတယ်။ (ဇော်ဂျီ ဖိုလ်ဝင်သား အကြောင်းလည်း မိမိ စာတစ်စောင် ပေတစ်ဖွဲ့. အဖြစ်နဲ့ ရေးသားထားတာ ရှိပါတယ်။ ကျွန်ုပ် *လေ့လာမိသော ဇော်ဂျီဖိုလ်ဝင်သားနှင့်သိပ္ပံပညာ* စာအုပ်)

အပိုင်း (၅၆)

အရေအတွက်၌ အရည်အချင်း ကြောင်းလဲခြင်း

ဝိပဿနာသမားတွေ တချို့ကတော့ သဘောပေါက်ပါတယ်။ သမထသမားကတော့ သမထကျင့်လို့ ရှိရင် အရေအတွက်ကနေ အရေအတွက် တိုးပါတယ်။ ဘာမဆို ကျင့်ရင်တော့ တိုးတာပါပဲ။ ဒီခေတ်မှာ အားလုံးလည်း သိကြပါတယ်။ စကြဝဠာဆိုင်ရာ ဥပဒေသလိုပါပဲ၊ လေ့ကျင့်တဲ့အခါ တိုးတက်ပါတယ်။ **သမထကျင့်တော့ အရေအတွက် တိုးတာပေါ့၊ ဝိပဿနာကျင့်တဲ့အခါ အရည်အချင်း တိုးပါတယ်။**

အရည်အချင်းဘယ်လို တိုးသလဲဆိုတာ နီးစပ်အောင် ပြောရရင် ရေကိုအပူပေးတဲ့အခါ အရည်အချင်းတိုးသွားလို့ရှိရင် အခိုးအငွေ့ဖြစ်တယ်။ အရည်အချင်းမရောက်သေးလို့ ရှိရင်လည်း အပူဒီဂရီတက်တယ်၊ ဒါက အရေအတွက်ပါ။

အဲဒီလိုပဲ ဝိပဿနာကျင့်တော့ စိတ်ကို အနိစ္စနဲ့ ပွတ်တိုက်တဲ့အခါကျတော့ အောင်မြင်သွားလို့ရှိရင် ဉာဏ်ဖြစ်သွားတယ်။ ဒီတော့ စိတ်ကနေ ဉာဏ်ကို ပြောင်းလို့ရပါတယ်၊ ဒါ လေ့ကျင့်မှုပါပဲ။

စိတ်ကနေ ဉာဏ်ပြောင်းရင် ဉာဏ်ကျတော့ ဓမ္မဓိဋ္ဌာန်ကျတယ်၊ နိဗ္ဗာန်ကို တွေ့နိုင်တယ်။ အမြင့်ဆုံး၊ အမြတ်ဆုံး၊ အနှုံးညံ့ဆုံးသောဓာတ်ကို တွေ့နိုင်တယ်ဆိုတော့ ကျန်တာတွေကို တွေ့ဖို့အတွက် အခက်အခဲမရှိလှတော့တဲ့ သဘောပါပဲ။

ဒီတော့ အရေအတွက်ကနေ အရည်အချင်းကို ပြောင်းပါတယ်။ စိတ်ကနေလည်း အရိယာတို့ရဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ပြောင်းပါတယ်။

ပုထုဇဉ်နဲ့ယှဉ်တဲ့ လောဘ၊ ဒေါသ၊ မောဟနဲ့ယှဉ်တဲ့ စိတ်ကနေပြီးတဲ့နောက် အနိစ္စနဲ့ ပွတ်တိုက်လိုက်တဲ့အခါမှာ အရိယာတို့ရဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပြောင်းပါတယ်။

မင်ဉာဏ်၊ ဖိုလ်ဉာဏ် ပြောင်းသွားတော့ ရေကနေ အခိုးအငွေ့ ဖြစ်သကဲ့သို့ပါပဲ၊ ဒါ နှိုင်းခိုင်းပြတာပါ သိသာလွယ်အောင်လို့ ထပ်တူထပ်မျှတော့ မဟုတ်ပါဘူး။

အရိယာဖြစ်တဲ့အခါကျတော့ ဉာဏ်က အလွန်အဖိုးတန်သွားတယ်။ စိတ်လိုသိပေမယ့် စိတ်သိနဲ့ မတူတော့ဘူး၊ အမှန်ကို ထွင်းဖောက်သိတဲ့ ဉာဏ်ဖြစ်သွားတာပေါ့။ အဲဒီဉာဏ်ဟာ နိဗ္ဗာန်အထိ မြင်ပါတယ်။

(၃၁)ဘုံကြီးကို ခြေကန်ပြီး နိဗ္ဗာန်ထဲ စံဝင်သွားပြီးတော့ မျက်မှောက်ပြုတဲ့အခါမှာ နိဗ္ဗာန်ဓာတ်ကြီးရဲ့ ဂုဏ်ရည်တွေကိုလည်း ဝင်စားလို့ ရတာပေါ့။ အဲဒါကို ဖလသမာပတ် ဝင်စားတယ်လို့လည်း ခေါ်လို့ရပါတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ ဝင်စားတယ်ပေါ့နော်။ အဲဒီအခါမှာ ချမ်းသာခြင်းတွေကို တွေ့ရတယ်။

ဒါကြောင့် တရားကို ဘာနဲ့မှ မလဲတာပါ။ တရားအရသာဟာလည်း အားလုံးသော အရသာတို့ထက် အောင်မြင်တယ်ဆိုတာ ဒါပါပဲ။

ဒီတော့ အရေအတွက်ကနေ အရည်အချင်း ပြောင်းလဲအောင် ကြိုးစားကြဖို့ဆိုတာ ဗုဒ္ဓဘာသာတိုင်းရဲ့ တာဝန်လို ဖြစ်နေတာပါ။

ဝမ်းလည်းသာပါတယ်၊ တရားတွေကို ဝင်စားကြတာ။ ဂုဏ်လာည်းယူပါတယ်၊ လိုက်လည်း လိုက်စားကြပါ၊

ဒေါက်တာချစ်ငယ် (ဒဿန)

လေ့လည်း လေ့ကျင့်ပါ၊ လေ့လည်းလေ့လာပါ၊ ပြောပြ ပေးပါ့မယ်။

အရည်အချင်း ပြောင်းလဲသွားလို့ ရှိရင်တော့ စိတ်ကနေ အရိယာတို့ရဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ဖြစ်တယ် ဆိုတာ ခိုင်မာတဲ့ စကြဝဠာဆိုင်ရာ ဥပဒေသတစ်ခု ဓမ္မသဘာဝလေးကို ဖော်ပြလိုပါတယ်။

အပိုင်း (၅၇)

သစ္စာဝါဒီများ၏ ကျင့်ဝတ်

အမှန်တရားရှာဖွေတဲ့ သစ္စာဝါဒီများဖြစ်လာတော့ ကျင့်ဝတ်တစ်ခုကို တင်ပြချင်ပါတယ်။

'မှန်ပြီးတော့ အကျိုးရှိမယ် ဆိုရင် လုပ်ရဲ၊ ပြောရဲရမယ်' ဒါ ကျင့်ဝတ်ပါ။

မှန်နေတာပါ၊ အကျိုးလည်းရှိမယ်ဆိုရင် အားနာလို့ ဖြစ်စေ၊ တစ်စုံတစ်ခု အကြောင်းကို ငဲ့လို့ဖြစ်စေ မပြောဘူး ဆိုရင်တော့ ကျင့်ဝတ်ပျက်တာပေါ့။ ဒီတော့ အခွင့်အရေး ရှိတယ်လို့ အနည်းဆုံး ခံယူထားပါ။

'မှန်ရင် အကျိုးရှိရင် ပြောခွင့်ရှိတယ်' လို့ ကိုယ်က အခွင့်အရေးယူထားပါ။ မပြောချင်ရင်တော့ မပြောလို့ မဖြစ်နိုင်ဘူးလို့ မဆိုလိုပေမယ့် ပြောပိုင်ခွင့် ရှိတယ်ဆိုတာတော့ ကိုယ်က ခံယူသိမ်းပိုက်ထားရမှာ ဖြစ်ပါတယ်။ **မှန်လို့ အကျိုးရှိရင်တော့ ပြောရမှာပါပဲ။**

မြတ်စွာဘုရားကတော့ **'ဟုတ်ရာ မှန်ရာ အကျိုးရှိရာ ပြောပေါ့ကွာ'** လို့ ဒီလို ဆုံးမတော်မူခဲ့တော့ ဟုတ်တာတွေ မှန်တာတွေ အကျိုးရှိမယ်ဆို ပြောပေးရမှာ ဖြစ်ပါတယ်။ ပရိသတ်က လက်ခံတာ လက်မခံတာကတော့ တစ်ကဏ္ဍပါပဲ။ အမှန်အကန်ကတော့ အကျိုးရှိမယ်ဆိုရင် ပြောပေးရမယ်။

ပြောတတ်အောင်လည်း မှန်တဲ့လမ်းစဉ် ကျင့်တဲ့ ပုဂ္ဂိုလ်တွေမှာ လေ့ကျင့်ထားဖို့ လိုလိမ့်မယ်လို့ ယူဆပါတယ်။ ဘာကြောင့်လဲဆိုတော့ မှန်နေတာပဲ သူတို့ မသိဘူးလားလို့ ထားလို့မရတဲ့ ခေတ်ကြီး ဖြစ်နေတယ်။

မှားတာတွေကတောင် သူတို့က တစ်စုံတစ်ခု နေရာယူဖို့ ကြိုးစားနေတဲ့အခါမှာ မှန်တဲ့ ပုဂ္ဂိုလ်က မှန်ကန်သလို ရရရင့်ရင့် ပွင့်ပွင့်လင်းလင်းနဲ့ အကျိုးရှိရာ ရှိကြောင်းကို ပြောတတ်ဖို့ဆိုတာ လိုပါတယ်။

ဒါကြောင့် အမှန်ကိုဖော်ဆောင်တတ်ဖို့လိုကြောင်း ပြောလိုပါတယ်။

အမှန်တရားကြီးပဲ ဖော်ဆောင်စရာ မလိုပါဘူးလို့ အဲဒီလို စိတ်ပျက် လက်ပျက် လက်လျှော့ပြီးတော့ ဝိရိယ နည်းတာမျိုးက သစ္စာဝါဒီအဖို့ မဖြစ်သင့်ဘူးလို့ ယူဆ ကြောင်းကို တင်ပြလိုပါတယ်။

သစ္စာဝါဒီများ အမှန်တရားကို ဖော်ဆောင်ကြ ပါစို့။

အပိုင်း (၅၈)

"Life is like a pendulum swinging between tears and laughter." လို့ သရုပ်ဖော် တင်ပြကြတယ်။ "ငိုခြင်းနဲ့ရယ်ခြင်းဟာ တစ်လှည့်စီပဲ၊ အောင်မြင်ခြင်းနဲ့ မအောင်မြင်ခြင်းဟာလည်း တစ်လှည့်စီ ဖြစ်တတ်တယ်"။

ဒီလိုပါပဲ၊ အခါအခွင့်သင့်တဲ့အခါ နက္ခတ်ကြုံလို့ အကြောင်းအကျိုးညီရင် အောင်ပြီးတော့၊ မသင့်တဲ့အခါလည်း မအောင်ဘူးပေါ့နော်။

ဒီတော့ ဒါတွေကို ဖြတ်သန်းရင်းနဲ့ သွားရမှာဆိုတော့ ကိုယ်တရားရဖို့က အဓိကပါပဲ။ ဒါတွေကတော့ မှီခိုလို့မရဘူး။ ရုပ်နာမ်ဖြစ်နေတော့ (၃၁)ဘုံခရီးသည်တွေဟာ ဝမ်းနည်းတစ်ခါ ဝမ်းသာတစ်လှည့်၊ ဒီလိုပဲ မျိုးစုံတွေ့ကြုံရမှာ ဖြစ်ပါတယ်။

ဒီတော့ အောင်မြင်ခြင်းနဲ့ တွေ့ကြုံတဲ့အခါလည်း အောင်မြင်ခြင်းက နက္ခတ်မိပြီးတော့ အကြောင်းအကျိုးညီညွတ်သလို အောင်မြင်လာတာပဲ။ အောင်မြင်ပါတယ်၊ အောင်မြင်တယ်ဆို အောင်မြင်တာပဲ။ ဒီလိုပဲ မအောင်မြင်ဘူးဆိုရင်လည်း မအောင်မြင်တတ်ဘူး။ ဒီတော့ တရားရဖို့က အဓိကလို ဖြစ်နေတယ် သစ္စာဝါဒီမျှား၊ ဒါကြောင့် တရားရဖို့အတွက် တာစူရမယ်၊ ဘဝ အသက်ရှင်တာဟာ တရားရဖို့ပါ။

တရားရမှ နိဗ္ဗာန်ရောက်မှာ၊ နိဗ္ဗာန်ရောက်မှ ဒုက္ခကလွတ်မှာ။ မြတ်စွာဘုရားက ဒုက္ခက လွတ်စေချင်တယ်၊ နိဗ္ဗာန် ရောက်စေချင်တယ်။

'ချစ်သားတို့ ရဟန်းကိစ္စမပြီးသမျှ စိတ်မချရဘူး၊ အပြစ် မလွတ်ဘူး' လို့ မိန့်တော်မူဖူးတယ်။

ဒီတော့ နိဗ္ဗာန်က သိပ်အရေးကြီးပါတယ်။ နိဗ္ဗာန်ရမှ၊ နိဗ္ဗာန်သိမှ၊ နိဗ္ဗာန်တွေ့မှ၊ အခုတော့ နိဗ္ဗာန်မရောက်ချင်ဘူး ဆိုတာက ဗုဒ္ဓဘာသာကို ဆန့်ကျင်ပြီးပြောသလိုဖြစ်နေတယ်။ တကယ်လည်း နိဗ္ဗာန်အကြောင်းလည်း မသိဘဲနဲ့၊ နိဗ္ဗာန် ဆိုတာက *'နိ၀ါန ဘ၀ါ ဘ၀ံ ၀ိနနတောဝါနံ ဝုစ္စတိ တဏှာ'* လို့ ဆိုတယ်။

တကယ်တော့ တဏှာအစေးက ကင်းရာကုန်ရာချုပ်ရာပါပဲ။ တဏှာရဲ့ အရှင်သခင် ဖြစ်သွားပြီးတဲ့နောက် အောင်မြင်မှု သရဖူကို ရယူတာ၊ ရုပ်နာမ်ကို အောင်ပွဲခံတာ၊ လောကခံကို အောင်ပွဲခံတာ၊ (၃၁)ဘုံကို အောင်ပွဲခံတာ၊ လူဖြစ်ရကျိုး နပ်ပြီးတဲ့နောက် မြတ်စွာဘုရားရဲ့ သားတော်အစစ်ဖြစ်သွားတာဟာ နိဗ္ဗာန်စံခြင်းရဲ့ အကျိုးပါပဲ။

ဒါကြောင့် သစ္စာ၀ါဒီများ ကြိုးစားကြပါ၊ အားပေးနေပါတယ်။

အပိုင်း (၅၉)

သာသနာနဲ့ ပတ်သက်လို့ရှိရင် နိဗ္ဗာန်အကြောင်း ပြောရမယ်၊ ရဟန္တာအကြောင်း ပြောရမယ်၊ အရိယာ အကြောင်း ပြောရမယ်၊ ဝိပဿနာ စစ်မှန်ကြောင်း ပြော ရမယ်၊ (၃၁)ဘုံကို ခြေကန်တဲ့အကြောင်း ပြောရမယ်။ ဒါမှ ဗုဒ္ဓဘာသာဟာ အမှန်အကန်လည်း ဖြစ်တယ်၊ နက် လည်း နက်ရှိုင်းတယ်၊ လေးလည်း လေးစားလောက် တယ်။

အမှန်ရှာဖွေနေကြသော သစ္စာဝါဒီများ၊ အခြားသော တရားလိုက်စားသောပုဂ္ဂိုလ်များ မသိတဲ့ အကြောင်းအချက် အချို့ကို မကြာခဏ ဖော်ပြပေးပါတယ်။ အခုလည်း ဖော်ပြပါဦးမယ်။ တချို့ တရားလိုက်စားသော ပုဂ္ဂိုလ်များက စိတ်နဲ့ဉာဏ်ကို မကွဲကြဘူး။

စိတ်ဆိုတာ ပျက်တယ်၊ ဉာဏ်ဆိုတာ တိုးတက်အောင် တည်ဆောက်ရတယ် ဆိုတာလည်း နားမလည်ကြဘူး။ ဉာဏ်ဟာ စိတ်ကို ပိုင်းခြားနိုင်တယ် ဆိုတာလည်း မသိကြဘူး။ နိဗ္ဗာန်ကို စံဝင်တဲ့အခါ စိတ်မပါဘဲ ဉာဏ်နဲ့ ဖလသမာပတ်ဝင်စားတယ် ဖိုလ်ဉာဏ်ပဲဆိုတာ မသိကြဘူး။ ဖိုလ်ဉာဏ်ဟာ စိတ်လိုပဲ သိတော့ သိတတ်တယ် ဆိုတာလည်း မသိကြဘူး။ ဖိုလ်ဉာဏ်သိတာက ဓမ္မမိဌ္ဌာန်ကျတယ်။ စိတ်သိတာက လောဘ၊ ဒေါသ၊ မောဟနဲ့ တွဲသေးတယ်ဆိုတာ မပိုင်းခြားနိုင်ဘူး။ စိတ်ဟာ သန်တ
ဂ ဂ ဂ ၄ ဂ ဂ ဂ ဝ
နယပယက၊ ဉာဏ်က အသခတဘက ရောကတယ်ဆို တာကိုလည်း ဂယနဏ မသိကြဘူး။

စိတ်ဟာ လောကီပဲ၊ ဖိုလ်ဉာဏ်ကျမ္ဘလောကုတ္တရာ ဖြစ်တယ်ဆိုတာ မသိကြဘူး၊ တော်တော်ကို မသိကြဘူး။

လောကီဆိုတာ ပျက်တယ်၊ လောကုတ္တရာဆိုတာ အပျက်မှလွန်တယ် ဆိုတာကို မေ့နေကြတယ်။ သခ်ၤတ ဆိုတာ ပြုပြင်တယ်၊ အသင်္ခတဆိုတာ မပြုပြင်ဘူး ဆိုတာကို မေ့နေကြတယ်။ အလေးအနက် သဘောမထားကြဘူး။ ဒါကြောင့် စိတ်နဲ့ ဉာဏ်ကိုလည်း မကွဲကြဘူး။

ဉာဏ်နဲ့စိတ်ကို အပျက်ရှုလိုက်ပြီးတဲ့နောက် ဆုံးသွားလို့ရှိရင် ဉာဏ်က နိဗ္ဗာန်ကို ပြေးဝင်တယ် ဆိုတာလည်း နားမလည်ကြဘူး။ အဲဒီဉာဏ်က နိဗ္ဗာန်ကို ပြေးဝင်တဲ့အခါ နိဗ္ဗာန်ရဲ့ ဂုဏ်ရည်တွေကို ဉာဏ်က ထိုးထွင်းသိတယ် ဆိုတာလည်း နားမလည်ကြဘူး။

အဲဒီဉာဏ်က ခန္ဓာမှာ ပြန်ဦးစီးပြီးတဲ့နောက် ရုပ်နာမ်နဲ့ နိဗ္ဗာန်တွေ့တဲ့ အကျိုးအကြောင်းတွေကို သညာနဲ့ နှုတ်ကနေ ပြန်ပြောနိုင်တယ် ဆိုတာလည်း သဘောမပေါက်ကြဘူး။ သူတို့သဘောမပေါက်တာတွေ အများကြီး ရှိသေးတယ်။ ပြောလို့ရှိရင်လည်း လန့်ဖျပ်ကုန်မှာ စိုးလို့ မိမိက မပြောသေးဘဲနဲ့ ထားတာ။

တကယ်တော့ ဉာဏ်အရာတွေက အင်မတန်နက်ရှိုင်းတယ်။ ဉာဏ်နဲ့ဆိုရင် ကမ္ဘာကို ယှဉ်နိုင်တယ်။ စိတ်နဲ့

ဆိုရင် ကမ္ဘာကို မယှဉ်နိုင်ဘူး။ ဉာဏ်ကတော့ လောကုတ္တရာဉာဏ်ဖြစ်တော့ ကမ္ဘာက မတွေ့သေးဘူး။

သိပ္ပံက အက်တမ်ကိုတွေ့တယ်၊ နျူကလီးယား(စ်)ကို တွေ့တယ်၊ အီလက်ထရွန်ကို တွေ့တယ်၊ ကွာ့ဒ်ကို တွေ့တယ်၊ ဘလက်ဟိုး(လ်)ကို တွေ့တယ်၊ (Big Bang) ကို တွေ့တယ်၊ Origin of the Universe ကို တွေ့တယ်၊ Singularity ကို တွေ့တယ် ဆိုကြပါစို့။

ဗုဒ္ဓဘာသာကလည်း နိဗ္ဗာန်ကိုတွေ့တယ်၊ ဉာဏ်ပညာကို တွေ့တယ်၊ ဉာဏ်နဲ့ နိဗ္ဗာန်ကို ဝင်စားတဲ့အခါမှာ ထူးခြားတဲ့ ဉာဏ်ရဲ့ အသိတွေဟာ နိဗ္ဗာန်ဆီမှ ရတယ်။ နိဗ္ဗာန်မှာ ငြိမ်းအေးတယ်၊ ချမ်းသာတယ်၊ ကင်းဆိတ်တယ်၊ လွတ်မြောက်တယ်ဆိုတဲ့ သဘောတွေကို ဉာဏ်က ထိုးထွင်းသိတယ်။

သိပ္ပံပညာရှင်တွေက စကြဝဠာအကြောင်းကို လေ့လာသလို သစ္စာရှာမှီးတဲ့ပုဂ္ဂိုလ်တွေက နိဗ္ဗာန်အကြောင်းကို လေ့လာတယ်။ သာသနာနဲ့ ပတ်သက်လို့ရှိရင် နိဗ္ဗာန်အကြောင်း ပြောရမယ်၊ ရဟန္တာအကြောင်း ပြောရမယ်၊ အရိယာအကြောင်း ပြောရမယ်၊ ဝိပဿနာစစ်မှန်ကြောင်း

ပြောရမယ်၊ (၃၁)ဘုံကို ခြေကန်တဲ့အကြောင်း ပြောရမယ်။ ဒါမှ ဗုဒ္ဓဘာသာဟာ အမှန်အကန်လည်းဖြစ်တယ်၊ နက်လည်း နက်ရှိုင်းတယ်၊ လေးလည်း လေးစားလောက်တယ်၊ လှူရှုသေ နတရှုသေပါ။

ဗုဒ္ဓဘာသာကို ကကြီးရေကပဲ ရှိပါတယ်လို့ ပြောနေရင်တော့ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ဖြစ်မယ်၊ ဗုဒ္ဓဘာသာကို ချီးနှိမ်ရာကျမယ်။ ဗုဒ္ဓဘာသာကို မတိုးတက်ရဘူးလို့ သတ်မှတ်ရာကျမယ်၊ အမှန်လည်း မဟုတ်ဘူး။ အခြားသော ပေါက်မြောက်အောင် ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း တန်ဖိုးမဲ့ လုပ်ရာကျတယ်။ ကိုယ်က ဘာမှမသိဘဲနဲ့ လျှောက်ပြောလို့ မရဘူး။

ဥပမာ - ကွန်ပျူတာလေ့လာတဲ့ ပုဂ္ဂိုလ်ဟာ ကွန်ပျူတာကျွမ်းတာပဲ၊ ဒါကို ဝန်ခံရမယ်။ အားကစား လေ့လာတဲ့ ပုဂ္ဂိုလ်ကလည်း အားကစား ကျွမ်းတာပဲ၊ ဒါကို ဝန်ခံရမယ်။

စီပွားရေးလေ့လာတဲ့ ပုဂ္ဂိုလ်ကလည်း စီးပွားရေး ကျွမ်းတာပဲ၊ နိုင်ငံရေးလေ့လာတဲ့ ပုဂ္ဂိုလ်ကလည်း နိုင်ငံရေး တတ်သိနားလည်တာပဲ။

အဲဒီလိုပဲပေါ့၊ ဝိပဿနာလေ့လာတဲ့ ပုဂ္ဂိုလ်ကလည်း ဝိပဿနာ ထူးခွန်တာပေါ့။ သူလေ့လာရာ သူထူးခွန်တာပဲလေ။ Practice makes perfect ဆိုတဲ့စကားအတိုင်းပဲ။

အခုတော့ ကိုယ်လေ့လာရာ ကိုယ်ထူးခွန်တာကို သူများက အသိအမှတ်ပြုပေးတာပေမယ့် သူများ လေ့လာတဲ့ အခါကျတော့ ကိုယ်က မတတ်တဲ့အခါကျတော့ မဟုတ်နိုင်ဘူးလို့ တစ်ဇွတ်ထိုးကြီး ပြောနေတာတော့ သဘာဝလည်းမကျဘူး၊ မှန်လည်းမမှန်ဘူး၊ ယထာဘူတလည်း မကျဘူး၊ အကြောင်းအကျိုးနဲ့လည်း မအပ်စပ်ဘူး။ အတ္တ သိပ်ကြီးရာကျတယ်၊ မာန သိပ်ကြီးရာကျတယ်၊ ကမ္ဘာသိပ်ကျဉ်းရာကျတယ်။

ကိုယ်လေ့လာရာ ကိုယ်တော်မှာပဲ၊ တော်နေကြတာပဲ၊ သူလေ့လာရာ သူတော်မှာပဲ၊ တော်နေကြတာပဲ။ ဒီလိုပါပဲ လေ့လာရာ တော်နေကြတာပဲ။

ဝိပဿနာအကြောင်း လေ့လာတဲ့အခါကျတော့ မြတ်စွာဘုရားရဲ့ တရားတော်တွေအကြောင်းကို အကုန်သိတာပေါ့။ အခုတော့ဗုဒ္ဓဘာသာကို ပုံပြင်လို သဘော

ထားနေတာကို ရင်နာစွာနဲ့ လက်ခံနေရတာ မကောင်းပါဘူး။ ဗုဒ္ဓဘာသာဟာ လက်တွေ့ကျင့်ကြံ အားထုတ်တယ်။

ဒါကြောင့် လက်တွေ့ကျင့်တဲ့ လက်တွေ့သုတေသနလုပ်တဲ့ သိပ္ပံဟာ ကမ္ဘာကို လွှမ်းတယ်ဆို လွှမ်းပါ။ သို့သော် ဗုဒ္ဓဘာသာလည်း လက်တွေ့ကျင့်တယ်ဆိုတာကို မမေ့အပ်ဘူး။

ကမ္ဘာကြီးဟာ တိုးတက်တယ်ဆိုတာလည်း တိုးတက်တယ်လို့တော့ ခံယူပါ။ ဒါပေမယ့် မြန်မာတွေဟာ မတိုးတက်ဘူးလို့ မနှိမ်ကောင်းကြောင်း သတင်းကောင်းလေး ပေးပါတယ်။

ဗုဒ္ဓစာပေဆုရ
ဒေါက်တာချစ်ငယ် (ဒဿန)

မြတ်စာပေမှ ဖြန့်ချိသည့် ဒေါက်တာချစ်ငယ်(ဒဿန)၏ မြန်မာဘာသာဖြင့် ရေးသားထားသော "ဗုဒ္ဓဘာသာထဲက အောင်မြင်သော ဘဝတစ်ခု" စာအုပ်နှင့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော "A Successful Life in Buddhism" စာအုပ်တို့ ထွက်ရှိလာပါပြီ။

"အကြင် ပုဂ္ဂိုလ်တစ်ဦးသည် ဗုဒ္ဓဘာသာကို ကျင့်ကြံအားထုတ်လျှင် ထိုပုဂ္ဂိုလ်သည် အောင်မြင်သော ဘဝတစ်ခုကို ရရှိပိုင်ဆိုင်နိုင်ကြောင်း သက်သေသာဓကအဖြစ် ဖော်ပြလိုရှိဖြစ်ပါသည်" ဟု အမှာစာတွင် ရေးသားထားသည်။

ဗုဒ္ဓဘာသာကို လေ့လာလိုသူများအတွက် ဖတ်ရှုသင့်သော စာအုပ်ကောင်းများ ဖြစ်ပါသည်။

ထွက်ပြီ

ဗုဒ္ဓစာပေဆုရ

ဒေါက်တာချစ်ငယ်(ဒဿန)

ဝိပဿနာအားထုတ်ရန်
အခြေခံအချက်အလက်များ

* လက်တွေ့ကျင့်စဉ်လုပ်ငန်းခွင်
  တရားလက်တွေ့ထိုင်ကြည့်ကြရအောင်
* သေခြင်းတရားကို ရင်ဆိုင်သောအခါ
* ကမ္ဘာကကျွန်တော်တို့ရရှိထားတဲ့
  သီလ၊ သမာဓိ၊ ပညာကို မရရှိနိုင်ဘူး
* နိဗ္ဗာန်သည်အမှန်ရှိပါသည်
* ပုထုဇဉ်နှင့်အရိယာကွဲပြားခြားနားပုံ
  ဘဝအာမခံချက်
* တရားအားထုတ်ခြင်းနှင့်အကြားအမြင်
* အရိယာသီသာနိုင်ပါ့မလား
  အရိယာဘယ်လိုဖြစ်မလဲ